# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၉ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၀၈)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သို့ရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Nino Aquino အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်
(သတင်းစဉ်)

**မနီလာ မေ ၂၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၂၉ ရက်တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မနီလာမြို့သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီး Ms. Paulyn Jean B. Russel Ubial၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကြိုတင်ရောက်ရှိနေသည့်

စာမျက်နှာ ၃ ကော်လံ ၁ ❄

## ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအစိုးရအား အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူရန် အတည်ပြု

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် မေခရိုစီးပွားရေး တည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာခံနိုင်ရည်ရှိမှု ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအစိုးရအား အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူရန် အတည်ပြုလိုက်ကြောင်း ကမ္ဘာ့ဘဏ်က မေ ၂၇ ရက်က ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘဏ်၏ကူညီမှုဖြင့် ဆောင်ရွက်မည့် ယခုလုပ်ငန်းစဉ်တွင် စီးပွားရေး စီမံခန့်ခွဲမှုများ ခေတ်မီတိုးတက်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဓိကကျသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပါဝင်ပြီး လက်ရှိ စိန်ခေါ်မှုများဖြစ်သည့် ငွေကြေးဖောင်းပွမှု၊ ပြည်သူ့ကြွေးမြီခံနိုင်ရည်ရှိမှုနှင့် အစိုးရ၏အသုံးစရိတ်နှင့် အခွန်ကောက်ခံမှုများ ထိရောက်မှုစသည်တို့ကို

စာမျက်နှာ ၄ ကော်လံ ၁ ❍

## ပြန်လည်အခြေချ အိမ်ရာပေါင်း ၁၅၀၀၀ ကို ဂျေရုဆလင်၌ တည်ဆောက်ရန် အစ္စရေးပြင်ဆင်

စာ » ၁၀


edexcel Approved Center 95873
ENROLL NOW
Hot Line
09-254 200 234
09-444 646 664
EMPS INTERNATIONAL SCHOOL
Simple way to Brighter Future
PEARSON
- Pre-School (2 ½ to 5 Yr )
- edexcel (Primary 1 - 6)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes
နိုင်ငံတကာအတန်း နှင့် မြန်မာကျောင်းအတန်း တစ်ပြိုင်နက် ရနိုင်မည့်အခွင့်အလမ်း

# တားဆီးရမည့် အမုန်းစကားများ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။ ကိုးကွယ်ယုံကြည်ရာဘာသာ နှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများကြား မတူကွဲပြားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ထို့အပြင် တိုင်းပြည်၏ဖြတ်သန်းခဲ့သောသမိုင်းကြောင်းနှင့် ပထဝီဝင် အနေအထားတို့အရ ဘာသာမတူ၊ လူမျိုးကွဲပြားသော အိမ်နီးချင်းမျိုးနွယ်တို့ တိုင်းပြည်အတွင်း အခြေချနေထိုင်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးစုများ အပါအဝင် အခြေချနေထိုင်ကြသော မျိုးနွယ်စုတို့အကြား ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးသည် ပြည်ထောင်စု၏ တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

တိုင်းပြည်၏ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုပြန်လည်သုံးသပ်ပါက နိုင်ငံရေးမတည်မငြိမ်ဖြစ်သော ကာလမျိုးတွင် အဖျက်အမှောင့်အင်အားစုတို့၏ သွေးထိုး၍လှုံ့ဆော်မှုကြောင့်ဖြစ်ပွားသော ပဋိပက္ခများမှလွဲ၍ ကျန်သမိုင်းကြောင်းတစ်လျှောက်လုံးတွင် ဘာသာမတူ၊ လူမျိုးကွဲပြားသော ပြည်သူတို့ကြား ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မှုအား ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ သို့သော် ဤသမိုင်းအမှန်တရားကို လျစ်လျူရှု၍ ရခိုင်ပြည်နယ်ပြဿနာကို အကြောင်းပြုလျက် မြန်မာနိုင်ငံအား ဘာသာ၊ လူမျိုးမတူကွဲပြားမှုကို နားလည်လက်ခံမှု မပြုနိုင်သောနိုင်ငံအဖြစ် အဖျက်အမှောင့်အင်အားစုတို့က ပုံဖျက်တိုက်ခိုက်နေခြင်းသည် ခွင့်မလွှတ်ထိုက်သော ပြစ်မှုကိုကျူးလွန်နေခြင်း ဖြစ်ပါသည်။

အဖျက်အမှောင့်အင်အားစုတို့က ဤကဲ့သို့ ပုံဖျက်တိုက်ခိုက်ရာ၌ အမုန်းစကားတို့ကို ပြောဆိုဖြန့်ဝေမှုသည် အဓိကလက်နက်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ အမုန်းစကားတို့ပြောဆိုဖြန့်ဝေမှုကို တားဆီးနိုင်ရေးသည် ပြည်ထောင်စု၏ အရေးကြီးသောလိုအပ်ချက်ဖြစ်ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမုန်းစကားပြောဆိုဖြန့်ဝေမှုများကို တားဆီးကာကွယ်ရန် နိုင်ငံတကာ၏ အကြံပြုချက်များရယူရေးဆွဲနေပြီး လွှတ်တော်တွင် အတည်ပြုနိုင်ရေး ဆောင်ရွက်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံတချို့တွင် ဤကဲ့သို့သော ဥပဒေမျိုးပြဋ္ဌာန်းကျင့်သုံးသည်ကို ထောက်ချင့်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် အလားတူဥပဒေမျိုး ပြဋ္ဌာန်းကျင့်သုံးရန် လမ်းညွှန်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် ဒီမိုကရေစီနိုင်ငံများ၏ အမုန်းစကားကိစ္စရပ်များနှင့် ပတ်သက်သော အကြံပြုချက်များကိုစုစည်း၍ ဥပဒေမူကြမ်းရေးဆွဲနေသည်မှာ တတိယအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံပါက လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့၏ အတည်ပြုချက်ကိုရယူ၍ ထိုမှတစ်ဆင့် လွှတ်တော်၏ ဆွေးနွေးဆုံးဖြတ်အတည်ပြုချက်ကို ရယူသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စု၏ဂုဏ်သိက္ခာနှင့် တည်ငြိမ်အေးချမ်းမှုကို ထောက်ပံ့ပေးမည့် အဆိုပါအမုန်းစကား တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ကြိုဆိုကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

## ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်သည် နယူးဇီလန်သံအမတ်ကြီး H.E.Mr.Steve Marshall အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေကြမ်းကော်မတီဖွဲ့စည်းထားရှိမှု၊ ဥပဒေပြုရေးကိစ္စရပ်များ၊ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာ-နယူးဇီလန် လွှတ်တော်ဖွဲ့စည်းပုံ၊ ကော်မတီဖွဲ့စည်းပုံများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစဉ်များ သွားရောက်လေ့လာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၈

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် နယူးဇီလန်သံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံစဉ် နယူးဇီလန်နိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များ၊ နယူးဇီလန် နိုင်ငံ့ဝန်ထမ်းစနစ်အတွင်း နိုင်ငံရေး အရ ခန့်အပ်မှုဆိုင်ရာများ၊ ယင်းတို့နှင့် ဆက်နွှယ်သည့် မူဝါဒစည်းမျဉ်းများနှင့် နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင် ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို မေလဒုတိယပတ်အတွင်း သွားရောက်လေ့လာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် ညွှန်ကြားရေးမှူး ဒေါ်သက်သက်ကျော်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



လောက်ကိုင်ဒေသအပါအဝင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှေ့တန်းနယ်မြေများတွင် ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဧပြီ ၂၈ ရက်က ရမည်းသင်းမြို့နယ် ရွှေမြင်တင်စေတီတော်အနီး နှင့် ရန်ကုန်-မန္တလေးကားလမ်းမတစ်လျှောက်တွင် တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မိသားစုဝင်များ နှင့် ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုဂုဏ်ပြုကြစဉ် ချမ်းသာ (မိတ္ထီလာ )

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၈-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ · ၂၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ · ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁ · ၉၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ ရှေ့ဖုံးမှ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် တာဝန်ရှိသူများက Nino Aquino အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Manila Diamond Hotel သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြပြီး နာနတ်နှင့် ငှက်ပျောမျှင်တို့ဖြင့် ဖိလစ်ပိုင်ရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်များ ရက်လုပ်သည့် ရက်ကန်းသရုပ်ပြပွဲကို လေ့လာကြည့်ရှုသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc တို့သည် ခေတ္တတည်းခိုသည့် Manila Diamond Hotel ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ နှစ်နိုင်ငံဆက်ဆံရေး အဆင့်မြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးချဲ့သွားရေး၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ္တတည်းခိုသည့် Manila Diamond Hotel ၌ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နာနတ်နှင့် ငှက်ပျောမျှင်တို့ဖြင့် ဖိလစ်ပိုင်ရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်များ ရက်လုပ်သည့် ရက်ကန်းသရုပ်ပြပွဲကို လေ့လာကြည့်ရှုစဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်သို့ ထွက်ခွာ

**နေပြည်တော် ဧပြီ ၂၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဧပြီ ၂၉ ရက်တွင်ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧပြီ ၂၉ ရက်တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီနှင့် သီးသန့်အစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်မည်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပမည့် အာဆီယံနိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များ ညီလာခံ၏ ကိုယ်စားလှယ်များတွေ့ဆုံပွဲ၊ အာဆီယံနိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူငယ်များ ကိုယ်စားလှယ်များ တွေ့ဆုံပွဲများသို့ တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာစဉ်** (သတင်းစဉ်)



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Gatow ဒေသရှိ Military Historical Museum ၌ လေ့လာ

နေပြည်တော် မေ ၂၈

ဂျာမနီနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ Gatow ဒေသရှိ Military Historical Museum ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ Military Historical Museum ၌ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် စစ်ဘက်လေယာဉ်များနှင့် ဂျာမနီနိုင်ငံ၏ စစ်သမိုင်းဆိုင်ရာအချက်အလက်များကို ပြသထားရှိကြောင်း သိရှိရသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဘာလင်မြို့အတွင်းရှိ ဘာလင်တံတိုင်း၊ Check Point Charlie နှင့် Brandenburger Tor စသည့် ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ရာ အထင်ကရနေရာများအား လေ့လာကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဘာလင်မြို့ Friedrich Ebert Stiftung-FES သို့ ရောက်ရှိရာ Executive Director ဖြစ်သူ Dr. Roland Schmidt က FES ဌာနချုပ်၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံကာ FES ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒေသစံတော်ချိန် ည ၇ နာရီတွင် ဂျာမနီတပ်မတော် စစ်ဦးစီးချုပ် General Volker Wieker က MS Arcona ရေယာဉ်ပေါ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်စဉ်အတွင်း ရေယာဉ်အား ဘာလင်မြို့ Spree မြစ်ကြောင်း တစ်လျှောက် မောင်းနှင်ကာ ဘာလင်မြို့၏ သာယာလှပမှုများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျာမနီနိုင်ငံ ဘာလင်မြို့ Gatow ဒေသရှိ Military Historical Museum ၌ ကြည့်ရှုလေ့လာစဉ်**

# အမျိုးသားစာပေဆု ၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေး၊ မြန်မာ့ဒီမိုကရေစီ ရက်သတ္တပတ်ပွဲတော်နှင့် ငြိမ်းချမ်းရေးဂီတပွဲတော် လုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ ပြီး ဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် ဆုရွေးချယ်ရေး စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာစွာ ဆောင်ရွက်ရေး၊ ဆုရွေးချယ်ရာတွင် ပြည့်စုံသည့် မှတ်ချက်ရှိရေး၊ ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးကြပြီး အများသဘောတူ ဆုံးဖြတ်ဆောင်ရွက်ရေးနှင့် ဆုရွေးချယ်ရာတွင် လိုအပ်သည့်ကိစ္စအဝဝကို မိမိတို့ဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။**

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ကော်မတီအတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုသကျော်ဝင်း)နှင့် အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး)တို့က စာပေဆု ရွေးချယ်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်တွင် ပြသမည့် နိုင်ငံအကျိုးပြုဇာတ်ကားနှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးရေးအတွက် သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကို ဒီမိုကရေစီနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတ ပညာရှင်များ၏ ဂီတဖျော်ဖြေပွဲများ၊ ပြဇာတ်၊ အငြိမ့်နှင့် ပဒေသာကပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအကျိုးပြု ဇာတ်ကား ငါးကားနှင့် ရုပ်သံဇာတ်လမ်းတွဲများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော်(Peace Music Festival)၊ ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ဂီတအစည်း အရုံး(ဗဟို)မှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အနုပညာဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ၏ အသံစစ်ရွေးချယ်မှုများကို လာမည့် မေလ တတိယပတ်မှစတင်၍ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ ကလေး၊ စစ်တွေ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့တို့တွင်ကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

○ *ရှေ့ဖုံးမှ*

ဖြေရှင်းဆောင်ရွက်နိုင်မည့်အပြင် ထိုချေးငွေဖြင့် မြန်မာနိုင်ငံသည် အတိုးနှုန်းနည်းသည့် နှစ်ရှည်ချေးငွေများကို အရေးပါသည့် ပြည်သူ့ရေးရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"လုပ်ငန်းစဉ်မှာ အဆိုပြုထားတဲ့ မူဝါဒပြောင်းလဲမှုလုပ်ငန်းတွေရဲ့အထောက်အကူနဲ့ စီးပွားရေးမူဝါဒတွေကို ခိုင်ခိုင်မာမာအကောင်အထည်ဖော်နိုင်စေရန်၊ ပြည်သူတွေအတွက် လျှပ်စစ်ဓာတ်အား၊ ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ ပြည်သူ့ရေးရာဝန် ဆောင်မှုလုပ်ငန်းတွေ ပိုမိုလက်လှမ်းမီနိုင်စေဖို့ ယုံကြည်မှုတည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဥပမာအားဖြင့် ငွေကြေးဖောင်းပွမှုကို နည်းပါးပြီး တည်ငြိမ်အောင် ထိန်းထားနိုင်မယ်ဆိုရင် အရည်အသွေးမြင့်မားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာနိုင်မှာဖြစ်ပြီး အလုပ်အကိုင်တွေဖန်တီးပေးနိုင်မှာဖြစ်လို့ အားလုံးပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုဖွံ့ဖြိုးရေးမူဝါဒလုပ်ငန်းစဉ် ချေးငွေ (Development Policy Operation) သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သော စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် အရည်အသွေးမြင့်မားသော ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီနိုင်ရန်အတွက် ဘတ်ဂျက်အရင်းအမြစ်များ တိုးတက်လာစေရန်ရည်ရွယ်ကြောင်း သိရသည်။

ယခုဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တွင် အဓိကမဏ္ဍိုင်နှစ်ခုပါဝင်မည်ဖြစ်သည်။ မေခရိုစီးပွားရေးတည်ငြိမ်မှုကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းခြင်းမဏ္ဍိုင်တွင် စနစ်တကျတွက်ချက်ချိန်ဆထားသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရန်၊ ဘတ်ဂျက်လိုငွေပြမှုအား ဗဟိုဘဏ်ထောက်ပံ့နေရမှုကို အဆုံးသတ်နိုင်ရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ အားကောင်းလာစေရန်နှင့် မူဝါဒအခြေပြုဘတ်ဂျက်ရေးဆွဲမှု စနစ်တည်ဆောက်နိုင်ရန်တို့ပါဝင်သည်။ ဘဏ္ဍာရေးခံနိုင်ရည်ရှိမှု ပိုမိုအားကောင်းစေခြင်းမဏ္ဍိုင်တွင် ပြည်သူ့ရငွေများ တိုးတက်ရှာဖွေနိုင်ရန်၊ သဘာဝဓာတ်ငွေ့ရောင်းချရငွေအား စနစ်တကျ တွက်ချက်စီမံခန့်ခွဲနိုင်စေရန်၊ စွမ်းအင်ကဏ္ဍ ဘဏ္ဍာရေးအလားအလာကောင်းများ ပေါ်ထွန်းလာစေရန်၊ ထိရောက်မှုရှိသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု တည်ဆောက်နိုင်ရန်တို့ပါဝင်သည်။

"စားသောက်ကုန်ဈေးနှုန်းနဲ့ အခြေခံအသုံးစရိတ်မြင့်တက်လာပါက ဆင်းရဲတဲ့ မိသားစုတွေက ထိခိုက်မှုအခံစားရဆုံးဖြစ်ပါတယ်။ ဈေးနှုန်းဖိအားသက်ရောက်မှုတွေကို ထိန်းသိမ်းနိုင်ခြင်းအားဖြင့် ယခုလုပ်ငန်းစဉ်က ဆင်းရဲနွမ်းပါးသူတွေအကျိုးကျေးဇူးရရှိစေဖို့ ရည်ရွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ငြိမ်တဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အထိရရှိအောင် အုပ်ချုပ်မှုယန္တရားနဲ့ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေအတွက် မြန်မာနိုင်ငံရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ်မှာ ကမ္ဘာ့ဘဏ်အနေနဲ့ ပါဝင်ကူညီခွင့်ရတဲ့အတွက် အထူးဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး Ulrich Zachau ကပြောသည်။

ယခုချေးငွေသည် ဝင်ငွေနည်းပါးသည့် နိုင်ငံများအတွက် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေကပေးအပ်သည့် ချေးငွေဖြစ်ပြီး ချေးငွေသက်တမ်းမှာ ၃၈ နှစ်ဖြစ်ကာ ခြောက်နှစ်ဆိုင်းငံ့ကာလရရှိမည်ဖြစ်ပြီး အတိုးမဲ့ချေးငွေအမျိုးအစားဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရေရှားပါးသည့် တိုက်နယ်ဆေးရုံနှင့်ကျေးရွာနေ ပြည်သူများအား ရေလှူဒါန်း

ပြည် မေ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများနှင့် ကျန်းမာရေးဝန်ထမ်းများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး မြင့်ကြည် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၃၀၀၀ ကို မေ ၂၆ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါကျေးရွာတိုက်နယ်ပြည်သူ့ဆေးရုံအတွက် ရေဂါလန် ၂၀၀၀ နှင့်ကျေးရွာနေပြည်သူများအတွက် ရေဂါလန် ၁၀၀၀ ပေးအပ်လှူဒါန်းခဲ့ကာ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာကျော်မိုးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ တောင်လည်ကျေးရွာသည် နှစ်စဉ် နွေကာလ၌ သောက်သုံးရေမလုံလောက်မှုနှင့် ရေရှားပါးလေ့ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်သူနှင့်အတူ

## ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာ ပူးပေါင်းပါဝင်

**ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလို ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာနဲ့ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။**

( နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁-၁-၂၀၁၇ ရက်နေ့ နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားမှ ကောက်နုတ်ချက်)

## မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံ

**ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမို့လို့ တော်တော်မှ ရှုပ်ထွေးတဲ့ သိမ်မွေ့တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှ ကျယ်ပြန့်တဲ့ သယံဇာတကြီးတစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးအောင်လို့ ကျွန်မတို့လုပ်နိုင်မယ်ဆိုတာလည်း အဓိကယုံကြည်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ကျောဖုံးမှ*

ခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလက စပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစနစ်ကိုလည်း Geostationary ပတ်လမ်းတွင်ရှိသည့် AsiaSat-1 ကို အသုံးပြုပြီး ပြည်တွင်းတယ်လီဖုန်းဆက်သွယ်ရေးနှင့် TV ထပ်ဆင့်လွှင့်စနစ်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို ၁၉၉၈ ခုနှစ် ဇွန်လတွင် Geostationary ပတ်လမ်းတွင်ရှိသည့် ThaiCom 3 သို့ ပြောင်းလဲပြီး အသုံးပြုခဲ့ပါကြောင်း၊ ဂြိုဟ်တုအသုံးပြုမှုတွင် Transponder သည်လည်း တစ်နေ့တခြား တိုးပွားများပြားလာပါကြောင်း၊ ဆက်သွယ်ရေးစနစ်တွင် တိုးတက်အသုံးပြုလာသကဲ့သို့ Broadcasting ကဏ္ဍတွင်လည်း တစ်နေ့တခြား တိုးပွားများပြားလာပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ အစရှိသည့် ကဏ္ဍများစွာတွင်လည်း အသုံးပြုမှုများ ရှိလာပါကြောင်း၊ ယင်းသို့ အသုံးပြုကြရာတွင် တသီးတခြားစီ ဂြိုဟ်တုကို ငှားရမ်းသုံးစွဲနေကြရသည့်အတွက် ကုန်ကျစရိတ် ပိုမိုများပြားနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် ကုန်းတွင်းဒေသ၊ ရေပြင်ဒေသ၊ ကျွန်းစုဒေသများအပါအဝင် နေရာဒေသမရွေးသို့ အချိန်တိုအတွင်းတွင် ဆက်သွယ်မှုကို ပေးနိုင်သည့်စနစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝအရ လူမှုစီးပွားရေးတိုးတက်ရန်အတွက် ကျွန်းများ၊ ကျေးလက်ဒေသများပါမကျန် အချိန်တိုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါကလည်း အချိန်တိုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွင် Geostationary ပတ်လမ်းအပြင် အခြားပတ်လမ်းအသုံးပြုခြင်းများလည်း ရှိကြပါကြောင်း၊ လိုအပ်ချက်အပေါ် မူတည်ပြီး အသုံးပြုကြပါကြောင်း။

မိမိတို့ဦးဆောင်ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်အတွက် ဂြိုဟ်တုစနစ် တည်ထောင်ရေးဆိုင်ရာ မူဝါဒများနှင့် နည်းလမ်းများ ချမှတ်ပေးခြင်း၊ ဂြိုဟ်တုစနစ် တည်ထောင်ရေးဆိုင်ရာ စာချုပ်စာတမ်းများ ချုပ်ဆိုသွားနိုင်ရေး လမ်းညွှန်မှုပေးခြင်း၊ ITU (International Telecommunication Union ) အပါအဝင် ပြည်ပအဖွဲ့အစည်းများဖြင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး၊ သဘောတူညီချက်များအား အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လမ်းညွှန်မှုပေးခြင်း၊ ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအား လမ်းညွှန်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂြိုဟ်တုစနစ်ဖြင့် အသုံးချစနစ်များ ဖော်ဆောင်ရန် လမ်းညွှန်မှုပေးခြင်း၊ ခေတ်မီအာကာသနည်းပညာရပ်များ ရရှိနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် လမ်းညွှန်မှုပေးခြင်း၊ လိုအပ်ပါက မြန်မာနိုင်ငံ Space Agency တစ်ရပ် ဖွဲ့စည်းတည်ထောင်နိုင်ရေး လမ်းညွှန်မှုပေးခြင်းတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် လက်ရှိဂြိုဟ်တုအသုံးပြုနေသည့် အခြေအနေ၊ ဂြိုဟ်တုစနစ်တည်ဆောက်ပါက ကုန်ကျမည့်ငွေကြေးပမာဏ၊ ဂြိုဟ်တုပိုင်ဆိုင်မှုစနစ်များ၊ လက်ရှိငှားရမ်းသုံးစွဲနေသည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်ပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပိုင် ဂြိုဟ်တုစနစ် တည်ထောင်ပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ဝန်ကြီးဌာနအလိုက် သုံးစွဲနေမှုများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားပြီး အကျိုးအမြတ်တွက်ချက်ကာ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် ပူးတွဲလုပ်ဆောင်နေသည့်အချိန်၌ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်နိုင်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နည်းပညာ၊ လုံခြုံရေးကောင်းသည့် ဂြိုဟ်တုနှင့် ချိတ်ဆက်ပြီး လုပ်ဆောင်ပါက အကျိုးများစွာ ရရှိမည်ဖြစ်ပြီး အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# သတင်းစာဆရာကြီးများပြောပြသော ကြေးမုံသတင်းစာ နှစ် (၆၀)ခရီး

ရန်ကုန် ဧပြီ ၂၈

**၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့သည့် ကြေးမုံသတင်းစာ နှစ် (၆၀) ပြည့် အခမ်းအနားကို ရန်ကုန်မြို့စကိုင်းစတား ဟိုတယ်၌ကျင်းပခဲ့ရာ နှစ်ပေါင်းများစွာ ကြေးမုံသတင်းစာနှင့်အတူ ဘဝကျင်လည်ဖြတ်သန်းခဲ့ကြသော သတင်းစာဆရာကြီးများက ကြေးမုံသတင်းစာနှင့်ပတ်သက်၍ ဤသို့ ချီးကျူးပြောဆိုခဲ့ကြသည်။**

**တွေ့ဆုံမေးမြန်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ဟံသာဝတီ ဦးအုန်းကြိုင်



ဟန်ဂေရီ ဦးကိုကိုကြီး



ဆရာမင်းယုဝေ




ကြေးမုံ ဦးသော်



ဦးရဲမြင့်ဖေ

**ဟံသာဝတီဦးအုန်းကြိုင်**

"သတင်းစာတစ်စောင် နှစ် ၆၀ ပြည့်တာဟာ အတော်ရှားပါးပါတယ်။ ကြေးမုံသတင်းစာနဲ့အတူ လူသိများတဲ့ သတင်းစာကတော့ မြန်မာ့အလင်း သတင်းစာပါ။ ဒီသတင်းစာနှစ်စောင်ဟာ သက်တမ်းအားဖြင့်လည်း နှစ်တွေကြာခဲ့ပါပြီ။ နှစ်တွေကြာပေမယ့် ဒီသတင်းစာနှစ်စောင်ဟာ သတင်းစာလောကရဲ့ ရှေ့ဆောင်တွေဖြစ်သလို ဒီကနေ့အထိ ပြည်သူလူထုကြားမှာ ပြည်သူတွေကို သတင်းအသိပညာ ဖြန့်ဝေပေးနေကြတာပါ။ ဒါဟာ ကျွန်တော့်ရဲ့ အမြင်၊ ကျွန်တော်တစ်ဦးတည်းရဲ့ ခံစားချက်ဖြစ်ပါတယ်။ ကြေးမုံသတင်းစာဟာ ပြည်သူတွေရဲ့ဆန္ဒ၊ ပြည်သူတွေရဲ့ သဘောထားတွေကို ထင်ဟပ်ဖော်ပြနေတဲ့ သတင်းစာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြေးမုံသတင်းစာဟာ ပြည်သူ့အကျိုးဆောင် သတင်းစာတစ်စောင်ဖြစ်တယ်လို့ ရှုမြင်မိပါတယ်"

**ဟန်ဂေရီဦးကိုကိုကြီး**

"နှစ်ပေါင်း ၆၀ အတွင်းမှာ ကြေးမုံသတင်းစာဟာ ပုံသဏ္ဍာန်အမျိုးမျိုး၊ ခေတ်အဆက်ဆက်၊ အပြောင်းအလဲအမျိုးမျိုး ကြုံကြုံခံပြီးတော့ ဖြတ်သန်းခဲ့ရပေမယ့် ကြေးမုံရဲ့နာမည်ကတော့ ပြည်သူလူထုတွေကြားမှာ ကြေးမုံပုံရိပ်ဆိုတာရှိနေစမြဲပါ။ ကြေးမုံသတင်းစာအပေါ်မှာ အခြေခံပြီး ထုတ်ဝေခဲ့တဲ့ ပြည်သူ့အကျိုးပြု သတင်းစာတစ်စောင်ဖြစ်ပါတယ်။ ပြည်သူလက်ခံတဲ့ သတင်းစာတစ်စောင်ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ပြည်သူကဘာလိုလဲ၊ ဘာသိချင်လဲ၊ ဘာကိုဖော်ပြမလဲ၊ ဘယ်လိုထင်ဟပ်မလဲ၊ အဲဒီထင်ဟပ်တဲ့အပေါ်မှာ မူတည်ပြီး ဖော်ပြနေတယ်လို့ ယုံကြည်ပါတယ်။ ကြေးမုံသတင်းစာ နှစ် ၆၀ မက နှစ်ပေါင်းများစွာ ပြည်သူကိုကိုယ်စားပြုတဲ့ ပြည်သူ့သတင်းစာအဖြစ် ရပ်တည်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်၊ ကျွန်တော်ကတော့ ကြေးမုံသတင်းစာမှာ ၁၉၆၆ ခုနှစ်မှာ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ နှုတ်ဆက်ထွက်ခွာခဲ့ပါတယ်"

**ဆရာမင်းယုဝေ**

"ကြေးမုံသတင်းစာ နှစ် ၆၀ ပြည့်တဲ့အခမ်းအနားမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ သတင်းစာတစ်စောင် နေ့စဉ်ထုတ်ဝေဖို့ဆိုတာ မလွယ်ပါဘူး။ သတင်းစာတစ်စောင် နှစ်ပေါင်းများစွာ ထုတ်ဝေပြီး ရပ်တည်နိုင်တယ်ဆိုတာ အလွန်ပဲ ဂုဏ်ယူစရာကောင်းပါတယ်။ ကျွန်တော်လည်း ဟံသာဝတီ ဦးဝင်းတင် လက်ထက်မှာ ဆောင်းပါးတွေရေးခဲ့ပါတယ်။ ဦးဝင်းတင်ကို သတိရတဲ့အနေနဲ့ ဒီကနေ့အခမ်းအနားကို လာတက်ခဲ့တာပါ။ အခု အသက် ၈၉ နှစ်ရှိသွားပါပြီ။ ကြေးမုံဆက်လက်အောင်မြင်ပါစေ"

**ကြေးမုံ ဦးသော်**

"ကျွန်တော်ကတော့ ကြေးမုံသတင်းစာထူထောင်တဲ့ ရှစ်ဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ကြေးမုံကို ပြည်သူပိုင်သိမ်းခဲ့ပြီးတဲ့နောက် ဝန်ထမ်းအဖြစ် ၁၃ နှစ်လုပ်ခဲ့ပါတယ်။ အဲဒီကနေ အသက် ၆၀ ပြည့်တော့ ပင်စင်ရပါတယ်။ အခုအဲဒီပင်စင်နဲ့ပဲ ရပ်တည်ခဲ့တာ ဒီကနေ့အထိပါပဲ။ အသက် ၆၀ ပြည့်လို့ ပင်စင်ယူခဲ့ရပေမယ့် သတင်းစာအလုပ်ကို ခုချိန်အထိလုပ်ချင်နေဆဲပါ။ သတင်းစာလောကထဲမှာ ကျွန်တော်တို့အရွယ်က

*စာမျက်နှာ ၁၁ သို့*

# ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် နှုတ်ခွန်းဆက်စကားပြောကြားစဉ်


ဆရာကြီး ဦးသော် မှဒိတာစကား ပြောကြားစဉ်


ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ မှဒိတာစကားပြောကြားစဉ်


ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေ မှဒိတာစကားပြောကြားစဉ်


ဆောင်းပါးရှင် ဦးခင်မောင်ဌေး(ပညာရေး) မှဒိတာစကား ပြောကြားစဉ်

**ရန်ကုန် မေ ၂၈**

ကြေးမုံသတင်းစာကို သတင်းစာသမား လူငယ်၊ လူလတ်ပိုင်းများ တက်တက်ကြွကြွဖြင့် စုပေါင်းပြီး ထူထောင်ခဲ့ကြပါကြောင်း၊ မြန်မာ့သတင်းစာလောကတွင် တကယ်ပြောင်းလဲသွားသော သတင်းစာတစ်စောင်အဖြစ် ထူထောင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တာမွေမြို့နယ် Sky Star ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကြေးမုံသတင်းစာ၏ သမိုင်းကြောင်းကို ယနေ့ထုတ် ကြေးမုံသတင်းစာ၌ အချုပ်ပိုအနေဖြင့် ဝေဝေဆာဆာဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထူထောင်စဉ်က အကြောင်းများသည် သတင်းသမားများလောက၌ အင်မတန်ပြောစမှတ်ပြုစရာ သမိုင်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ သမိုင်းကြောင်းကိုပြောရလျှင် သတင်းသမားများအတွက် အင်မတန်အားတက်စရာ ဖြစ်ရပ်တစ်ခုအနေဖြင့် အမှတ်ရရှိကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မိမိကိုယ်တိုင် သတင်းစာများကို စတင်ဖတ်ရှုလာတတ်ခဲ့သည့်အရွယ်မှစ၍ ကြေးမုံသတင်းစာကို စတင်ထိတွေ့ခဲ့သည်ဟု အောက်မေ့ယူဆမိပါကြောင်း၊ ထိုအချိန်သည် သတင်းစာအများအပြားထွက်ရှိခဲ့သည့် ခေတ်ကာလဖြစ်ပါကြောင်း၊ ယင်းအချိန်ကာလတွင် ကြေးမုံသည် အထင်ရှားဆုံး သတင်းစာအဖြစ် ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုပြန်ကြည့်ချိန်တွင်လည်း ဟုတ်မှန်သည်ကိုတွေ့ရပါကြောင်း၊ ကြေးမုံသည် စောင်ရေအများဆုံးဖြစ်ကာ ကျန်သည့်သတင်းစာတော်တော်များများ ပေါင်းထားခြင်းထက်ပင် ပိုများနေသည်ကို အကြမ်းဖျင်းတွေ့ရပါကြောင်း၊ ထိုစဉ်က မှတ်မိသရွေ့ ကြေးမုံသတင်းစာတွင် ပင်တိုင်ဆောင်းပါးရှင် ဆရာဇဝန အရေးအသားများကို မှတ်မိနေပါကြောင်း၊ ဆရာအောင်ရှိန်၏ ကြေးမုံခင်၊ ဆရာကြီး ဦးဖေသိန်းက နိုင်ငံရေးကာတွန်းများရေးသည်ကို မှတ်မိနေပါကြောင်း၊ မိမိနေထိုင်ရာ သံတွဲမြို့သို့ သတင်းစာများကို လေယာဉ်ဖြင့် ပို့ဆောင်ပြီး ကြေးမုံသတင်းစာသည် စောင်ရေအများဆုံးပါရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၁၉၆၂ ခုနှစ်ခန့်တွင် ပုဂ္ဂလိကသတင်းစာများ၏ လွတ်လပ်ခွင့်များ မေးမှိန်သွားပြီး ယင်းနောက်ပိုင်းတွင် ကြေးမုံသတင်းစာသည် အစိုးရသတင်းစာ ဖြစ်လာခဲ့ပါကြောင်း၊ ယနေ့ အစိုးရသတင်းစာဆိုခြင်းနှင့် ပတ်သက်ပြီး စဉ်းစားမိသည်မှာ အစိုးရသတင်းစာဟုပြောသည့်နေရာတွင် အဓိပ္ပာယ်အနည်းငယ်ကွဲလွဲမှုရှိပါကြောင်း၊ မိမိအထင် အစိုးရသတင်းစာစစ်စစ်သည် ၁၉၆၃-၆၄ ခုနှစ် လုပ်သားပြည်သူ့နေ့စဉ်၊ Working People Daily တို့သည်သာ အစိုးရသတင်းစာ အာဘော်စစ်စစ်များ ဖြစ်သည်ဟု ယူဆပါကြောင်း။



ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်

ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့သည် ယနေ့ အစိုးရသတင်းစာဖြစ်နေခြင်းမှာ သမိုင်းကြောင်းအရ ဆက်လက်ပြောင်းလဲလာပြီး ဖြစ်ပေါ်လာသည်ဟုမြင်ပါကြောင်း၊ ပေါ်ထွန်းလာသည့် ရည်ရွယ်ချက်မတူညီသည်ကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း။

သို့သော် နောက်ပိုင်း လုပ်သားပြည်သူ့နေ့စဉ်နှင့် Working People Daily သတင်းစာတို့ မရှိသည့်အခါ ကြေးမုံ/မြန်မာ့အလင်းသတင်းစာတို့သည် အစိုးရသတင်းစာကဲ့သို့ ဆောင်ရွက်နေပါကြောင်း၊ ယနေ့ခေတ် ရောက်လာချိန်တွင် ကြေးမုံ/ မြန်မာ့အလင်းသတင်းစာတို့ကို အစိုးရသတင်းစာဟုပြောကာ အစိုးရ၏ နိုင်ငံရေး ဆောင်ရွက်ချက်များကို အများပြည်သူကိုအသိပေးသည့် ကြားခံတစ်ခုဖြစ်သည်မှာ မှန်သော်လည်း နဂိုမူလက ပေါ်ပေါက်ခဲ့သည့် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတို့လို အာဘော်တစ်ရပ်ကို ဖြန့်ချိနေသည့် အနေအထားမဟုတ်ကြောင်းကို ပြောလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရသတင်းစာများ၏ ရပ်တည်ချက်များနှင့် စပ်လျဉ်း၍ ကြေးမုံသတင်းစာသည် ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး ဆောင်ရွက်နေရသည့် သတင်းစာဖြစ်ပါကြောင်း၊ ကြေးမုံသတင်းစာသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရန် အစီရင်ခံသည့် အလုပ်လုပ်ရုံမက တိုင်းပြည်တွင် ဘာတွေဖြစ်ပျက်နေသနည်းဆိုသည်ကို ပြည်သူရော၊ အစိုးရလုပ်သူများကိုပါ အသိပေးနေသည့်အလုပ် လုပ်နေပါကြောင်း၊ အစိုးရနှင့် ပြည်သူကြား ပေါင်းကူးသည့်အပြင် တိုင်းပြည်တွင် သတင်းအချက်အလက် အကြောင်းအရာများနှင့်ပတ်သက်၍ အများသူငါသိအောင် အသိပေးသည့်လုပ်ငန်းကို ပြန်ကြားရေးဆိုသည့် ဌာနတစ်ခုအနေဖြင့် ဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း၊ သို့သော် အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သာမန်အားဖြင့် အစိုးရသတင်းစာဟုလည်းပြော၍ ရပါကြောင်း၊ သို့သော် ဝါဒတစ်ခုကို ဖြန့်ချိရန်အတွက် ယန္တရားတစ်ခု မဟုတ်သည်ကို ပြောလိုပါကြောင်း။

ယနေ့သတင်းစာလောကကို ကြည့်ပါက အဖွဲ့အစည်းမှ သတင်းဖြန့်ချိရေးအတွက် အများပြည်သူ အသိပေးရန် ထူထောင်နေသည့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတို့ ရှိသကဲ့သို့ ပုဂ္ဂလိကများအနေဖြင့် မိမိအယူအဆ၊ မိမိအမြင်အမျိုးမျိုးဖြင့် ဖြန့်ချိနေသည့် သတင်းစာများ ရှိပါကြောင်း၊ အွန်လိုင်းဟုဆိုရာတွင်လည်း သတင်းစာဟု ပြော၍ ရသည့်အလုပ်များကို လုပ်နေကာ နာမည်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တစ်ဦးချင်းအလျောက် ထင်ရှားလျှင် ထင်ရှားသလို လူများက များများဖတ်ရှုနေသည့် သတင်းစာများကဲ့သို့ သက်ရောက်နေသည့် အနေအထားမျိုးများရှိပါကြောင်း၊ ဆိုလိုသည်မှာ ယနေ့သည် လွတ်လပ်စွာ ရှင်သန်နေသည့်ကာလဟု ပြောလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကြေးမုံ ဝိုင်းတော်သူ ဝိုင်းတော်သားများနှင့်အတူ အများပြည်သူအတွက် သတင်းအချက်အလက်အမှန်များ ဖြန့်ချိပေးနိုင်ရေးဆိုသည့် တာဝန်ကို ဆက်လက်ထမ်းဆောင်ရန်ရှိပြီး ယင်းသည် သမိုင်းအရ ဖြစ်ပေါ်လာသည့်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်း၌ စာနယ်ဇင်းများ လွတ်လပ်စွာ တည်ထောင်နိုင်ခွင့် ထုတ်လုပ်နိုင်ခွင့်များရှိသည့်ကာလဖြစ်ခြင်းကြောင့် တစ်နေ့ ကြေးမုံသတင်းစာကဲ့သို့ အင်မတန်ထင်ရှားသြဇာကြီးမားသည့် သတင်းစာထူထောင်နိုင်သည့် အခွင့်အလမ်းနည်းတူ မည်သည့်စာနယ်ဇင်းသမားများမဆို အခွင့်အလမ်းရှိနေသည်ဟု မြင်ပါကြောင်း။

ထို့ကြောင့် ကြေးမုံကို သမိုင်းပြောင်းလဲမှုအားလျော်စွာ တာဝန်ယူထားရသည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကြေးမုံသတင်းစာကို တင့်တောင့်တင့်တယ်သတင်းစာ အများပြည်သူ ယုံကြည်အားကိုးသည့် သတင်းစာဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်သလို အလားတူ ကြေးမုံသတင်းစာမျိုး ပေါ်ပေါက်အောင် ဆောင်ရွက်မည့် လူငယ်များ၊ စာနယ်ဇင်းသမားများသည် ပေါက်မြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ကြပါစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကြေးမုံသတင်းစာသမိုင်းကြောင်းကို Video Clip ဖြင့်ပြသပြီး ကြေးမုံသတင်းစာတိုက် တည်ထောင်ရာတွင် ပါဝင်ခဲ့သူ ဆရာကြီး ဦးသော်က မှဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတိုက်တွင် စာတည်းမှူးချုပ် တာဝန်ယူခဲ့သူ ဦးရဲမြင့်ဖေ၊ ကြေးမုံသတင်းစာတိုက်တွင် စာတည်းမှူးချုပ် တာဝန်ယူခဲ့သူ ဦးမြင့်ဆွေနှင့် ဆောင်းပါးရှင် ဦးခင်မောင်ဌေး (ပညာရေး)တို့က မှဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သတင်းစာဆရာကြီးများ၊ စာရေးဆရာများ၊ ဆောင်းပါးရှင်များနှင့် ကြေးမုံသတင်းစာတိုက်မှ ဝိုင်းတော်သူ ဝိုင်းတော်သားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကြေးမုံသတင်းစာကို ၁၉၅၇ ခုနှစ် မေ ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့ပြီး သတင်းစာဆရာကြီးများဖြစ်ကြသည့် ဦးသောင်း(အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးခင်မောင်ရီ(စိန်ခင်မောင်ရီ)၊ ဟံသာဝတီ ဦးဝင်းတင်နှင့် ဦးသော်(ကြေးမုံ)တို့က စတင်ထူထောင်ခဲ့ကြသည်။

ကြေးမုံသတင်းစာသည် လန်ဒန်မှ ကမ္ဘာကျော် Daily Mirror သတင်းစာကြီးကို အားကျအတုယူ၍ ထိုစဉ်ကာလ၌ ထွက်ရှိခဲ့သည့် သတင်းစာများနှင့်မတူအောင် ဆန်းသစ်သည့် အပြင်အဆင်တင်ပြပုံများဖြင့် စတင်ထုတ်ဝေနိုင်ခဲ့သောကြောင့် ထိုခေတ်က အောင်မြင်ကျော်ကြားသည့် သတင်းစာတစ်စောင်ဖြစ်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်ထုတ်ဝေလျက်ရှိသည်။

ကြေးမုံသတင်းစာ စတင်ထွက်ရှိသည့် ၁၉၅၇ ခုနှစ်ကစတင်၍ ဦးသောင်း (အောင်ဗလ)၊ ဦးသိန်း (ဇဝန)၊ ဦးလှကွန်း(သခင်လှကွန်း)၊ ဦးစိုးညွန့် (ထီလာစစ်သူ)၊ ဦးတင်စိုး(သာဂဒိုး)၊ ဦးရဲတင့်၊ ဦးဇော်မင်းသိန်း၊ ဦးရဲမြင့်ဖေ၊ ဦးမြင့်ဆွေတို့က အယ်ဒီတာချုပ် (စာတည်းမှူးချုပ်)များအဖြစ် တာဝန်ယူခဲ့ကြပြီး လက်ရှိတွင် ဦးခင်မောင်ကျော်ဒင်က စာတည်းမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်ပြီး ရှင်းလင်း

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA တစ်နှစ်တာသက်တမ်းနှင့် အနာဂတ်မျှော်မှန်းချက်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက မြန်မာနိုင်ငံရှိ ဘုရားပုထိုးစေတီကြီးများတွင် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အမုန်းစကားကာကွယ်တားဆီးရေး ဥပဒေ(မူကြမ်း) ရေးဆွဲခြင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများ ပြုပြင်မှုအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေ ပြဋ္ဌာန်းခြင်း၊ ပုဂံ၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ မြစေတီ(ရာဇကုမာရ်)ကျောက်စာ၊ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ထိန်းသိမ်းမွမ်းမံခြင်း၊ မြန်မာ့အနုသုခုမဆိုင်ရာ ပညာရပ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၏ ဆောင်ရွက်ချက်များ၊ မြန်မာသမိုင်းသုတေသနစာတမ်းများကို ရေးသားပြုစုခြင်း၊ စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ တစ်နှစ်တာဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ခရီးသွားမူဝါဒချမှတ်ခြင်း၊ တည်ဆဲဥပဒေများ၏ စိုးမိုးမှုရှိစေခြင်း၊ နိုင်ငံတကာနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအား မြင့်တင်ခြင်း၊ တာဝန်သိခရီးသွားလုပ်ငန်းမျှော်မှန်းချက်များ၊ ခရီးသွားလုပ်ငန်း၏ ရှေ့လုပ်ငန်းစဉ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေး၊ ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာခြင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ မူဝါဒနှင့်ရည်မှန်းချက်၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့်အခွင့်အရေးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများနှင့် ဆောင်ရွက်ခဲ့မှုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဦးစီးဌာနရုံးများ ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

**တာဝန်ရှိသူများ ရှင်းလင်းဖြေကြား**

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားစိစစ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်၌ ရွှေပြားကပ်လှူမည့်ကိစ္စ၊ လှူဒါန်းငွေများ စနစ်တကျထိန်းသိမ်းနေမှုနှင့် ဝန်ထမ်းများလစာကိစ္စ၊ ဆရာတော် ဦးဝီရသူ၏ တိပ်ပိတ်တရားဟောနေသည့်ကိစ္စ၊ မြန်မာ့သမိုင်း အမှန်ဆောင်ရွက်မှုကိစ္စ၊ သာသနိကအဆောက်အအုံများ၌ ဒရုန်းပျံသန်းမှုကိစ္စ၊ ဘာသာအလိုက် ဘုရားဖူးစေလွှတ်မှုကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဇီကာဗိုင်းရပ်နောက်ဆုံးအခြေအနေ၊ ပြည်သူ့ဆေးရုံများ၌ လူနာများအပေါ် နွေးထွေးစွာ ဆက်ဆံရေး၊ ဆေးဝါးများပြင်ပမှ ဝယ်ယူနေမှု၊ မူးခင်းဆေးစာနောက်ကျနေမှု၊ ဆီးချို၊ သွေးချိုစသည့် မကူးစက်သောရောဂါများ ကာကွယ်ကုသနေမှုကိစ္စရပ်များကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ Home Stay နေထိုင်လည်ပတ်ခွင့်၊ ပုဂံ-ဗန်ကောက်ခရီးစဉ်ဆောင်ရွက်မည့် အခြေအနေ၊ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်း လိုင်စင်ထုတ်ပေးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စစ်ဘေးသင့်ဒေသများ အရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်** (သတင်းစဉ်)

# ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ကိစ္စများ အဓိကဆောင်ရွက်ခဲ့

**နေပြည်တော် ဧပြီ ၂၈**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အဓိကရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

**NCA ကိုမူ ပြန်ပြင်၍မရ**

တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ကိစ္စများကို အဓိကဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လမ်းကြောင်းကိုအခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို သွားပါကြောင်း၊ NCA အရ နိုင်ငံရေးဆွေးနွေးသည့်အခါ အဓိကအရေးကြီးသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ပြန်ပြင်မည်ဖြစ်ပါကြောင်း၊ NCA ကိုမူ ပြန်ပြင်၍မရပါကြောင်း။

**(၂၁)ရာစုပင်လုံ စတင်ကျင်းပ**

နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်သည့် အစည်းအဝေးများ ပြုလုပ်ပါကြောင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် UNFC, DPN အပြင် "ဝ"နှင့် မိုင်းလားအဖွဲ့များကိုပါ ဖိတ်ခေါ်ပြီး ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နေပြည်တော်၌ စတင်ကျင်းပခဲ့ပါကြောင်း၊ ညီလာခံဆွေးနွေးပွဲတွင် စာတမ်းများ တင်ပြကြပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့များအပြင် "ဝ"၊ မိုင်းလား၊ UNFC အဖွဲ့များပါ စာတမ်းများ တင်ပြခဲ့ကြပါကြောင်း။



**ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**

ဧပြီ ၂၄ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ခေါင်းဆောင်ရှစ်ဦးနှင့် တွေ့ဆုံပြီး မေ ၂၄ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပရန် ဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်တွင် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်အောင် နှစ်ဖက်စလုံးက ကြိုးပမ်းဆောင်ရွက်သွားရန် ဆိုသည့် အပေါ်တွင်လည်း ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယနေ့ (ဧပြီ ၂၈ ရက်)တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ခေါင်းဆောင်များဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးမှုအပေါ်မူတည်ပြီး UNFC က မေ ၂၄ ရက်တွင် ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်နိုင်မည့်အခြေအနေ ထွက်ပေါ်လာမည် ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်လျက်ရှိ**

ရခိုင်ပြည်နယ်ကိစ္စသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတွင် အဓိကအရေးပါသည့်ကိစ္စဖြစ်သည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံ မောင်တော ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာ အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ တစ်ဖွဲ့ ဖွဲ့မည်ဟုဆုံးဖြတ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ချချိန်တွင် မြန်မာနိုင်ငံက သဘောမတူ၊ လက်မခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံက လက်မခံပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လာမည့် ဆောင်ရွက်ချက်များကိုလည်း လက်ခံမည်မဟုတ်ပါကြောင်း၊ ယင်းအဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်မည်ဆိုပါကလည်း လက်ခံမည်မဟုတ်ပါကြောင်း။

**အမြင်များစွာ ပေါ်ထွက်နေ**

ရခိုင်ပြည်နယ်တွင် အစိုးရအနေဖြင့် ဘက်ပေါင်းစုံဆောင်ရွက်ပေးနေသည့်အချိန်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်သည့် အကြမ်းဖက်တိုက်ခိုက်မှုကိစ္စများ ဖြစ်ပေါ်လာပါကြောင်း၊ မောင်တောတွင် ကြိုတင်လက်ဦးမှုရယူပြီး တိုက်ခိုက်ရန် ဖန်တီးပုံဖော်မှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းအောင် အစိုးရအနေဖြင့် များစွာဆောင်ရွက်နေပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါက ခိုင်မာသည့်အထောက်အထားပြရန် လိုပါကြောင်း၊ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သည့် သတင်းအချက်များ ထုတ်ပြန်စေကာမူ နိုင်ငံတကာမီဒီယာတွင် အပြုသဘောမဆောင်သည့်အမြင်များစွာ ပေါ်ထွက်နေပါကြောင်း၊ မီဒီယာများ မောင်တောဒေသသွားရောက်နိုင်အောင် စီစဉ်ပေးခဲ့ပါကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်ပြီး မီဒီယာများ သတင်းရယူနိုင်အောင် ထပ်မံစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာ လူ့အခွင့်အရေးအရ မြန်မာနိုင်ငံအပေါ် တင်ထားသည့်စွပ်စွဲချက်များ၊ ထိုးနှက်ချက်များကို တစ်ခုချင်း ပြန်ဖြေရှင်းနေရသည့် အနေအထားဖြစ်ပါကြောင်း၊ စွပ်စွဲချက်များကို လက်တွေ့လုပ်ဆောင်ချက်များဖြင့် ချေဖျက်နေရပါကြောင်း ပြောကြားသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မေးမြန်းရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ဖြေကြားသည်။

**ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြားတွင်ရှိသည့် ရခိုင်ပြည်နယ်အရေးကိစ္စအား ကြားဝင်ညှိနှိုင်းပေးရန် တရုတ်နိုင်ငံမှ အထူးသံတမန်တစ်ဦးက စီစဉ်နေမှုနှင့်စပ်လျဉ်း၍ အစိုးရ၏သဘောထားအား သိရှိလိုကြောင်း မေးခွန်းအပေါ်** ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့်

*စာမျက်နှာ ၈ သို့*

# ပုဂံနှင့်မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး ဆောင်ရွက်နေ

**နေပြည်တော် ဧပြီ ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၇ခုနှစ် ပွင့်လင်းရာသီမှစတင်၍ စံချိန်စံညွှန်းကိုက်ညီသော ရွှေသင်္ကန်းတော်များကို ကပ်လှူနိုင်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေတိဂုံစေတီတော် လုံခြုံရေးအတွက် မောင်းသူမဲ့လေယာဉ် Drone ၁၀ စင်းခန့် ထိန်းသိမ်းထားပါကြောင်း၊ အဆိုပါ Drone အန္တရာယ်ကို ကာကွယ်နိုင်စေရန် Anti Drone များဝယ်ယူဖြည့်ဆည်းခြင်း၊ CCTV Camera များတပ်ဆင်ခြင်းနှင့် ပရိဝုဏ်အောက်ခြေပတ်လည် တစ်လျှောက် အလင်းမီးတိုင်များအား ဖြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**အခမဲ့တည်းခိုနိုင်ရေး ဆောင်ရွက်**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် စိတ်ချမ်းမြေ့စွာတည်းခိုနိုင်ရေးအတွက် တိဿ၊ သီဟ၊ ဆီမီး ၉၀၀၀၊ ပြည့်စုံ (ရင်ပြင်တော်)၊ ပြည့်စုံ (မုဆိုးတောင်) နှင့် သုံးထပ်မွှာရုံတို့ကို ဘုရားဖူး ၁၂၇၉ ဦး အခမဲ့တည်းခိုနိုင်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပြီး အခန်းပေါင်း ၃၅၆ ခန်းကို သက်သာသောနှုန်းထားဖြင့် တည်းခိုနိုင်စေခဲ့ပါကြောင်း။

မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား တန်ခိုးကြီးဘုရား အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဂေါပကအဖွဲ့စည်းမျဉ်းများရေးဆွဲခြင်းနှင့် ဂေါပကအဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကို ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း။

အမုန်းစကားကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း)ကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ၂၀၁၆ ခုနှစ် ဇူလိုင်လတတိယပတ်တွင် ရေးဆွဲပြီး ဖြစ်ပါကြောင်း။

**ငလျင်ကြောင့် ထိခိုက်ပျက်စီး**

၂၀၁၆ ခုနှစ်တွင် ရစ်ချ်တာစကေး အင်အား ၆ ဒသမ ၈ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုသို့ ထိခိုက်ပျက်စီးမှုများကို အရေးပေါ် စာရင်းကောက်ယူမှုအရ ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုရှိပါကြောင်း၊ အသေးစားပျက်စီးမှုအနေဖြင့် ယာယီစာရင်းအရ အဆူ ၃၀၀ ကျော်ဖြစ်ပြီး အကြီးစား ထိခိုက်ပျက်စီးမှုမှာ ၃၆ ဆူခန့်နှင့် အလတ်စားထိခိုက်ပျက်စီးမှုမှာ ၅၃ဆူ ဖြစ်ပါကြောင်း။

နိုင်ငံတကာစံနှုန်းများနှင့်အညီ မှတ်တမ်းရယူခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ GIS ကျွမ်းကျင်သူများ၊ ငလျင်ဆိုင်ရာပညာရှင်များနှင့် UNESCO မှ ပညာရှင်များက လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**မြစေတီကျောက်စာ ကမ္ဘာ့အမွေအနှစ်သတ်မှတ်**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် မြေပုံရေးဆွဲဆောင်ရွက်နေပါကြောင်း၊ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသော မြစေတီကျောက်စာအား ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အဆိုပြုပုံစံများ ရေးသား၍ UNESCO သို့ တင်သွင်းခဲ့ရာ အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိကျင်းပသော ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်အစီအစဉ်၊ အပြည်ပြည်ဆိုင်ရာအကြံပေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်လျှောက်ထားမှုပေါင်း ၈၇ ခုအနက်မှ မြန်မာနိုင်ငံမှ တင်သွင်းသော မြစေတီကျောက်စာကို ကမ္ဘာ့မှတ်တမ်းတင် အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

ပုဂံယဉ်ကျေးမှုနယ်မြေ၊ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီးလှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာ ရေးထိုးထားသော ခေါင်းလောင်းစာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း ဝင်ရောက်ရေး စတင်တင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၆ခုနှစ် မေ ၁၈ ရက် မှ ၂၀ ရက်အထိ အာရှ-ပစိဖိတ်ဒေသအတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ အစည်းအဝေးတွင် ဒေသတွင်းကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် ၂၀၁၇ ခုနှစ်အတွင်း သတ်မှတ်ခြင်း ခံရနိုင်ပါကြောင်း။

**ရုပ်သေးပညာရပ်ဆိုင်ရာ ဆွေးနွေး**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့တွင် ကျောင်းသား ကျောင်းသူများအား တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရုပ်သေးပညာရပ်များကို နိုင်ငံတကာမှ သိရှိစေရန် ရုပ်သေးပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတကာ ရုပ်သေးပညာရပ်နှင့် ရုပ်ရှင်ရိုက်ကူးရေးပညာရပ်များ လေ့လာသိရှိခွင့်ရရှိစေရန် မြန်မာ-အစ္စရေး နှစ်နိုင်ငံပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် အစ္စရေးနိုင်ငံမှ ဒါရိုက်တာများက ရုပ်ရှင်ရိုက်ကူးရေးသင်ခန်းစာများကို လာရောက်ပို့ချပေးခဲ့ပါကြောင်း။



ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ

**အနုပညာတင်ဆက်မှုပြုလုပ်**

ဂျပန်နိုင်ငံသံရုံး၏ စီစဉ်ကူညီမှုဖြင့် Restaurant of Many Orders ပြဇာတ်နှင့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့် ပူးပေါင်း၍ Korea Association of Classical Music Exchange ကိုလည်းကောင်း၊ ထိုင်းနိုင်ငံနှင့် ပူးပေါင်း၍ Suranaree University of Technology ကို လည်းကောင်း အနုပညာတင်ဆက်မှုများကို ပြုလုပ်နိုင်ခဲ့ပါကြောင်း။

**မြန်မာသမိုင်းအဖွဲ့ တိုးချဲ့ဖွဲ့စည်း**

မြန်မာသမိုင်း၏ ပကတိဖြစ်ရပ်မှန်များကို သုတေသနပြုရေးသားပြုစုနိုင်ရန်အတွက် မြန်မာသမိုင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ကျွမ်းကျင်ပညာရှင်များက မိမိတို့ပိုင်နိုင်ရာ ခေတ်ကာလ အပိုင်းအခြားအလိုက် ရေးသားပြုစုကြရန် စီမံချက် ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖြေကြားကြသည်။

**တိပ်ပိတ်တရားဟောခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ဆရာတော် ဦးဝီရသူသည် တိပ်ပိတ်တရားဟောခြင်း ကိုးကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးသည် ထိလွယ်ရှလွယ်သောကိစ္စဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ အဆင့်ဆင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဖြေကြားရန် အချိန်စောသည့်အတွက် တုံ့ပြန်အရေးယူမှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာန အင်တာနက်စာမျက်နှာအပါအဝင် သတင်းများ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မူဝါဒများ ချမှတ်ပေး**

**သာသနိကအဆောက်အအုံများတွင် မသင့်လျော်သောပုံများတင်ထားခြင်း**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တိုက်ရိုက်ကိုင်တွယ်သင့်သည့် ဘုရားပုထိုးစေတီများ၊ သာသနိကအဆောက်အအုံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဂေါပကအဖွဲ့ထံ မူဝါဒများကို ချမှတ်ပေးပါကြောင်း၊ ကျန်ဒေသများရှိ ဘုရားပုထိုးစေတီများနှင့် သာသနိကအဆောက်အအုံများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့်အာဏာတွင် ထည့်သွင်းလုပ်ပိုင်ခွင့် ပေးထားပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝိုင်းဝန်းလုပ်ဆောင်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း မူဝါဒဆိုင်ရာအရညှိနှိုင်းဆောင်ရွက်ပေးပါကြောင်း၊ အမှန်တကယ် အကောင်အထည်ဖော် ထိန်းသိမ်းကြပ်မတ် အရေးယူဆောင်ရွက်ရမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဂေါပကအဖွဲ့များမှ လွတ်လပ်စွာဆောင်ရွက်ခွင့် ပြုထားပါကြောင်း ဖြေကြားသည်။

**လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင်**

**မြန်မာ့သမိုင်းအမှန်ပြုစုရေး**နှင့် စပ်လျဉ်း၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က တကယ့်ဖြစ်ရပ် အမှန်အတိုင်း လွတ်လွတ်လပ်လပ်ရေးရန် တာဝန်ပေးထားပါကြောင်း၊ ခေတ်အလိုက် ရေးသားရာတွင် ဖြစ်ပျက်ခဲ့သည့် သမိုင်းဖြစ်ရပ်မှန်များကို စနစ်တကျရေးရန်၊ ရေးသည့်အပေါ်တွင် ဌာနအနေဖြင့် တာဝန်ခံပေးမည်ဖြစ်ကြောင်းပြောကြား၍ တာဝန်ပေးထားပါကြောင်း၊ သမိုင်းတွင် ရေးပြီးသားအပိုင်းများကိုလည်း တကယ့်ဖြစ်ရပ်မှန်အတိုင်း ဟုတ်၊ မဟုတ် စနစ်တကျ ပြန်လည်စိစစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ရန် တာဝန်ပေးထားပါကြောင်း၊ မြန်မာသမိုင်းအဖွဲ့ကို လွတ်လွတ်လပ်လပ် ရေးသားရန် တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

---

*စာမျက်နှာ ၇ မှ*

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းနေပါကြောင်း၊ အစိုးရ၏မူဝါဒမှာ ယခုကိစ္စအား ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ နှစ်နိုင်ငံချင်း ညှိနှိုင်းဖြေရှင်းသွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနည်းတူ အပြုသဘောဆောင်သည့် ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ပေးနိုင်ပါကြောင်း ဖြေကြားသည်။

**NVC ကတ်များလုပ်ဆောင်ပေးရန် စီစဉ်**

**ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကိစ္စနှင့် အုပ်ချုပ်ရေးယန္တရား ပိုမိုကောင်းမွန်အောင် မည်သို့စီမံဆောင်ရွက်ထားကြောင်းနှင့် စပ်လျဉ်း၍** NVC ကတ်နှင့် ပတ်သက်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အဓိကမှာ နိုင်ငံသားအခွင့်အရေးပေးနိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံယူရမည့် NVC ကတ်လုပ်ရမည်ဖြစ်ပါကြောင်း၊ ပြီးပါက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (Nationality Verification Process) ကို ဝင်ရမည်ဖြစ်ပါကြောင်း၊ စိစစ်ရာတွင်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် တည်ဆဲဥပဒေဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ဥပဒေကို ကျော်လွန်ပြီး လုပ်ဆောင်ပေး၍ မရပါကြောင်း၊ NVC ကတ်များကို ကျေးရွာများအထိ သွားရောက်လုပ်ဆောင်ပေးနိုင်ရန် စီစဉ်နေပါကြောင်း။

**လက်ဦးမှုယူနှိမ်နင်းနိုင်ခဲ့**

ရခိုင်ပြည်နယ်တွင် မီဒီယာများ လာရောက်မေးမြန်းရာတွင် ဖြေကြားခဲ့သူများ၊ အုပ်ချုပ်ရေးနှင့်ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသူများ၊ အောက်ခြေတွင် ဖြစ်ပျက်နေသည့် အမှန်တရားအား ပြောကြားသူများ အသတ်ခံခဲ့ရပါကြောင်း၊ အကြောက်တရားဖြင့် ယင်းလူ့အဖွဲ့အစည်းအတွင်းတွင် ခြိမ်းခြောက်မှုများ လုပ်နေပါကြောင်း၊ အသတ်ခံရသည့်ကိစ္စများအား စုံစမ်းဖော်ထုတ်အရေးယူနေမှုများရှိပါကြောင်း၊ ယခုထက်ပို၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယင်းဒေသတွင် နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် ကြိုးပမ်းမှုများရှိနေပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်မလာအောင် ကြိုတင်ကာကွယ်ဆောင်ရွက်နေမှုများရှိပါကြောင်း၊ ရွာထဲမှ လူငယ်များကို စည်းရုံး၍ အကြမ်းဖက်သင်တန်းများ ပေးနေပါကြောင်း၊ ၎င်းတို့၏ရည်ရွယ်ချက်မှာ တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် လုံခြုံရေးစခန်းများအား တိုက်ခိုက်ရန်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို လက်ဦးမှုရယူပြီး နှိမ်နင်းနိုင်ခဲ့ပါကြောင်း ဖြေကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်သည့်မေးခွန်းကို ဖြေကြားရာတွင်** အစိုးရသစ်လက်ထက်တွင် တိုင်ကြားနိုင်သည့်ဌာနများ ဖွင့်လှစ်၍ ဆောင်ရွက်ပါကြောင်း၊ တိုင်ကြားမှုထဲတွင် အများဆုံးမှာ မြေယာကိစ္စ၊ ဒုတိယအများဆုံးမှာ တရားစီရင်ရေးနှင့်ပတ်သက်သည့် တိုင်ကြားမှု၊ တတိယအများဆုံးမှာ ဌာနဆိုင်ရာကိစ္စများဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အမြန်ဆုံးနိုင်ငံသည် ၁၀ နှစ်ကြာပါကြောင်း၊ ယင်းစိန်ခေါ်မှုကို အချိန်ယူဖြေရှင်းရမည် ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်သည့် ငွေကြေးကိစ္စအား ပြန်လည်ပေးလျော်ရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူရန် ညွှန်ကြားထားပါကြောင်း၊ အစိုးရသစ်၏မူဝါဒမှာ နောက်ကြောင်းပြန်လှန်ရန် မဟုတ်ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များရှိပါကြောင်း၊ ယင်းကိစ္စများကို ထားပြီး ယခုအစိုးရသစ်လက်ထက်တွင် အစိုးရသစ်၏မူဝါဒနှင့်အညီ အကောင်းဆုံးဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ဖြေကြားသည်။

**နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးသွားမည်**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးပါဝင်လာအောင် ဆောင်ရွက်မည့်အခြေအနေအား သိရှိလိုကြောင်း မေးခွန်းအပေါ်** NCA လက်မှတ်မရေးထိုးသေးသည့်အဖွဲ့များ ပါဝင်လာအောင် ကြိုးပမ်းသွားရန် ရှိပါကြောင်း၊ NCA လက်မှတ်ထိုးပြီးသားအဖွဲ့များ တက်ရမည်၊ မထိုးရသေးသည့်အဖွဲ့များ မတက်ရဘူးဆိုသည်မှာ မဟုတ်ပါကြောင်း၊ အဆိုပါအဖွဲ့များပါဝင်ရန် အားလုံးက လက်ခံထားပါကြောင်း၊ မည်သည့်နည်းလမ်းဖြင့် တက်ရောက်ရမည်၊ မည်သည့်အခန်းကဏ္ဍအထိ ပါဝင်ရမည်ကို လာမည့် မေ ၁၂ ရက်တွင် ကျင်းပမည့် UPDJC အစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် နိုင်ငံရေးကိစ္စများဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးပွဲမလုပ်ဖြစ်ခဲ့ပါကြောင်း၊ စာတမ်းများသာတင်ခဲ့ပါကြောင်း၊ ယခုအကြိမ်တွင် တကယ့်နိုင်ငံရေးဆွေးနွေးပွဲ၊ နိုင်ငံရေးအပေးအယူလုပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

---

# ကျန်းမာရေးကဏ္ဍအတွက် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင်း ကျပ်ငွေ ၈၈၁ ဘီလီယံသုံးစွဲခဲ့ မြန်မာ့ဆေးလောက၏မှတ်တိုင်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ခြောက်ကြိမ်ပြုလုပ်

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၈၈၁ ဘီလီယံသုံးစွဲခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျပ်ငွေ တစ် ထရီလီယံကျော် သုံးစွဲရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက တီဘီ၊ HIV၊ ငှက်ဖျားအစရှိသည့် ကူးစက်တတ်သည့် ရောဂါနှင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ အစရှိသည့် မကူးစက်တတ်သည့်ရောဂါများကို တားဆီးကာကွယ်ကုသပေးရေး၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှု၊ မတော်တဆနှင့် ထိခိုက်ဒဏ်ရာကာကွယ်ကုသရေး စသည့်လုပ်ငန်းများနှင့် ဘဝတစ်လျှောက်လုံးအား ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ စသည့်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ ဟန်ချက်ညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံးတွင် ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခု ဖွင့်လှစ်ထားရှိပြီး ၇၀ ရာခိုင်နှုန်းဖြစ်သည့် ၁၂၄၅ ခုတွင် Community Health Clinic များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှု

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကို သိရှိနိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားအာဟာရနှင့် အစားအစာစားသုံးမှု စစ်တမ်းကို ကောက်ယူသွားမည် ဖြစ်ပါကြောင်း။

တီဘီရောဂါရှာဖွေရာတွင် သိပ္ပံနည်းကျတိကျစွာ ဖော်ထုတ်သတ်မှတ်နိုင်ရန် ဇီဝလုံခြုံမှုအဆင့် ၃ (Biosafety III Laboratory) ဓာတ်ခွဲခန်းကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တည်ဆောက်ပြီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

**ART ဆေးကုသဌာန ၃၀၀အထိရှိ**

၂၀၁၆ ခုနှစ်အတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါလူနာစုစုပေါင်း ၁၂၀၀၀၀ အထိ တိုးချဲ့ကုသပေးနိုင်ခဲ့ပါကြောင်း၊ မိခင်မှကလေးသို့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကူးစက်မှုကိုလည်း ကာကွယ်ရန် ၇၉၀၀၀၀ အထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါလူနာများကို ဆေးကုသပေးသည့် ART ဆေးကုသဌာနကိုလည်း ယခုနှစ်အတွင်း ဌာန ၆၀ အထိ တိုးချဲ့ဖွင့်လှစ်နိုင်သည့်အတွက် စုစုပေါင်း ART ဆေးကုသဌာန ၃၀၀ အထိ ရှိနေပြီဖြစ်ပါကြောင်း။

အခြေခံကျန်းမာရေးဝန်ထမ်းများသည် ခက်ခဲသည့် ဒေသများသို့ ၉၅၆၉ ကြိမ် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ကိုယ်ဝန်ဆောင် ၃၆၀၀၊ မွေးပြီး မိခင်နှင့် မွေးကင်းစကလေးများအပါအဝင် အထွေထွေလူနာပေါင်း ၂၁၉၀၀ အတွက် GAVI မှ ငွေကျပ်သန်းပေါင်း ၂၁၉၀ ထောက်ပံ့ခဲ့ပါကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးဝန်ဆောင်မှုပိုမိုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာန ၈၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၈ ခု တည်ဆောက်ပေးပြီး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နေပါကြောင်း။

**ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်းတွင် မြန်မာ့ဆေးလောက၏ မှတ်တိုင်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခြောက်ကြိမ်၊ လူနာ ၁၉ ဦးအား နှလုံးနှင့်သွေးကြောဆိုင်ရာ အကြီးစားခွဲစိတ်ကုသမှု ၁၉ ကြိမ်၊ ကလေးကျောက်ကပ်အစားထိုးလဲလှယ်ကုသမှုပေးခြင်း၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသမှု ကိုးကြိမ်တို့ကို မြန်မာဆရာဝန်များနှင့် နိုင်ငံတကာမှ



အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း

ပညာရှင်များပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားသည့် Cardiac Cath Lab တွင် ခြောက်လတာကာလအတွင်း နှလုံးရောဂါဝေဒနာရှင် စုစုပေါင်း ၁၃၅၈ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသားသွေးဌာနခွဲအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သွေးတောင်းခံမှု၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းကို စေတနာရှင် သွေးလှူရှင်များမှ ထောက်ပံ့ပေးနိုင်ခဲ့ပြီး ၂ ဒသမ ၅ ရာခိုင်နှုန်းသာ လူနာရှင်များမှ ရှာဖွေပေးခဲ့ရပါကြောင်း။

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန်အတွက် သစ်လွင်ဆရာဝန် ၁၇၀၇ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈၁ ဦး အပါအဝင် အမှုထမ်း၊ အရာထမ်း ၁၃၃၇၆ ဦးကို အသစ်ခန့်ထားနိုင်ခဲ့ပါကြောင်း။

**အမှုထမ်း၊ အရာထမ်း အသစ်ခန့်ထား**

ပြည်သူများ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးများ သုံးစွဲနိုင်ရန်အတွက် တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းများကို စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးသုတေသနဦးစီးဌာနသည် ပုံမှန်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများအပြင် ဗဟိုအဆင့် ဆေးရုံကြီးများသို့ စတင်ရောက်ရှိချိန်တွင် လူနာများစောင့်ဆိုင်းရသော ကြာချိန်နှင့် စပ်လျဉ်းသည့် သုတေသနစာတမ်း၊ ဗဟိုအဆင့် ဆေးရုံကြီးများ၏ ဝန်ဆောင်မှုများအပေါ် လူနာများ၏ စိတ်ကျေနပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြကျန်းမာရေးဌာနများအား ဆန်းစစ်သော သုတေသနလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ဓာတုပစ္စည်းများပါဝင်သည့် အလှကုန်များ ဖျက်ဆီး**

ဈေးကွက်အတွင်းမှ ဆေးဝါးများကို စိစစ်ပြီး ပြစ်မှုကျူးလွန်သည့် ဆေးဆိုင်နှင့် လုပ်ငန်းစုစုပေါင်း ၇၅ ခုကို တရားစွဲဆိုခဲ့ပါကြောင်း၊ ပြည်သူများအတွက် အန္တရာယ်ရှိသည့် တရားမဝင်ဆေးဝါးနှင့် သက်တမ်းလွန်ဆေးဝါးများကို ရှာဖွေဖော်ထုတ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၂၇၁ ကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ်သိန်းတစ်သောင်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ဖျက်ဆီးခဲ့ပါကြောင်း၊ တားမြစ် ဓာတုပစ္စည်းပါဝင်သည့် အလှကုန်ပစ္စည်း ၃၇ မျိုးကို ဖော်ထုတ်ဖမ်းဆီးပြီး ဖျက်ဆီးနိုင်ခဲ့ပါကြောင်း။

Township Sports Development Program (TSDP)အရ မြို့နယ် ၁၅၁ မြို့နယ်တွင် အားကစားနည်းမျိုးစုံပါဝင်သည့် အားကစားပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၇ မျိုးကို အုပ်ချုပ်သူ၊ နည်းပြ ၇၂ ဦး၊ ကစားသမား ၂၈၈ ဦး၊ GYM ၁၃ ဦး၊ နိုင်ငံခြားနည်းပြ ကိုးဦး၊ ရန်ကုန်မြို့တွင် အားကစားနည်း ၁၃ မျိုးကို အုပ်ချုပ်သူ၊ နည်းပြ ၅၉ ဦး၊ အားကစားသမား ၂၅၂ ဦး စခန်းသွင်းလေ့ကျင့်လျက်ရှိပါကြောင်း အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက မေးမြန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

**မူခင်းဆေးဆရာဝန်များ တိုးတက်ရေးမေးခွန်း**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဖြေကြားရာတွင် မူခင်းဆိုင်ရာဆေးစာများ နောက်ကျနေရခြင်းသည် မြန်မာနိုင်ငံ၌ မူခင်းဆရာဝန်အရေအတွက် နည်းပါးနေသည့်အပြင် မူခင်းတစ်ခုအပေါ် ဆေးဘက်ဆိုင်ရာ အမြင်ပေးရာ၌ စနစ်တကျစစ်ဆေးပြီး မှတ်ချက်ပြုရသည့်အတွက် အချိန်ကြန့်ကြာမှု ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူခင်းဆရာဝန်အရေအတွက် တိုးတက်လာရန် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်နေပါကြောင်း၊ ထို့အပြင် အရေးပေါ်ကိစ္စရပ်များအတွက် မူခင်းဆရာဝန်၏ ဆေးမှတ်ချက်လိုအပ်ပါကလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

**ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦး တွေ့ရှိ**

**ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ၏ နောက်ဆုံးအခြေအနေ**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ယခင်က ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့သော်လည်း စနစ်တကျကုသပေးသည့်အပြင် လူနာရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ဆေးကုသမှုခံယူခဲ့ပါကြောင်း၊ အဆိုပါ ကူးစက်ခံရသူအပြီးတွင် မြန်မာနိုင်ငံ၌ ဇီကာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့ခြင်း မရှိပါကြောင်း၊ ထို့အပြင် ဇီကာဗိုင်းရပ်စ် ရောဂါ၏ နောက်ဆက်တွဲ ဖြစ်စဉ်များ ယခုအချိန်ထိ ဖြစ်ပွားခြင်းမရှိသည့်အပြင် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မကူးစက်သောရောဂါများ ကြိုတင်ကာကွယ်နေမှု**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က မကူးစက်သော (ဆီးချို၊ သွေးချို စသည့်) ရောဂါများကာကွယ်ကုသရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်နေသည့်အပြင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ရောဂါများသည် မြို့ကြီးများတွင်သာမက ကျေးလက်ဒေသများ၌ပါ ဖြစ်ပွားလာသည့်အတွက် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆီးချို၊ သွေးချို ရောဂါကုသရေးဆေးဝါးများကို ဖြည့်တင်းကုသပေးလျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# ဈေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသနှစ်ခုဖြစ်သော ပုဂံ-အန်းကောဝပ် ဒေသနှစ်ခုအား ခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန် ဆွေးနွေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြည်တွင်း၊ ပြည်ပခရီးသွားများ ခရီးသွားသည့်အခါ ပျော်ရွှင်ချမ်းမြေ့ရန်နှင့် စိတ်နှလုံးအေးချမ်းရန် လိုပါကြောင်း၊ ဝန်ဆောင်မှုပေးမည့် ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်အားလုံး အရည်အသွေးမြင့်သူများဖြစ်ရန် လိုအပ်ပါကြောင်း၊ ကောင်းမွန်သော စွမ်းဆောင်ရည်ရှိသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ခဲ့ပါကြောင်း။

**ခရီးသွားများ သိရန်လို**

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ်မှတ်အများစုသည် ငွေကြေးများများသုံးနိုင်သည့် ဂျပန်၊ ကိုရီးယား၊ ဥရောပ၊ အမေရိကန်နိုင်ငံသားများဖြစ်ပါကြောင်း၊ အဓိကမှာ နိုင်ငံ၏နာမည်ကိုသိရန်လိုအပ်ပါကြောင်း၊ မြန်မာဆိုသည်ကို ခရီးသွားများသိရန်လိုပါကြောင်း၊ တစ်နည်းအားဖြင့် သတင်းဖြန့်ချိခြင်း အရေးကြီးပါကြောင်း၊ Information ကျယ်ကျယ်ပြန့်ပြန့်သိသွားရန် ပြပွဲများတွင် ခင်းကျင်းပြသနိုင်ခြင်းအပြင် နည်းမျိုးစုံနှင့် ဝက်ဘ်ဆိုက်များကတစ်ဆင့် ဖြန့်ချိရေးလုပ်ငန်းစဉ်များကိုပါ တစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဆောင်ရွက်နိုင်မည့် နည်းလမ်းများရရှိ**

လုပ်ငန်းစဉ်များကို ငွေကြေးမရှိဘဲ လုပ်၍မရပါကြောင်း၊ ဘတ်ဂျက်မှာလည်း အကန့်အသတ်နှင့် ပေးထားခြင်းဖြစ်ပါကြောင်း၊ တစ်နှစ်အတွင်း ပုဂ္ဂလိက၊ အခြားသော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လာမည့်ရှေ့နှစ်အတွက် ငွေကြေးကဏ္ဍတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရရှိခဲ့ပါကြောင်း။

**စီးပွားရေးလုပ်ငန်း အများအပြားရှိ**

ငြိမ်းချမ်းရေးနယ်ပယ်တွင် လက်နက်ကိုင်အဖွဲ့အစည်းများရှိနေသည့် နေရာများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ အများအပြားရှိနေပါကြောင်း၊ အလားတူ ဥပဒေစိုးမိုးမှုအပြည့်အဝမရသေးသည့်နေရာများတွင် ခရီးသွားလုပ်ငန်းနှင့်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများရှိပါကြောင်း၊ ဥပဒေစိုးမိုးမှုအောက်တွင် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် ခရီးသွားဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းများ လုပ်နိုင်ခဲ့မည်ဆိုပါက ပိုပြီးကောင်းမွန်သည့် ရလဒ်များ ရလာမည်ဖြစ်သည့်အတွက် ပြီးခဲ့သည့်တစ်နှစ်လုံး အခြေခံအားဖြင့် လုပ်ငန်းစဉ်များအားလုံးအပေါ် အားတက်သရော ဆောင်ရွက်ခဲ့ပါကြောင်း။

**ပြည်သူ၏ထောက်ခံမှု ပိုပြီးရရှိ**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအား ဘာသာစကားသင်ပေးနိုင်ခဲ့ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတရှိရန် သက်ဆိုင်ရာဒေသအသီးသီးတွင် အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်များအပေါ်တွင် ပြည်သူများပါဝင်လာသည်နှင့်အမျှ အထောက်အကူပြု အသိပညာပြန့်ပွား၊ တိုးပွားလာသည့်အတွက် ခရီးသွားလုပ်ငန်းကို ပြည်သူ၏ထောက်ခံမှု ပိုပြီးရရှိလာမည်ဖြစ်ပါကြောင်း။

**ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း တည်ထောင်**

ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူနေမှုမြင့်တင်ရေးအတွက် ခရီးသွားကဏ္ဍမှ ကြိုးစားဖော်ဆောင်ခဲ့ပါကြောင်း၊ အဓိက လူနေမှုအဆင့်အတန်း နိမ့်ကျနေသေးသည့် ကျေးရွာလူထု၊ ဝင်ငွေနည်းပါးနေသေးသည့် ပြည်သူလူထုကို ဝင်ငွေတိုးပွားလာအောင် ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် ကျေးရွာကို သွားရောက်လည်ပတ်သည့် နိုင်ငံခြားသားများသည် ကျေးရွာအတွင်းရှိ သီးသန့်စီစဉ်ထားသည့် အိပ်ဆောင်များတွင် နေထိုင်ရင်း ပြည်သူလူထု၏ လူနေမှုဘဝကို လေ့လာနိုင်ပါကြောင်း၊ ကျေးရွာမှ တည်ခင်းဧည့်ခံသည့် မြန်မာ့ရိုးရာစားသောက်စရာများကို စားသောက်ပြီး လူနေမှုဘဝကို လေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသ၏ရိုးရာပစ္စည်းများ ထုတ်လုပ်မှုနှင့် ချက်ပြုတ်စားသောက်သည့် လူနေမှုပုံစံများကို လေ့လာနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာကြီး၏ ခရီးသွားသည့်ပုံစံသည် အပန်းဖြေဟိုတယ်ကြီးများတွင် တည်းခိုရေးလုပ်ငန်းစဉ်များအပြင် ပြည်သူနှင့်ထိတွေ့ခြင်းဆိုသည့် လုပ်ငန်းစဉ်များ ပိုပြီးခေတ်စားလာသည့်အတွက် ထိုဒေသတွင်ရှိသည့် ပြည်သူလူထုအတွက် ဝင်ငွေရရှိမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ရှာဖွေရေးနှင့်မြှင့်တင်ရေးအတွက် နိုင်ငံတကာတွင် ကျင်းပသည့် ခရီးသွားလုပ်ငန်းဆိုင်ရာပွဲတော်များ ပြခန်းများတွင် လိုက်လံပါဝင်ပြသခဲ့ပါကြောင်း၊ ထိုသို့ပြသခဲ့သည့်အတွက် အခြားနိုင်ငံများမှ ခရီးသွားမြှင့်တင်ရေးအတွက် ဈေးကွက်အားမည်သို့မြှင့်တင်နေသည်ကို ပုဂ္ဂလိကအားလုံး အရင်ကထက် ပိုပြီးသိလာပါကြောင်း၊ ထိုပွဲလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးအကြောင်းနှင့် မြန်မာနိုင်ငံတွင် ခရီးသွားရေးအတွက် ဆွဲဆောင်မှုအများအပြားရသည်ဆိုသည်ကို သက်သေပြနိုင်ခဲ့ပါကြောင်း။

**လိုင်စင်များ ချမှတ်ပေးခဲ့**

စီးပွားရေးလုပ်ငန်းလုပ်နေသည့် လုပ်ငန်းလေးခုဖြစ်သည့် ဟိုတယ်လိုင်စင်၊ ခရီးသွားလှည့်လည်ရေး လုပ်ငန်းလိုင်စင်၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များပေးပါကြောင်း၊ မိမိတို့အနေဖြင့် ပိုမိုပြီးတိုးတက်မြင့်မားစွာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် လိုင်စင်များ ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းများသည် အလားအလာကောင်းသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတစ်နံတစ်လျားရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများမှာ ခရီးသွားလုပ်ငန်း၏အောက်တွင် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများကို လိုင်စင်လျှောက်ကြပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုကို ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြန်လည်ဖြေကြားသည်။

**နိုင်ငံခြားသားများ ရိုးရာယဉ်ကျေးမှုကို ပိုမိုနှစ်ခြိုက်**

**ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ မေးခွန်း**နှင့် စပ်လျဉ်း၍ မြိုင်ဒေသသို့ နိုင်ငံခြားသားများ လာရောက်ရခြင်းသည် ကျေးရွာ၏ ဝန်ဆောင်မှုများအား ခရီးသွားများက အထူးနှစ်ခြိုက်သည့်အတွက် ဖြစ်ပါကြောင်း၊ ကျေးရွာသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအနေဖြင့် ရိုးရာ



ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်

ယဉ်ကျေးမှု ဒေသဓလေ့ထုံးစံများအပြင် ကျေးလက်နေပြည်သူများ၏ နေ့စဉ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ပိုမိုနှစ်ခြိုက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်သည့်အတွက် ဒေသခံပြည်သူများအတွက် ထိုက်သင့်သည့် ငွေကြေးဝန်ဆောင်မှုများ ရရှိသည့်အပြင် ဒေသထွက် ဒေသန္တရစားသောက်ကုန်များနှင့် လက်မှုပစ္စည်းများကိုလည်း ရောင်းချရပါကြောင်း၊ အဆိုပါဒေသသို့ နှစ်စဉ်ခရီးသွားဧည့်သည်များ တိုးတက်လာရောက်လျက်ရှိပါကြောင်း၊ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းသည် လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များ စိတ်ချမ်းမြေ့ပြီး ပြည်သူများအတွက်လည်း ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိသည့် နှစ်လမ်းသွား ကောင်းမွန်သည့် လုပ်ငန်းဖြစ်သည့်အတွက် အနာဂတ်တွင် ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်နေ**

**မိုးရာသီခရီးသွားမြှင့်တင်ရေးလုပ်ငန်း**နှင့် စပ်လျဉ်း၍ မိုးရာသီကာလ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကို ဖော်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့်ပူးပေါင်းပြီး ဆွေးနွေးဆောင်ရွက်နေပါကြောင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၅ သို့*

# ဂျပန်နှင့် အမေရိကန်တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို မေ ၂၈**

ဂျပန်လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှ တိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် ယူအက်စ်အက်စ်ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘောတို့သည် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါအရှေ့ဘက်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

သောကြာနေ့တွင် ပစိဖိတ်သမုဒ္ဒရာ၌ ပြုလုပ်ခဲ့သည့် ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း ဂျပန်နိုင်ငံမှ F-15 တိုက်လေယာဉ် နှစ်စင်းနှင့် အမေရိကန်မှ FA-18 လေယာဉ်နှစ်စင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ တိုက်လေယာဉ်များသည် ပုံစံတကျပျံသန်းခဲ့ပြီး ရေဒီယိုအချက်ပြ ဆက်သွယ်မှုများကို စမ်းသပ်လေ့ကျင့်ခဲ့ကြသည်။

ယခုလအတွင်း ကားလ်ဗင်ဆင် တိုက်ခိုက်ရေးအုပ်စုများသည် စင်ကာပူမှ ထွက်ခွာလာပြီးနောက်တွင် ကိုရီးယားကျွန်းဆွယ်ရှိရာ မြောက်ပိုင်းဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က တိုက်ခိုက်ရေးအုပ်စုသည် ဂျပန်နိုင်ငံ ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ ရေယာဉ်များနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ အာဏာပိုင်များ၏ပြောကြားချက်အရ ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့သည် ဂျပန်ပင်လယ်ပြင်အတွင်း၌အမေရိကန်လေယာဉ်တင် သင်္ဘောနှင့် အတူ စစ်ရေးလေ့ကျင့်မှုအများအပြားထပ်မံ ပြုလုပ်သွားရန်ရှိသေးကြောင်း သိရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ အီနာဒါက ပင်လယ်ရေကြောင်းနှင့် လေကြောင်းတပ်ဖွဲ့များက အမေရိကန်နှင့်ပူးပေါင်းကာ စစ်ရေးလေ့ကျင့်နေမှုများသည် နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေလိမ့်မည်ဖြစ်ပြီး ဒေသတွင်းတည်ငြိမ်မှုရရှိရေးလုပ်ဆောင်မည်ဟု ဂျပန်က ကတိပေးအပ်ခဲ့သည့်အတိုင်း ဆောင်ရွက် နေမှုကို ဖော်ပြနေသည့်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အမေရိကန်လေယာဉ်တင်သင်္ဘောနှင့် ရေကြောင်းကာကွယ်ရေးအင်အားစု ဖျက်သင်္ဘောနှစ်စင်းတို့ ဖိလစ်ပိုင်ပင်လယ်ပြင်ကို ဖြတ်ကျော်နေစဉ်

# ထရန့်အနေဖြင့် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စ ငြိမ်းချမ်းစွာဖြေရှင်းရန်လိုလား




**ဝါရှင်တန် မေ ၂၈**

ကိုရီးယားကျွန်းဆွယ်အရေးကို သံတမန်နည်းအရ ဖြေရှင်းသွားရန်လိုလားကြောင်း၊ သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံနှင့် အချေအတင်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ သမ္မတဒေါ်နယ်ထရန့်က ယမန်နေ့က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့်ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်နိုင်ရန် နည်းလမ်းရှိနိုင်ကြောင်း၊ ကိုရီးယားကျွန်းဆွယ်အရေးကိစ္စကို သံတမန်နည်းအရ ဖြေရှင်းသွားရန် လိုလားသော်လည်း ခက်ခဲကြောင်း ရိုက်တာသတင်းဌာနနှင့် အင်တာဗျူးလုပ်စဉ် အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် ဆွေးနွေးမှုလမ်းကြောင်းအပေါ် ပြန်လည်ရောက်ရှိလာရန်အတွက် ဖိအားပေးမှုများ ပိုမိုပြုလုပ်ရန် နိုင်ငံတကာအဖွဲ့ဝင်များနှင့် စီစဉ်ဆောင်ရွက်နေကြောင်း ထရန့်အစိုးရအဖွဲ့ အကြီးတန်းအရာရှိများက ယမန်နေ့က ပြောကြားခဲ့သည်။

အမေရိကန် သမ္မတအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ ဖျက်သိမ်းမှုပြုစေရန် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများနှင့် သံတမန်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို လိုလားကြောင်း၊ မြောက်ကိုရီးယား၏ နျူကလီးယားထုတ်လုပ်ရန် ကြိုးပမ်းမှုများသည် နိုင်ငံတော်လုံခြုံရေးခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး အရေးကြီးသည့် နိုင်ငံခြားရေးမူဝါဒလည်းဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများအတွက် လမ်းဖွင့်ပေးထားသော်လည်း နိုင်ငံအကျိုးစီးပွားနှင့် မဟာမိတ်များကို ကာကွယ်ပေးရန်ပြင်ဆင်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်၊ ကာကွယ်ရေးဝန်ကြီး ဂျိမ်းမတ်တစ်နှင့် အမျိုးသားစုံစမ်းထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒန်ကုက်စ်တို့က ပူးတွဲထုတ်ပြန်ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

# မက်ဆီဒိုးနီးယားပါလီမန်အတွင်း ဆန္ဒပြသူများ ဝင်ရောက်စီးနင်း

**မက်ဆီဒိုးနီးယား မေ ၂၈**

မက်ဆီဒိုးနီးယားနိုင်ငံတွင် ပါလီမန်ဥက္ကဋ္ဌ ရွေးချယ်မှုကို မကျေနပ်သဖြင့် ဆန္ဒပြသူများ မက်ဆီဒိုးနီးယား ပါလီမန်အဆောက်အအုံအတွင်းသို့ ယမန်နေ့က အတင်းအဓမ္မဝင်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

SDSM ပါတီနှင့် အယ်လ်ဘေးနီးယား ပါတီငယ်သုံးခုမှ ပါလီမန်အမတ်များသည် အယ်လ်ဘေးနီးယား ပါတီငယ်တစ်ခုဖြစ်သော DUI ပါတီမှ တယ်လတ်ဇာဖယ်ရီအား ပါလီမန်ဥက္ကဋ္ဌသစ်ရွေးချယ်ခဲ့ခြင်းကြောင့် ထိုသို့ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

VMRO-DPMNE ပါတီအား ထောက်ခံသော ဆန္ဒပြသူများသည် SDSM ပါတီမှ ပါလီမန်အမတ်များကို အစည်းအဝေးခန်းမတစ်ခုအတွင်း ပိတ်ဆို့ထားပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်ခံရသူများတွင် SDSM ပါတီမှ ပါတီခေါင်းဆောင် ဇိုရမ်ဇာအစ်လည်း ပါဝင်ခဲ့သည်။ တယ်လတ်ဇာဖယ်ရီအား ပါလီမန်အမတ်များ၏ စုစုပေါင်းဆန္ဒမဲ ၁၂၀ အနက် ၆၂ မဲဖြင့် ရွေးကောက်ခဲ့ခြင်းဖြစ်သည်။

VMRO- DPMNE ပါတီက အဆိုပါရွေးကောက်ပွဲအား အာဏာသိမ်းမှုတစ်ခုအဖြစ်ယူဆခဲ့သည်။
**(ဆင်ဟွာ)**

# ပြန်လည်အခြေချ အိမ်ရာပေါင်း ၁၅၀၀၀ ကို ဂျေရုဆလင်၌ တည်ဆောက်ရန် အစ္စရေးပြင်ဆင်

**ဂျေရုဆလင် မေ ၂၈**

အစ္စရေးသည် ပြန်လည်အခြေချနေထိုင်ရေးအိမ်ရာ ၁၅၀၀၀ ကို ဂျေရုဆလင် အရှေ့ပိုင်းတွင် တည်ဆောက်သွားရန် ရည်ရွယ်ထားကြောင်း အိုးအိမ်ဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အိမ်ရာတည်ဆောက်ရေး အစီအစဉ်ကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ခေတ္တဆိုင်းထားရန် တောင်းဆိုခဲ့သော်လည်း ဂျေရုဆလင်အရှေ့ပိုင်းတွင် တည်ဆောက်သွားရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

အခြေချအိမ်ရာတည်ဆောက်မည့် ယင်းအစီအစဉ်ကို ပါလက်စတိုင်းစေ့စပ်ညှိနှိုင်းရေးအဖွဲ့ အကြီးအကဲက ဝေဖန်ရှုတ်ချခဲ့သော်လည်း လာမည့်လတွင် အစ္စရေးသို့ ထရန့် လာရောက်လည်ပတ်ရန် စီစဉ်ထားသည့်အချိန်လောက်တွင် စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးသည် ဂျေရုဆလင်ကို မပြိုကွဲနိုင်သည့် မြို့တော်တစ်ခုအဖြစ် ရှုမြင်ထားသည်။ သို့သော် ပါလက်စတိုင်းကလည်း ယင်းနေရာကို ပါလက်စတိုင်း၏မြို့တော်အဖြစ် လိုလားလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအများစုက ဂျေရုဆလင်အရေးသည် ညှိနှိုင်းမှုများပြုလုပ်ပြီး ဆုံးဖြတ်ချက်ချရမည့် အခြေအနေတစ်ရပ်အဖြစ် ယူဆထားကြသည်။

ပါလက်စတိုင်းနှင့်အစ္စရေး နှစ်နိုင်ငံအကြား နောက်ဆုံးအကြိမ် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုသည် ၂၀၁၄ ခုနှစ်တွင် ပျက်ပြယ်သွားခဲ့သည်။ အိုးအိမ်ဝန်ကြီး ယော့ဗ်ဂါလန့်တ်က အိမ်ရာ ၁၀၀၀၀ ခန့် ကို ဂျေရုဆလင်၌ တည်ဆောက်သွားမည်ဖြစ်ပြီး နောက်ထပ်တိုးချဲ့အိမ်ရာအလုံးပေါင်း ၁၅၀၀၀ ခန့်ကို ဂျေရုဆလင်၏ စည်ပင်နယ်နိမိတ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**



အစ္စရေးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်

# ပြင်သစ်နိုင်ငံရှိ စာသင်ကျောင်းများ၌ ကလေးငယ် ၃၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**ပါရီ မေ ၂၈**

ယမန်နေ့က ပြင်သစ်နိုင်ငံ အရှေ့မြောက်ပိုင်း ရိုအန်မြို့ရှိ မူလတန်းကျောင်းနှင့် ကလေးထိန်းကျောင်းများမှ ကလေးငယ် ၃၀၀ ကျော်ခန့် အစာအဆိပ်သင့်သည့် လက္ခဏာများတွေ့ရှိခဲ့ကြောင်း စိန့်မာရီတိုင်း ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

အစာအဆိပ်သင့်မှုဖြစ်ပွားသည့်ကလေးများသည် အသက် ၃ နှစ်မှ ၁၂ နှစ်ကြားဖြစ်ပြီး ရိုအန်မြို့ရှိ မူလတန်းကျောင်း ၄၁ ကျောင်းနှင့် ကလေးထိန်းကျောင်း ခြောက်ကျောင်းတို့မှ ကလေးများဖြစ်ကြောင်းသိရသည်။

ရိုအန်မြို့ရှိကျောင်းများမှ ကလေးများသည် အဆိုပါနေ့ နေ့လယ်ပိုင်းတွင် ကုမ္ပဏီတစ်ခုမှပေးပို့ ခဲ့သည့် အစားအစာများကို စားသောက်ခဲ့ပြီးနောက် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း ပြင်သစ်နိုင်ငံ သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

အစာအဆိပ်သင့်မှုဖြစ်ပွားသည့်ကလေးများ စားသောက်ခဲ့သည့် နေ့လယ်စာကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်နေကြောင်း၊ ကလေးငယ် ၈၉ ဦးကို ဆေးရုံသို့ပို့ဆောင်ကာ ကုသမှုဆောင်ရွက်နေကြောင်း၊ ယခုချိန်တွင် စိုးရိမ်ရသည့်အခြေအနေကို ကျော်လွှားခဲ့ပြီဖြစ်ကြောင်း ပြည်နယ်အစိုးရ၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြခဲ့သည်။
**(ဆင်ဟွာ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ တိုင်းရင်းသားရေးရာကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်ရန် ဝန်ကြီးဌာနရုံးခွဲများဖွင့်လှစ်ရေး ဆောင်ရွက်နေ

**နေပြည်တော် ဧပြီ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက ဝန်ကြီးဌာန၏ ရည်မှန်းချက်များမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး စသည့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ချက်များအတိုင်း အပြည့်အဝခံစားရရှိစေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ပြုစုရေးဆွဲတင်ပြခြင်းကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးက ၂၃-၈-၂၀၁၆ ရက်တွင် ရန်ပုံငွေ ၁ ဒသမ ၅၉ ဘီလီယံကျပ် ခွဲဝေခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုငွေသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၀ ဒသမ ၀၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အခွင့်အရေးများ ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် ရုံးသုံးဘာသာစကား၊ တိုင်းရင်းသားဘာသာစကားများနှင့် နိုင်ငံတကာသုံး ဘာသာစကားများကို ကျောင်းပညာသင်ကြားရာတွင် ပေါင်းကူးဆက်သွယ်မှုရရှိနိုင်ရန် မူဝါဒဆိုင်ရာဆွေးနွေးပွဲ (National Language Policy Symposium) ကို ပညာရေးဝန်ကြီးဌာန၊ UNICEF တို့နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်


ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကို

နှင့် ၁၂ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

မြန်မာနိုင်ငံက ထောက်ခံပါဝင်ခဲ့သည့် ကုလသမဂ္ဂဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေညာစာတမ်း (UN-DRIP) ပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)နှင့် ပူးပေါင်း ၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

National Policy Dialogue on the Rights of Indigenous People in Myanmar ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ချင်းလူ့အခွင့်အရေးအဖွဲ့နှင့်ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

နည်းဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ နွေရာသီစာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနရုံးများကို စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး မွန်ပြည်နယ်ဦးစီးဌာနရုံးကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် လည်းကောင်း၊ ကရင်ပြည်နယ်ဦးစီးဌာနရုံးကို ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အခြားကျန်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင်လည်း ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားများ၏ အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့အခမ်းအနားများ ကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးက သဝဏ်လွှာပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစီးဌာနနှစ်ခု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ကရင်၊ ကယား၊ ချင်း၊ မွန် ပြည်နယ်များနှင့် ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့တွင် ရုံးအဆောက်အအုံသစ်များ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး အတွက် ဆက်လက် ဆောင်ရွက်ရန်၊ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန်၊ တိုင်းရင်းသားစာပေများ သင်ကြားနိုင်ရေးနှင့် ထိန်းသိမ်းမြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်တို့ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက ပြန်လည်ဖြေကြားသည်။

**စစ်ပွဲဒဏ်ခံ ဒေသခံများအတွက် ဆောင်ရွက်နေမှု**နှင့်စပ်လျဉ်း၍ အဆိုပါဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး ကူညီထောက်ပံ့မှုနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရုံးခွဲများ ဖွင့်လှစ်ခဲ့သည့်အပြင် မကြာမီကာလအတွင်း ရန်ကုန်မြို့၌ ရုံးခွဲတစ်ခု ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများ**နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် UPDJC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ဆွေးနွေးပွဲများ၌ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ဦးဆောင်ပါဝင် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဝန်ကြီးဌာနသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အထောက်အကူပြုအနေဖြင့် ပါဝင်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအား စားပွဲဝိုင်းဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်ဆွေးနွေးရန် တိုက်တွန်းခဲ့သည့်အပြင် ဒေသအတွင်းရှိ သြဇာရှိသူများအား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ကြရန် လိုက်လံတွေ့ဆုံပြောကြားခဲ့ပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# ကျူးကျော်တဲများအား တစ်တဲကျူး တစ်တဲဖျက်စနစ်ဖြင့် ရှင်းလင်းလျက်ရှိ

**ရန်ကုန် ဧပြီ ၂၈**

ကျူးကျော်ဆောက်လုပ်နေထိုင်သူများအား တစ်တဲကျူး တစ်တဲဖျက်စနစ်ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော် ကိုယ်စားလှယ် ဦးစံကျော်၏ နိုင်ငံ့ဝန်ထမ်းများ၊ လယ်သမားများထံ ပြန်လည်ပေးအပ်ရန်ရှိသော မြေများ၊ စက်မှုဇုန်များ ဆောက်လုပ်ရန်နှင့် ဆောက်လုပ်ဆဲမြေကွက်များပေါ်တွင် မင်းမဲ့စရိုက်ဆန်ဆန် တရားမဲ့ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ ဖယ်ရှားပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် ပတ်သက် ၍ ဝန်ကြီးက ယင်းကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်က နိုင်ငံတော်အစိုးရမှ တရားဝင်သတ်မှတ်ခွင့်ပြုခဲ့သည့် စက်မှုဇုန်မြေကွက်များ၊ ဝန်ထမ်းများ၏ မြေကွက်များ၊ ပြန်လည်ပေးရန်ရှိသော လယ်သမားများ၏ မြေကွက်များပေါ်တွင် ကျူးကျော်သူအချို့မှ မင်းမဲ့စရိုက်ဆန်ဆန် အဆောက်အအုံများ ဝင်ရောက်ဆောက်လုပ်ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်နေသည့်အတွက် ယနေ့ကာလတွင် ပြည်သူ များမှာ နေ့စဉ် စိတ်ဒုက္ခများ ကြုံတွေ့နေရခြင်း၊ ဥပဒေကြောင်းအရ တရားစွဲဆိုပါကလည်း ဝန်ထမ်းများ၊ လယ်သမားများအနေဖြင့် တရားရုံးစရိတ်မတတ်နိုင်သကဲ့သို့ ဥပဒေကို သေချာစွာနားမလည်သည့်အတွက် ကြန့်ကြာနေရပြီး မိမိပိုင်မြေကွက်များ ဆုံးရှုံးရသကဲ့သို့ ခံစားနေရ၍ မြေကွက်များပေါ် တွင် ဥပဒေနှင့်မညီ မင်းမဲ့စရိုက်ဆန်စွာ ကျူးကျော်နေထိုင်မှုများကြောင့် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း အမျိုးမျိုး ကြုံတွေ့နေရသည်ကို နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များတွင် ဖော်ပြနေသည်ကို တွေ့ရကြောင်း ပြောကြားခဲ့သည်။

အဆိုပါမေးခွန်းအပေါ် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ဌာနဆိုင်ရာ မြေများအပေါ် ကျူးကျော်လာပါက သက်ဆိုင်ရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ နို့တစ်ပေးဖယ်ရှားခြင်း၊ ထွက်ခွာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆို၍ ဖယ်ရှားလျက်ရှိပြီး အများပြည်သူပိုင်၊ စည်ပင်ပိုင် မြေများဖြစ်ပါက ကျူးကျော်ဆောက်လုပ်သူများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ တားမြစ်ခြင်း၊ ဆက်လက်ဆောက်လုပ်ပါက ၂၀၁၃ ခုနှစ် စည်ပင်သာယာဥပဒေနှင့်အညီ စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တစ်တဲကျူး တစ်တဲဖျက်စနစ်ဖြင့် ရှင်းလင်းလျက်ရှိကာ ရှင်းလင်းဖျက်သိမ်းရန် အခက်အခဲရှိပါက စည်ပင်သာယာရေး ဥပဒေပုဒ်မ ၆၈၊ ၆၉ အရ တရားစွဲဆိုလျက်ရှိကြောင်း၊ နိုင်ငံတော်မှ မြေငှားစာချုပ်ထုတ်ပေးထားသည့် မြေများပေါ်တွင် ကျူးကျော်မှုများ ဖြစ်ပွားပါက သက်ဆိုင်ရာ မြေငှားစာချုပ်ရရှိထားသူများမှ ပြစ်မှုဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုပြီး ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းမှုအား အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ဖြေရှင်းပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း(၁၃)ခု မေးမြန်းခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဆက်လက်၍ ၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်တွင် အတည်ပြုခဲ့သည်။ ထို့နောက် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာအား ဖတ်ကြားပြီး ကော်မတီ၏ သက်တမ်းကို တစ်နှစ်တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

*စာမျက်နှာ ၉ မှ*

မြန်မာနိုင်ငံ၏ မိုးရာသီကာလဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများသည် ဥရောပ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား အစရှိသည့် နိုင်ငံများ၏ အားလပ်ချိန် နွေဦးကာလဖြစ်သည့်အတွက် ၎င်းအချိန်ကို အဓိကထား စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ပုဂံ-အန်းကောဝပ်ခရီးစဉ်တစ်ခုနှင့်စပ်လျဉ်း၍ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြားရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသနှစ်ခုဖြစ်သော ပုဂံ -အန်းကောဝပ်ဒေသနှစ်ခုအား ခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာလှည့် ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံ ပုဂံဒေသအား လည်ပတ်ပြီးပါက ကမ္ဘောဒီးယား နိုင်ငံရှိ အန်းကောဝပ်ဒေသသို့ ဆက်လက်လှည့်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံ-အန်းကောဝပ်ခရီးစဉ်တစ်ခု အစီအစဉ်အတွက် လိုအပ်သည့် လေကြောင်းတိုက်ရိုက်ပြေးဆွဲနိုင်ရေးအပြင် ပုဂံလေဆိပ်ကို နိုင်ငံတကာဝင်ထွက်ပေါက်အဖြစ် စီစဉ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

*စာမျက်နှာ ၅ မှ*

သိပ်မရှိတော့ဘူး။ လူ ၄၊ ၅၊ ၁၀ ယောက်တောင် တွေ့ရဖို့မလွယ်တော့ဘူး။ လူငယ်တွေနဲ့ပဲ ကြေးမုံကို ဆက်လုပ်နေတာတွေ့ရတော့ ဝမ်းမြောက်မိပါတယ်။ ဒီကနေ့အထိ ကျွန်တော်တို့ထုတ်ဝေတဲ့သတင်းစာဟာ ထိပ်တန်းရောက်နေတာ တွေ့ရတော့ အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ ကြေးမုံက ကျွန်တော်တို့ ထူထောင်လာတာဖြစ်ပေမယ့် ပြည်သူ့သတင်းစာဖြစ်ပါတယ်။ ပြည်သူတွေက ကြေးမုံကိုဖတ်ရမှ၊ ကြေးမုံကိုကိုင်ပြီးသွားရမှကျေနပ်တယ်ဆိုတော့ အတိုင်းမသိဝမ်းမြောက်မိပါတယ်။ အစိုးရသတင်းစာတွေထဲမှာ ပါဝါကြီးတာကတော့ မြန်မာ့အလင်းသတင်းစာပါ။ မြန်မာ့အလင်းက နိုင်ငံတော်က ထူထောင်လာခဲ့တာကိုး၊ ကြေးမုံသတင်းစာကတော့ နဂိုကတည်းကိုက ပြည်သူထူထောင်တဲ့ ပြည်သူ့သတင်းစာဖြစ်ပါတယ်။ ကိုယ်ထူထောင်ခဲ့တဲ့ သတင်းစာက ဒီလောက်ကြီးအောင်မြင်ခဲ့လိမ့်မယ်လို့ မထင်မိခဲ့ဘူး။ အခုတော့ နှစ် ၆၀ ပြည့်လို့ ထိပ်ဆုံးတောင်ရောက်နေတယ်ဆိုတော့ ဝမ်းသာရပါတယ်။”

**ဦးရဲမြင့်ဖေ**

ကြေးမုံ နှစ်ပေါင်း ၆၀ မှာ ကျွန်တော်က နှစ်ပေါင်း ၂၀ လုပ်ခဲ့ပါတယ်။ အထွေထွေ နေ့စားဘဝကနေ အယ်ဒီတာချုပ်အထိ လုပ်ခဲ့ပါတယ်။ ကြေးမုံမှာအကောင်းဆုံး အချက်ကတော့ ကြေးမုံစိတ်ဓာတ်ဖြစ်ပါတယ်။ ကြေးမုံစိတ်ဓာတ်ဆိုတာဟာ Teamwork ကောင်းတာဖြစ်ပါတယ်။ စုပေါင်းလုပ်တယ်။ ဘယ်လောက်ပဲသဘောထားချင်းမတိုက်ဆိုင်စေကာမူ အလုပ်လုပ်တဲ့နေရာမှာ ကြေးမုံကောင်းရမယ်၊ ကြေးမုံမှန်ရမယ်၊ ကြေးမုံမြန်ရမယ်ဆိုတဲ့ စိတ်ဓာတ်က ကြေးမုံစိတ်ဓာတ်ဖြစ်ပါတယ်။ အဲဒီစိတ်ဓာတ်နဲ့ပဲ ဒီကနေ့ နှစ် ၆၀ ပြည့်ကနေ ဆက်လက်လုပ်ဆောင်သွားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကြေးမုံသတင်းစာကို စတင်ထုတ်ဝေခဲ့သည့် ၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် အခြားသတင်းစာနှစ်စောင်ဖြစ်သည့် အထောက်တော်သတင်းစာနှင့် ပြည်တော်စိုးသတင်းစာ တို့ကိုလည်း တစ်ရက်တည်းထုတ်ဝေခဲ့ကြောင်း သိရသည်။

# နှစ်မြုပ်သွားသော ရွှေလက်ဝါးသင်္ဘော ရက်ပိုင်းအတွင်း ဆယ်ယူမည်

**ရန်ကုန် ဧပြီ ၂၈**

ကြည့်မြင်တိုင်မြို့နယ်(ဆိပ်ကမ်းနယ်မြေ)ဗားကရာဆိပ်၌ ဧပြီ ၂၆ ရက်ညနေ ၃ နာရီကျော်က စတင်တိမ်းမှောက်ခဲ့ပြီး ညနေ ၆နာရီ မိနစ် ၂၀ တွင် နစ်မြုပ်သွားခဲ့သော ရွှေလက်ဝါးကုန်တင်သင်္ဘောကို ရက်ပိုင်းအတွင်း ပြန်လည်ဆယ်ယူသွားမည်ဖြစ်ကြောင်း ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗားကရာဆိပ်တွင် ကမ်းရိုးတန်းသွား သင်္ဘောများ နေ့စဉ်ဆိုက်ကပ်၍ ကုန်တင်ကုန်ချပြုလုပ်နေသော ဆိပ်တစ်ခုဖြစ်သည်။ ၎င်းသင်္ဘော နစ်မြုပ်သွားသည့် ဆိပ်ခံဇောအနီးတွင် အခြားသင်္ဘောများ လာရောက်ဆိုက်ကပ်ပါက အန္တရာယ်ဖြစ်ပေါ်နိုင်ပြီး ရေတက်ချိန်၌ မြစ်ကြမ်းပြင်အထိ ရေစူးအနက် ၂၄ ပေခန့်ရှိကြောင်း သိရသည်။

ထို့အတွက် သင်္ဘောနစ်မြုပ်သွားသည့်ဧရိယာအတွင်း ရေပေါ်၌ ဖြူ/နီ အမှတ်အသားများနှင့် အနီရောင်အလံ တစ်ခု စိုက်ထူထားသည်ကို တွေ့ရသည်။

ဗားကရာဆိပ်မှ ဦးမောင်ဝင်းက “ဒီကနေ့ ဧပြီ ၂၈ ရက်မှာ ဖော်ဖို့ပါပဲ၊ ဒါပေမယ့် ဆယ်ယူပေးမယ့်အဖွဲ့က အနေအထားကို လာပြီးလေ့လာဦးမှာဆိုတော့ ဒီလမကုန်ခင် ရက်အတွင်း ဒါမှ မဟုတ် မေလပထမပတ်အတွင်းမှာတော့ ဆယ်ယူဖြစ်သွားမှာပါ” ဟု ပြောသည်။


**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# စစ်တွေမြို့၌ ရက်ကန်းနှင့် သက်မွေးပညာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုမည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်လိုအပ်

**စစ်တွေ ဧပြီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် စစ်တွေမြို့၌ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းကို ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးထားသော်လည်း လက်တွေ့နယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်မှာ လိုအပ်နေသေးကြောင်း အဆိုပါရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သိရသည်။

"ဒီရက်ကန်းနဲ့ သက်မွေးပညာသင်တန်းကျောင်းမှာက အခုနှစ် သင်တန်းသား သင်တန်းသူ တိုးလာတယ်။ အရင်နှစ်တွေက ဒီလောက်မရှိခဲ့ဘူး။ ဒီမှာက တက်ရောက်လာတဲ့ သင်တန်းသား၊ သင်တန်းသူတွေကို အလုပ်အကိုင်အခွင့်အလမ်း မဖန်တီးပေးနိုင်ဘူး။ ဒါကတော့ အဓိက သင်တန်းသားဦးရေနည်းရတဲ့အကြောင်းအရင်းပါ။ ဒါကြောင့်မို့လည်း သင်တန်းသားတွေက အရင်ကလို သိပ်မတက်ချင်ကြဘူး ဖြစ်နေကြတာ။ ပြီးတော့ အရင်လို ခေါက်ရိုးကျိုးပြီး တစ်လမ်းသွားပဲ သွားချင်ကြတဲ့စိတ်တွေကလည်း မပြောင်းလဲချင်ကြသေးဘူး။ ပြည်သူတွေအနေနဲ့ ခေတ်နဲ့အညီ လိုက်ပါပြောင်းလဲနိုင်မှ နိုင်ငံတော်အနေနဲ့လည်း ဖြည့်ဆည်းပေးရတာ ထိရောက်မှာပါ။ ကျွန်မတို့အနေနဲ့ အမြဲနှိုးဆော်ပါတယ်။ သင်တန်းပြီးတာနဲ့ အလုပ်အကိုင်အခွင့်အလမ်းရှိတဲ့ နေရာတွေကို လက်လှမ်းမီသလောက် သွားရောက်လုပ်ကိုင်ဖို့ပါ။ ဒါပေမယ့် တချို့ကလည်း သွားရောက်လုပ်ကိုင်ကြတယ်။ တချို့ကလည်း မိဘက စိတ်မချတာနဲ့၊ လမ်းစရိတ်မရှိတာနဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် လမ်းကြောင်းမှန်ပေါ်ကို မရောက်ဘူး" ဟု စစ်တွေမြို့ မင်းဘာကြီးလမ်း ဘောက်သီးစုရပ်ကွက်ရှိ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်သက်နှင်းဖြူက ပြောသည်။



ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း၌ သင်တန်းသားများ လက်တွေ့ရက်လုပ်နေမှုကို တွေ့ရစဉ်

အဆိုပါ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းတွင် စက်/လက် ရက်ကန်းပုံမှန် တစ်နှစ် သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို ဖွင့်လှစ်ပေးလျက်ရှိပြီး အခြားအသက်မွေးပညာရက်တို သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။ တစ်နှစ်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ လက်ခံပြီး တက်ရောက်မည့် သင်တန်းသားသည် အသက် ၁၅ နှစ်အထက် အိမ်ထောင်မရှိသူ၊ အခြေခံပညာအလယ်တန်းအဆင့်(အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည် ဖြစ်သည်။ နေရာထိုင်ခင်း စီစဉ်ပေးမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက သင်တန်းသားတစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ ကူညီထောက်ပံ့ပေးထားသည်။ သင်တန်းတက်ရောက်ပြီး အောင်မြင်ပါက သင်တန်းဆင်း လက်မှတ်ထုတ်ပေးကာ သင်တန်းကျောင်းအနေဖြင့် လက်လှမ်းမီသမျှ အလုပ်အကိုင်များကိုလည်း ချိတ်ဆက်ပေးကြောင်း သိရသည်။ ခြောက်လသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦးစီ ခွင့်ပြုပေးထားပြီး အခြေခံပညာအဆင့်ရှိသူများဖြစ်ရမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအနေဖြင့် သင်တန်းသားတစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးထားသည်။ နှစ်စဉ် ခြောက်လသင်တန်းကို ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်ကြိမ်၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ တစ်ကြိမ် ဖွင့်လှစ်ပေးထားကာ ယခုနှစ်တွင် အဆိုပါသင်တန်းကျောင်း၌ တစ်နှစ် သင်တန်းသား သင်တန်းသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ရှစ်ဦး၊ ခြောက်လသင်တန်းတွင် အမျိုးသား တစ်ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်သင်ယူနေကြောင်း သိရသည်။

သင်တန်းကျောင်းတွင် မြောက်ဦးမြို့မှ တစ်နှစ် ရက်ကန်းသင်တန်းတက်နေသော မနှင်းနွယ်စိုးက "ရက်ကန်းသင်တန်းကို ဝါသနာပါတာကြောင့် လာရောက်တက်ဖြစ်တာပါ။ ဦးလေးကနေတစ်ဆင့် ပြောတာနဲ့ အခုလို တက်ရောက်ဖြစ်ခဲ့တာ။ အခုဆိုရင် တော်တော်လေးလုပ်ငန်းသဘောကို နားလည်နေပါပြီ။ ဒီက ဆရာမတွေကလည်း သင်ပြတာကောင်းတော့ နေရတာရော သင်တန်းတက်ရတာပါ အဆင်ပြေပါတယ်။ နိုင်ငံတော်က ပေးတဲ့ စားသောက်စရိတ်က ဒီမှာ ပိုလျှံပါသေးတယ်။ သင်တန်းပြီးလို့ လုပ်ငန်းခွင်ဝင်မယ်ဆိုရင်တော့ ဒီစစ်တွေမြို့ဝန်းကျင်ဆိုရင် ဝင်ရောက်လုပ်ကိုင်ဖြစ်မှာပါ။ ဝေးရင်တော့ အိမ်ကလွှတ်မှာ မဟုတ်ဘူး။ ကျွန်မက ဒီစက်ချုပ်တာတို့၊ ရက်ကန်းတို့ကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာပါ" ဟု ပြောသည်။

နိုင်ငံတော်အနေဖြင့် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းကို ၁၉၄၆ ခုနှစ်တွင် စစ်တွေမြို့ ခရိုင်အစိုးရရက်ကန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် အထက်တန်း ရက်ကန်းကျောင်းအဖြစ် ပြောင်းလဲခဲ့ကာ ယခုအခါတွင် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းအဖြစ် ပြောင်းလဲခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ တွင် ရိုးရာဂျပ်ခုတ်သင်တန်း၊ ဆေးရေးပန်းချီသင်တန်း၊ အခြေခံအပ်ချုပ်စက်သင်တန်း၊ မော်တော်ဆိုင်ကယ်သင်တန်း၊ သီးနှံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းနှင့် သဘာဝဆိုးဆေးနည်းပညာသင်တန်းတို့ကို ရက်တိုသင်တန်းများအဖြစ် လာမည့်မေလဆန်းပိုင်းမှစတင်ကာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့ ဘူးသီးတောင်အကျဉ်းထောင်သို့ ဒုတိယအကြိမ် သွားရောက်လေ့လာ

**နေပြည်တော် ဧပြီ ၂၈**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အဖွဲ့မှ Mr. Jacque Ducros De Lafarga De Romefort (Delegate in Charge ICRC Maung Daw) နှင့် အဖွဲ့ဝင် ၁၀ ဦးသည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီတွင် အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် အကျဉ်းသားအချုပ်သား အိပ်ဆောင်(၁၊ ၃၊ ၄)နှင့် အမျိုးသမီးအိပ်ဆောင်များသို့ သွားရောက်လေ့လာပြီး အကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ ၁၄ ဦး၊ အချုပ်သား ငါးဦးနှင့် အချုပ်သူ တစ်ဦးတို့အား သီးခြားစီတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် အကျဉ်းသား အချုပ်သားအိပ်ဆောင်များသို့ ထပ်မံလာရောက်ပြီး အကျဉ်းသား ၁၀ ဦး၊ အချုပ်သား ၁၀ ဦးတို့အား သီးခြားစီတွေ့ဆုံသည်။

ထို့နောက် ICRC အဖွဲ့သည် အမျိုးသမီးအိပ်ဆောင်၌ မိသားစုများထံ စာရေးသားဆက်သွယ်မှုနှင့်ပတ်သက်၍ မေးမြန်းလေ့လာပြီး စားဖိုဆောင်အတွင်း သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၅ စီး၊ သွင်းကုန် ၄၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၂၀၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀ ဒသမ ၇၅၄ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၄ သန်းခန့် စုစုပေါင်း ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၁၅၄ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၇ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cyanide ဟု ယူဆရသော အခဲများ (၁× ၅၀)ကီလိုဂရမ် လေးပုံး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**



# ကျောက်ဖြူမြို့ရှိ ရခိုင်တိုင်းရင်းသား ကယ်ဆယ်ရေးစခန်းအား ဧပြီ ၂၇ ရက်မှစတင်ကာ ပြန်လည်နေရာချထားပေး

**ကျောက်ဖြူ ဧပြီ ၂၈**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်အတိုင်း ကျောက်ဖြူ၊ ရမ်းဗြဲနှင့် ပေါက်တောမြို့နယ်များရှိ ဒုက္ခသည်စခန်းများကို ပိတ်သိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာအုပ်စု ကညင်တော ရခိုင်တိုင်းရင်းသား ကယ်ဆယ်ရေးစခန်းမှ အိမ်ထောင်စုများအား ဧပြီ ၂၇ ရက်က စတင်ကာ ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာ၌ ဆောက်လုပ်ထားသော အိမ်ရာ၌ ပြန်လည်နေရာချထားပေးလျက်ရှိကြောင်း ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ပုံမှန်အားဖြင့် ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အတွင်း ပြောင်းရွှေ့ရန် စီစဉ်ထားပြီး လျှပ်စစ်မီးနှင့် ရေလိုင်းများ တပ်ဆင်ဆဲဖြစ်သော်လည်း စခန်းမှ မိသားစုဝင်များက ပြောင်းရွှေ့ရန် ဆန္ဒရှိသောကြောင့် ဧပြီ ၂၇ ရက်တွင် အိမ်ထောင်စု ၁၄ စုကို စတင်ပြောင်းရွှေ့ပေးခဲ့ခြင်း ဖြစ်သည်။ ပြင်ဖြူမော်ကျေးရွာကို ပြောင်းရွှေ့ပေးမည့် အိမ်ထောင်စု ၆၅ စု ရှိပြီး မိသားစုဝင်များ လူမှုစီးပွားဘဝ ရပ်တည်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှင့် နေအိမ်များ ပြန်လည်ပြုပြင်ရန် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျန်ရှိသော အိမ်ထောင်စုများကို ဧပြီ ၂၈ ရက်တွင် ဆက်လက်ပြောင်းရွှေ့ပေးလျက်ရှိကြောင်း သိရသည်။

**မြတ်ဝေ**

*✻ ကျောဖုံးမှ*

နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဇွန်လတွင် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည့် KBZ Bank Cup လေးနိုင်ငံဖိတ်ခေါ် ယူ-၂၂ ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည့် အာဆီယံ ယူ-၁၈ ချန်ပီယံရှစ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး ဂဲတ်ဖရိုင်းဒရစ်၊ မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ပြင်သစ်လူမျိုး ဘန်လာဘီတို့က ကိုင်တွယ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အင်တာမီလန်အသင်းတို့သည် အကယ်ဒမီအတွက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ဖူးပြီး ယခုခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကာမစိတ်ကြွဆေးများနှင့် လိင်ဆိုင်ရာအသုံးပြုသည့်ပစ္စည်းရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဧပြီ ၂၈**

ကာမစိတ်ကြွဆေးများနှင့် လိင်ဆိုင်ရာအသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား အင်တာနက်လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများအား ဆက်သွယ်ရောင်းချမှုများရှိနေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းများရယူပြီး ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်း အင်းစိန်ဆေးရုံရှေ့၌ ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်နေ မျိုးဇင်မင်း(ခ)မျိုးဇင်လင်း(ခ)မင်းမင်း(၂၁နှစ်)အား အမျိုးသမီးများ ကာမစိတ်နိုးကြွစေသည့် အစက်ချဆေး(Sex Drops)လေးဘူးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၃ နာရီခွဲခန့်က မှုခင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျောက်တံတားမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်း မ/၁၆၀ (၄)လွှာနေ ဝီဂျေးကူးမား(ခ)ကျော်သူ(ခ) ကျော်ကြီး(၃၂နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခွင့်ပြုချက်မရှိဘဲ ပြည်ပမှတင်သွင်းထားသည့် အမျိုးသား အမျိုးသမီး လိင်ဆိုင်ရာ အသုံးပြုသည့် ပစ္စည်းမျိုးစုံနှင့် ငွေကျပ် ၄၇၈၅၀ အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် ကန်တော်ကြီးပတ်လမ်းရှိ လက်ဖက်ရည်ဆိုင်အနီးတွင် ကာမစိတ်ကြွဆေးများ ရောင်းချနေကြောင်း သတင်းအရ ချမ်းမြသာစည်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မဟာအောင်မြေမြို့နယ် မာလကာခြံရပ်နေ သီဟမောင်မောင်(၂၄နှစ်)နှင့် တစ်ရပ်တည်းနေ ပြည့်ဖြိုးအောင်(၂၄)နှစ်တို့နှစ်ဦးထံမှ Spanish Tog Ophery စာတန်းပါ အမျိုးသမီးသုံး ကာမစိတ်ကြွဆေးရည်နှစ်ပုလင်း၊ Vimax အမျိုးသားသုံး ဟိုမုန်း ဆေးဘူးလေးဘူး၊ ရောင်းရငွေကျပ် ၅၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာ ရဲစခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



မျိုးဇင်မင်း(ခ)မျိုးဇင်လင်း(ခ)မင်းမင်း၊ ဝီဂျေးကူးမား(ခ)ကျော်သူ(ခ)ကျော်ကြီး၊ သီဟမောင်မောင်၊ ပြည့်ဖြိုးအောင်တို့အား သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်

# မြဝတီအာရှလမ်းသစ် ကွမ်းခြံကုန်းအဆင်း မှန်လုံယာဉ်တစ်စီး ချောက်ထဲထိုးကျ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ၁၁ ဦး သေဆုံး၊ ၂၁ ဦး ဒဏ်ရာအပြင်းအထန်ရရှိ

**သဃ်န်းညီနောင် ဧပြီ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၌ ဇရပ်ကြီး-တောင်ငူ-မြဝတီ ပြေးဆွဲသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီး ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့အတက် ကွမ်းခြံကုန်းအဆင်း၌ ကားဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ပေ ၈၀ ခန့် အနက်ရှိ ချောက်ထဲသို့ ထိုးကျသွား၍ ယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည် ၃၉ ဦးအနက် ယာဉ်မောင်းအပါအဝင် အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၈ ဦးသေဆုံးသွားပြီး ၂၁ ဦးမှာ ဒဏ်ရာများအပြင်းအထန်ရရှိခဲ့၍ မြဝတီခရိုင် ဆေးရုံကြီးတွင် အရေးပေါ်ဆေးကုသမှုခံယူလျက်ရှိသည်။

မြဝတီမြို့နယ် မြဝတီ-ကော့ကရိတ်အာရှလမ်း ကွမ်းခြံကုန်းဆင်းတွင် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သဃ်န်းညီနောင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မြဝင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မြဝတီ အာရှလမ်းသစ်အတိုင်း ယာဉ်မောင်း အောင်နိုင်စိုး(၄၆နှစ်)မြို့ကြီးရပ် တောင်ငူမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ခရီးသည် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၉ ဦး လိုက်ပါလာသော ယာဉ်အမှတ် 9B/---- မစ်ဆူဘီရှီဖူဆို ဇရပ်ကြီး-တောင်ငူ-မြဝတီပြေးဆွဲသည့် (ကပေါ်ထူး) ယာဉ်လိုင်းမှ ခရီးသည်တင်မှန်လုံယာဉ်သည် ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ မောင်းနှင်လာစဉ် ကွမ်းခြံကုန်းဆင်းအရောက် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ လမ်းဘေး အနက်ပေ ၈၀ ခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး ဦးစီးအဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ အဖွဲ့များ၊ မြဝတီ၊ ကော့ကရိတ်၊ သဃ်န်းညီနောင်မှ လူမှုကူညီ ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရီးသွား ပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပြီး (အပေါ်ပုံ)ခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# ဇမ္ဗူသီရိမြို့ သုခသိဒ္ဓိရပ်ကွက်၌ အိမ်ခန်းအတွင်း၌ အမျိုးသားတစ်ဦးသေဆုံးနေ

**နေပြည်တော် ဧပြီ ၂၈**- နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ် (၄၃၇၆) အခန်း (၀၅) တွင် တစ်ဦးတည်းနေထိုင်သူ အမျိုးသားတစ်ဦး လဲကျသေဆုံး နေကြောင်း သိရသည်။ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် တိုက် (၄၃၇၆) အခန်း (၀၅) တွင် နေထိုင်သူ မင်းထွန်း (၃၈ နှစ်) ယာဉ်မောင်း (၅) အဆင့်ရှိသူသည် ၎င်းနေထိုင်ရာအိမ်ခန်းအတွင်း အိပ်ခန်းအပေါက်ဝ၌ လဲကျသေဆုံးနေကြောင်း သတင်းအရ ဧပြီ ၂၇ ရက် ညနေ ၄ နာရီခွဲက အမှတ် (၉) နယ်မြေရဲစခန်းမှူး ရဲအုပ်လေးနိုင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တစ်ဦးတည်းနေထိုင်သည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ ၎င်းမှာ အရက်အမြဲတမ်းသောက်ပြီး အရက်မူးလွန်လဲကျကာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးအနည်းငယ်ထွက်၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်ဦး(နေပြည်တော်)**


**အမည်ပြောင်း**

ဟသ်ာတမြို့၊ အလက(၃) အဌမတန်း(က)မှ ဦးထွေးပြုံး၏ သမီး မဇူဇူးစံအား မဇူးဇူးဇံဟု ပြောင်းလဲခေါ်ပါရန်။

**မဇူးဇူးဇံ**

**အမည်ပြောင်း**

ပေါက်မြို့၊ အောင်တံခွန်(မြို့သစ်)ရပ်ကွက်နေ ဦးအောင်ဝင်းဆွေ-ဒေါ်နေနွယ်အောင်တို့၏သမီး ပေါက်(အထက)၊ နဝမတန်းမှ မပိုးအိဟန်(ခ)မမေရှင်းသန့်အား ယနေ့မှစ၍ မမေရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေရှင်းသန့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၀၂၃၊ဧရိယာ၀ဒသမ ၀၅၆ ဧက(၂၄၆၀စတုရန်းပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သင်းဝင်၅လမ်း၊ အမှတ် ၁၀၂၃ ဟု ခေါ်တွင်သည့် ရေမီးအစုံ တစ်ထပ်ခွဲတိုက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးလှကြိုင်နှင့် ဒေါ်တင်မာဦးတို့ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ(၁)ဦးအောင်ဖြိုးသိမ်း၁၀/မလမ(နိုင်)၁၇၆၆၂၂၊ (၂)ဦးမြင့်ဦး၁၂/လသန(နိုင်)၀၀၀၅၉၁တို့ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေနှင့် အိမ်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမှုရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၂၃)**
**တိုက်၂၀၉၊ အခန်း၂၃၊ ရန်နိုင်လမ်းသွယ်(၇)၊ (၄)ရပ်ကွက်**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၀၂၇၉၊ ၀၉-၇၉၅၃၂၀၉၅၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ပီတာဇော်နန်သည် မိသားစုလက်မခံနိုင်သည့် ကိစ္စရပ်များကျူးလွန်၍ ၎င်း၏ဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်မိုးမိုးရီ ၁/ဝမန(နိုင်)၀၃၈၄၉၅**
**အမှတ်(A-၁၃)၊ မရီကထောင်ရပ်ကွက်၊ ဖားကန့်မြို့**

ဆရာ/မ၊ ဆရာ ရှိပြီးသူများ ရေးမြှင့်အတန်း ဆည်မဟုတ်

လုံကြည်ဖွားအပ်နှံပါ

ဒါရိုက်တာ

(SH မြင့်သူထက် YU)

ခွေးကုန်လျှော့နှင့်ဖြစ်ဖို

နေ့စား

လပေး

ပါမောက္ခငြိမ်း၊ ဒါရိုက်ဆရာ/မ များသင်သည်

COMPUTER

အခြေခံ

ပတ်ဝန်းကျင်

ထိမ်းသိမ်းရေး

စီးပွားကူးသန်း

ရသုံးမှန်းခြေ

ဝင်ခွင့်အားလုံး

သင်သည်

ဆရာ/မ

ဝင်ခွင့်

၈၊ ၁၀တန်း

(ဘာသာစုံ) နေ့တက်၊ ဝိုင်း

၁၀တန်း ဘာသာရပ်ကျွမ်းကျင် ဆရာဖြစ်

ရာထူးဝန်အဖွဲ့မှခေါ်သော ဝင်ခွင့်အားလုံး

တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊

ရန်ကုန်။ ဖုန်း – ၀၁၅၂၃၀၁၇၊ ၀၉၇၃၀၀၈၇၁၉၊ ၀၉၂၆၃၇၀၄၀၀၅။

## Sky Engineering Group မှ

## တာဝန်ယူဆောက်လုပ်ပြီးစီးသည့်မြောင်းမြမြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ကားကြီးဝင်းအတွင်းရှိ ပွဲရုံ၊ လူနေဈေးဆိုင်ခန်းများရောင်းချခြင်း

မြောင်းမြမြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းအတွင်းရှိ Sky Engineering Group မှ တာဝန်ယူဆောက်လုပ်ပြီးစီးသည့် ပေ(၂၀×၄၀) (၂)ထပ်ပွဲရုံခန်းများ၊ ပေ(၂၀×၃၀) (၃)ထပ် လူနေဆိုင်ခန်းများကို ၁-၅-၂၀၁၇ ရက်မှ ၃၁-၅-၂၀၁၇ရက်အထိ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ ထိုသို့ရောင်းချရာတွင် မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်အရ ရောင်းချခြင်းဖြစ်ပြီး ဝယ်ယူသူများအနေဖြင့် ရာသက်ပန် တရားဝင် နေထိုင်လုပ်ပိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ငွေပေးချေမှုစနစ်အနေဖြင့် (၁)အပြည့်အဝ ပေးချေဝယ်ယူခြင်း၊ (၂) အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းတို့ဖြစ်ပါသည်။ ဝယ်ယူသူများ စိတ်ကျေနပ်သည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝယ်ယူသည်နှင့်တစ်ပြိုင်နက် တရားဝင်စာရွက်စာတမ်းများကို တစ်ခါတည်း ပေးအပ်မည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ဆက်သွယ်ရန်**
**Sky Engineering Group**
**အဝေးပြေးယာဉ်ရပ်နားစခန်း၊ မြောင်းမြမြို့**
**ဖုန်း- ၀၉-၂၀၄၅၃၈၈၊ ၀၉-၇၈၂၀၄၅၃၈၈၊ ၀၉-၇၉၂၀၄၅၃၈၈**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဂေါ်ဒူးကျေးရွာတွင် သဘာဝဘေးဒဏ် ခံအဆောက်အအုံ(School Cum Shelter)အသစ်(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုတန်ဖိုး(၁၂၉.၅၈)သန်းနှင့် ဘိုကလေးမြို့နယ်၊ ညောင်ပိတ်ကျေးရွာတွင် သဘာဝဘေးဒဏ်ခံအဆောက်အအုံ (School Cum Shelter)အသစ်(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုတန်ဖိုး(၁၂၉.၅၈)သန်းတို့အား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာများကို ၂-၅-၂၀၁၇ရက်မှစတင်ရောင်းချပါမည်။ တင်ဒါလျှောက်လွှာများကို ၃၁-၅-၂၀၁၇ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဖုန်းအမှတ်-၀၄၂-၂၁၀၁၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၁၈၁၇၀ STREAM YMD 110 M/C ယာဉ်လက်ဝယ် ရှိသူ ဦးတိုးဝင်း ၁၂/တတန(နိုင်)၀၀၈၁၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/3890 Toyota Probox S/W ယာဉ်လက်ဝယ်ရှိသူ Kaung Htet Myanmar က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5515 Honda Fit GE 6 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူဦးကျော်ဝဏ္ဏထွန်း ၁၂/ဥကမ(နိုင်)၁၇၉၁၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၀၉၉ Suzuki Smash 112/ M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ်၁၁/တကန(နိုင်)၀၆၁၄၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၂၇၅၀ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘေဘီရွှေ ၃/ဘအန(နိုင်)၀၀၁၃၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဦးကိုနီလူသတ်မှုတွင် ကြည်လင်းအား ခရိုင်တရားရုံးတွင် ရုံးထုတ်သော်လည်း တရားလိုပြသက်သေ ခွင့်တင်ထားသောကြောင့် မေ ၁၂ ရက်သို့ ပြန်ချိန်း



**ရန်ကုန် မေ ၂၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ ကြည်လင်းအား အင်းစိန်ခရိုင်တရားရုံးတွင် မေ ၂၈ ရက် နံနက် ၁၀ နာရီကျော်က ရုံးထုတ်စစ်ဆေးရာ **(ယာပုံ)** လိုပြသက်သေ နာရေးကိစ္စရှိ၍ ခွင့်တင်သည့်အတွက် ယနေ့ အမှုမစစ်နိုင်ဘဲ ရုံးချိန်အား မေ ၁၂ ရက်သို့ ချိန်းဆိုခဲ့ကြောင်း သိရသည်။

"ဒီနေ့ လိုပြသက်သေဖြစ်တဲ့ ဦးမြင့်ဇော်ကို စစ်ဖို့ပါ။ ဒါပေမယ့် သက်သေက နာရေးကိစ္စရှိလို့ဆိုပြီး ခွင့်တင်တဲ့အတွက် ဒီနေ့မစစ်နိုင်ဘူး။ ရုံးချိန်းကို မေ ၁၂ ရက် နှစ်ပတ်ချိန်းပေးလိုက်တယ်။ ဒီနေ့စစ်ဖို့ချိန်းတဲ့ လိုပြသက်သေက လက်နက်အမှုနဲ့ စစ်ဖို့ချိန်းထားတဲ့သူပါ။ တိုင်းတရားလွှတ်တော်မှာ ပြင်ဆင်မှု တက်ထားတဲ့အမှုရှိတယ်။ အဲ့ဒီ အမှုကလည်း ရုံးချိန်းရှိတယ်လို့ အမှုလိုက်ဥပဒေအရာရှိက တင်ပြထားတယ်။ ဒီသက်သေတွေကို စစ်မယ်ဆိုရင်လည်း လိုအပ်တဲ့စာရွက်စာတမ်းအထောက်အထားတွေက တိုင်းတရားလွှတ်တော်မှာ ပေးပို့ထားတဲ့ လူသတ်မှုမှာပေါ်နေ၊ ပူးတွဲပါဝင်တဲ့ အဓိကစာရွက်စာတမ်းတွေက တိုင်းတရားလွှတ်တော်ရောက်နေလို့ ဒီအမှုတွဲတွေနဲ့ တိုက်ဆိုင်ပြီး မေးတာမြန်းတာ ပြည့်ပြည့်စုံစုံစစ်ဆေးနိုင်ဖို့အတွက် ဒီအမှုတွဲ ရောက်နိုင်တဲ့ရက်ကို မှန်းပြီးတော့ ချိန်းလိုက်တာပါ။ အဲဒီနေ့ လက်နက်မှုကိုလည်း စစ်ဖို့ချိန်းတယ်။ တိုင်းတရားလွှတ်တော်က ပြင်ဆင်မှုမှာ အမိန့်ချပြီးရင် အဲဒီအမိန့်က ခုံရုံးအဖွဲ့ကို အမှုတွဲပြန်ပြီးပေးပို့လာလို့ရှိရင်အမှုတွဲရောက်လာရင် ဆက်ပြီးစစ်ဆေးသွားမှာပါ။ တိုင်းတရားလွှတ်တော်က ပြင်ဆင်မှု တက်ထားတဲ့အမှုက အမိန့်ချလိမ့်မယ်" ဟု အင်းစိန် ဒုတိယခရိုင်တရားသူကြီး ဦးခင်မောင်မြင့်(တရားရေး)က မီဒီယာများကို ပြောသည်။

ယနေ့ ရန်ကုန်တိုင်းတရားလွှတ်တော်တွင် ဦးကိုနီအမှုနှင့်ပတ်သက်၍ ပြင်ဆင်မှု တက်ထားပြီး အင်းစိန်ခရိုင်တရားရုံးတွင်လည်း လိုပြသက်သေ ခွင့်တင်ထားသောကြောင့် ရုံးချိန်း နှစ်ပတ်ချိန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ချိန်းထားတဲ့ သက်သေက နာရေးတစ်ခုရှိလို့ ခွင့်တင်ထားလို့ သက်သေတစ်ယောက်ပဲ ဆင့်ထားတာမလာနိုင်လို့ ရုံးချိန်း နှစ်ပတ်ပေးတယ်။ နှစ်ပတ်ပေးရတာက လက်နက်မှုက ရှစ်ယောက်ရှိတယ်။ လက်နက်မှုမှာပါတဲ့ ပစ္စည်းသိမ်းထားတဲ့ ရှာဖွေပုံစံက လူသတ်မှုက တွဲပြီးယူလာတာ။ မူရင်းပုံစံမဟုတ်တော့ သက်သေခံသွင်းရခက်တယ်လေ။ မူရင်းပုံစံတွေက မူလအမှုကြီးဖြစ်တဲ့ လူသတ်မှုက ပါသွားတာ။ လူသတ်မှုအမှုတွဲမှာပါတဲ့ ရှာဖွေပုံစံလို့ပြောတဲ့ ပစ္စည်းသိမ်းတဲ့ ပုံစံ။ အဲ့ဒီပစ္စည်းသိမ်းတဲ့ပုံစံနဲ့ ဒီဘက်မှာကျတော့ ကျွန်တော်တို့က ဘာခေါ်မလဲ မိတ္တူတွဲထားရတာကိုး။ အဲ့ဒီတော့ မိတ္တူဆိုတော့ သက်သေခံသွင်းလို့မရဘူး။ မူရင်းနဲ့တိုက်ဆိုင်ပြီးမှ လုပ်ထုံးလုပ်နည်းအရ သက်သေခံသွင်းရမှာကိုး။ မူရင်းအမှုတွဲက လူသတ်မှုထဲမှာ ပါနေတယ်။ လူသတ်မှုအမှုတွဲကြီးက တိုင်းတရားလွှတ်တော်မှာ တစ်ဖက်ကဝရမ်းကိစ္စနဲ့ ပတ်သက်ပြီး တက်သွားလို့ ဒီနေ့ကြားနာတယ်။ အမှုတွဲက ကြားနာပြီးရင် အမိန့်ချမယ်။ အမိန့်ချပြီးရင် ဒီကို ပြန်ပို့မယ်။ ဒီအမှုတွဲရောက်လာမှသာ အမှုက ဆက်စစ်လို့ရမှာပါ။ မရောက်သေးရင်တော့ ရုံးချိန်းယူရမှာပါ။ ဒီနေ့ရုံးချိန်း နှစ်ပတ်ချိန်းလိုက်တယ်" ဟု ဦးအောင်ဝင်းဇော်နှင့် ဦးအောင်ဝင်းထွန်းတို့၏ အကျိုးဆောင်ရှေ့နေဖြစ်သော ဦးအောင်ခိုင်က အင်းစိန်ခရိုင်တရားရုံးတွင် ပြောသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-မျိုးမင်းသိန်း**

# ဦးကိုနီလုပ်ကြံခံရမှုနှင့်ပတ်သက်သော ဥပဒေပြင်ဆင်လျှောက်လွှာချက်အား ကြားနာစစ်ဆေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများထဲမှ ငါးဦးအနက် တရားခံပြေး အောင်ဝင်းခိုင်အား ဖမ်းဝရမ်းထပ်မံထုတ်ပေးရန် တရားလို၏ ရှေ့နေ ပြင်ဆင်လျှောက်လွှာချက်ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး ခန်းမဆောင်(၆)၌ ကြားနာစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ပြင်ဆင်လျှောက်လွှာချက်အား တရားလို၊ တရားခံနှစ်ဖက် အကျိုးတော်ဆောင်ရှေ့နေများအား တရားရုံးခန်းမ(၆) တရားသူကြီးရှေ့မှောက်၌ ကြားနာစစ်ဆေးစဉ် လုပ်ကြံခံရသူ ဦးကိုနီ၏ဇနီး ဒေါ်တင်အေးနှင့် ပြည်တွင်း/ပြည်ပ သတင်းဂျာနယ်မီဒီယာများအား တရားခွင်သို့ ဝင်ရောက်နားထောင်ခွင့်ပြုကြောင်း သိရသည်။

တရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးနေလက "ဒါက ပြည်တွင်း/ပြည်ပ လူပုဂ္ဂိုလ် သတင်းမီဒီယာများစောင့်ကြည့်ခံအမှုတစ်ခုဖြစ်တယ်။ ပြင်ဆင်မှု လျှောက်လွှာချက်တင်ထားတာ ဖမ်းဝရမ်းတစ်ခုတည်းမဟုတ်ဘူး။ အောင်ဝင်းခိုင် ထွက်ပြေးလွတ်မြောက်နေတာကို အများယုံကြည်မှုရှိဖို့ တရားရုံးလက်စွဲပါ အသုံးအနှုန်းအတိုင်း စေ့စေ့စပ်စပ်ချာအောင် ခေါ်ယူစစ်ဆေးဖို့ပါ။ စီမံခန့်ခွဲမှု အာဏာဟာ တရားရုံးမှာသာ ရှိတယ်။ အမှန်တရားဖော်ထုတ်မယ်ဆိုရင် တရားခံပြည့်စုံမှ ရဲပုံစံ(၆၂) ထွက်ချက်ကို အခြေခံပြီး တရားခံ အောင်ဝင်းခိုင်နေထိုင်တဲ့ ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက်သာ ဖမ်းဝရမ်းရှိတယ်။ နောက်ဆုံး ထွက်ပြေးလွတ်မြောက်သွားတဲ့နေရာ နေပြည်တော် ပရဆေးဥယျာဉ်မှာ ဖမ်းဝရမ်းထပ်မံထုတ်ပေးဖို့ ဥပဒေအရာရှိကို လျှောက်ထားတောင်းခံတာပါ။ လိုအပ်မယ်လို့ထင်ပါတယ်။ ကြည်လင်းနဲ့ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ ဇော်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင် တရားရုံးမှာ မေ ၁၂ ရက် သောကြာနေ့ကို ရုံးချိန်းလိုက်တယ်လို့ သိရတယ်။ ထုံးစံအတိုင်း ရုံးထုတ်တာပါ။ အဲဒီရုံးချိန်းမှာ အမှုစစ်ဖြစ်မယ်၊ မစစ်ဖြစ်ဘူး၊ အမှုစစ်ဖို့က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးမိန့်ကို စောင့်ရပ့်မယ်။ အမိန့်ကို အမြန်ဆုံးချပေးမယ်လို့ တော့ထင်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လှိုင်သာယာ၌ အမှိုက်ရှင်းလင်းအဖွဲ့က (၉)မမကျည်ဆန်များ တွေ့ရှိ

**ရန်ကုန် မေ ၂၈** - ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာမှ ပရဟိတအမှိုက်ရှင်းလင်းသိမ်းဆည်းသည့် ဦးအောင်အောင် (၃၈ နှစ်) ဦးဆောင်သောအဖွဲ့သည် အတွင်းပဒံကျေးရွာ မြအေးကြည်(၃)လမ်းနှင့် ပေ(၂၀)လမ်းကြားရှိ အမှိုက်ပုံအား ရှင်းလင်းစဉ် ကတ္တီပါသားဖြင့် ပြုလုပ်ထားသည့် လည်ရှည်ဖိနပ်တစ်ရန်ကို တွေ့ရှိ၍ အမှိုက်လှည်းပေါ် တင်ဆောင်ကာ ထိန်ပင်သုသာန်အမှိုက်ပုံသို့ ပို့ဆောင်ပြီး ဖိနပ်တစ်ရန်အား စီးကြည့်ရာမှ အတွင်း၌ သံချေးတက်စပြုနေသော ကျည်ဆန် ၁၁ တောင့်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**



တွေ့ရှိသော ကျည်ဆန်များမှာ (၉)မမကျည်ဆန်များဖြစ်ကြောင်း နယ်မြေခံတပ်ရင်းက အတည်ပြုခဲ့ပြီး သောင်ကြီးရဲစခန်းမှ အဆိုပါကျည်ဆန်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**


### မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(ကျောက်မျက်ပညာသင်တန်း/ဓါတ်ခွဲခန်းကော်မတီ)
အခြေခံကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၃၁)
အဆင့်မြင့်ကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၁၀)
သင်တန်းသားခေါ်ယူခြင်း

* ကျောက်စိမ်း၊ ပုလဲနှင့်စိန်၊ ပတ္တမြား၊ နီလာနှင့်အခြားကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
* စာတွေ့-လက်တွေ့-သင်ထောက်ကူပစ္စည်းများဖြင့်သင်ကြားမည်။
* (A-Level အပတ်စဉ်-၁၀) (၁၆.၅.၂၀၁၇)ရက်နေ့တွင်စတင်မည်။
(O-Level အပတ်စဉ်-၃၁) (၁၇.၅.၂၀၁၇)ရက်နေ့တွင်စတင်မည်။
သင်တန်းချိန် - နံနက် (၇:၃၀) မှ (၉:၃၀)ထိ
* သင်တန်းကာလ(၁၀)ပတ်ခန့်၊ အပတ်စဉ်(အင်္ဂါနေ့မှတနင်္ဂနွေနေ့ထိ)
* မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
☎ (၀၁-၆၆၃၁၁၉)၊ (၀၁-၆၆၃၀၈၀)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9K/6440 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 1L/3722 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမည်ပြောင်း
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသိန်းဌေး ၈/မလန(နိုင်)၀၂၁၉၄၂၏သမီး အမက(၆) ကြည့်မြင်တိုင် တတိယတန်းအောင်မှ မခင်သစ္စာဦးအား မခင်ရတနာဦးဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်
လားရှိုးမြို့ အထက-၁၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မနှင်းနုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ညီလွင် ၁၃/ကလန(နိုင်)၀၁၄၅၂၁ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်နေ ဦးအောင်နိုင်ဦး ၁၃/နဆန(နိုင်)၀၂၃၇၀၇၏ သမီး အလက၁၊ထ(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မမိုးထက်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၂-၂၀၀၁ရက် ဖြစ်ပါကြောင်း။
**ဦးအောင်နိုင်ဦး၁၃/နဆန(နိုင်)၀၂၃၇၀၇**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ရုံးအသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးသုံးယာဉ် ၁စီး ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(၁) Hilux (VIGO DOUBBLE CAB ) (Model-2010ခုနှစ်အထက်,3000 cc)-၁စီး
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး (ပဒေသာအားကစားကွင်း၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၅-၂၀၁၇
**တင်ဒါပုံစံပိတ်မည့်ရက်** - ၁-၆-၂၀၁၇
**တင်ဒါဖွင့်ဖောက်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး**
**ပဒေသာအားကစားကွင်း၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၁-၈၅၀၀၈၄၀၊ ၈၅၆၄၄၈၉**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လက်ပံတန်းမြို့ ကညင်တန်းရွာနေ မောင်ထက်ဖြိုးဝင်း၏ ဖခင် ဦးရွှေဝိုင်(ခ)ဦးအုန်းမြင့် ၇/လပတ(နိုင်)၀၉၆၃၀၂နှင့် မိခင်ဒေါ်လှလှဌေး(ခ)ဒေါ်ခိုင်ခိုင်ဦး၇/လပတ(နိုင်)၀၉၃၄၄၄တို့မှ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ထက်ဖြိုးဝင်း ၇/လပတ(နိုင်)၁၅၆၃၈၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၅ယ/၆၆၄၈၆ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းလင်းကျော် ၃/ဘအန(နိုင်)၄၀၉၉၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာ ရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ယ/၇၇၂၄၈ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၃/ဘအန(နိုင်)၀၂၀၈၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၇ယ/၉၂၂၂၄ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရီထွေး ၃/လဘန(နိုင်)၀၉၂၂၇၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း
ယာဉ်အမှတ် ၃၈ယ/၅၁၃၄၈ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်တင် ၃/ဘအန(နိုင်)၁၂၃၂၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

asean
THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:
1. Senior Officer External Economic Relations Division
2. Senior Officer Analysis & Monitoring on Socio-Economic Issues Division
For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

# ကျေးရွာမြေကိုခွင့်ပြုချက်မရှိဘဲ ဘက်ဟိုးဖြင့်ကုတ်၍ မြေသယ်ကားများဖြင့်ရောင်းစားနေခြင်းကိုကျေးရွာသားများကတိုင်ကြား

**တိုက်ကြီး ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် မလေးရှားဝိုင်ကျေးရွာသည် ၂၀၁၅ ခုနှစ်က သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ရ၍ ရွာမြေအဖြစ် ၁၀၃ ဧက ခွင့်ပြုမိန့်ကျပြီး ရွာမြေ ၉၄ ဧက၊ သာသနာမြေ ကိုးဧကထားရှိခဲ့သည်။ အဆိုပါ ရွာမြေတွင် အိမ်ထောင်စု ၁၀၆ စုနေထိုင်ပြီး ပလပ်မြေသုံးဧကခန့်ရှိရာ ယင်းသုံးဧကကို လူတစ်စုက ဘက်ဟိုးဖြင့်တူးပြီး ခြောက်ဘီးယာဉ် တစ်စီးကို ငွေကျပ် ၅၀၀၀၊ ရှစ်ဘီး ယာဉ်တစ်စီးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် မြေသယ်ကား ၂၅ စီး တစ်နေ့လျှင် အစီး ၅၀ ခန့် ရောင်းချနေသည့်အတွက် ရွာသားများက မကျေနပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက သတင်းမီဒီယာကို ဧပြီ ၂၅ ရက်တွင် ဖိတ်ကြားပြီး မလေးရှားဝိုင်ကျေးရွာတွင် ဦးသန်းဦး ခေါင်းဆောင်ကာ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မြေအား ခွင့်ပြုချက်မရှိဘဲ ဘက်ဟိုးဖြင့် ကုတ်၍ရောင်းစားနေခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအား တိုင်ကြားသဖြင့် အုပ်ချုပ်ရေးမှူးက ဧပြီ ၂ ရက်တွင် တားစာထုတ်၍တားသော်လည်း အမိန့်ကိုမနာခံဘဲ ဆက်လက်တူးဖော်ရောင်းစားနေသဖြင့် မည်သို့ဆောင်ရွက်ရမည်မသိ၍ ယခုကဲ့သို့ အုပ်ချုပ်ရေးမှူး အပါအဝင် မီဒီယာများကိုဖိတ်ကြား ရှင်းလင်း ခြင်းဖြစ်ကြောင်း ဦးသန်းဦးက ထပ်မံပြောကြားသည်။

ဘက်ဟိုးဖြင့်ကုတ်၍ရောင်းစားသူအား ခေါ်ယူမေးမြန်းရာ ယခုကဲ့သို့ လုပ်ခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက်၊ မီးရရှိရေး၊ စာသင်ကျောင်းဆောက်ရေးအတွက် လုပ်ခြင်းဖြစ်ကြောင်း၊ ယခုလည်း ရွာဦးကျောင်း တိုက်ခံကျောင်း တစ်ကျောင်း၊ ၂၅ ပေ ပတ်လည်သိမ်တစ်လုံး၊ ပေ (၃၀×၃၀) မွေ့ရာရုံတစ်ခု၊ ပေ ၂၀ ရပ်တော်မူ ရုပ်ပွားတော်တစ်ဆူ၊ ဆုတောင်းပြည့် စေတီတစ်ဆူ၊ ၂၅ ပေ ပတ်လည်ဆွမ်းလောင်းဓမ္မာရုံ တစ်ခု ဆောက်လုပ်ပြီးဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တင်ပြထားကြောင်း ပြောသည်။

ရွာဦး မင်္ဂလာရာမကျောင်းဆရာတော် ဘဒ္ဒန္တရေဝတက အဆိုပါ တင်ပြချက်မှာ မဟုတ်မမှန် ပြောဆိုခြင်း ဖြစ်ကြောင်း၊ ၎င်းအဖွဲ့ အနေဖြင့် အုတ်တစ်ခဲ၊ ဘိလပ်မြေတစ်အိတ်မျှ မလှူဖူးပါကြောင်း မိန့်ကြားခဲ့သည်။

တိုင်ကြားသူများကလည်း တစ်ခုမျှ မလှူတန်းကြောင်းပြောသည်။ ဘက်ဟိုးကုတ်ခြင်းကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ခွင့်ပြုထားခြင်း မရှိကြောင်း၊ တားစာထုတ်ထားကြောင်းနှင့် ဒုတိယအကြိမ် တားစာထုတ်ပေးမည်၊ မရလျှင် ဥပဒေအတိုင်း ဆက်လက်လုပ်ဆောင်မည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းက ပြောသည်။ **ထွန်းလှိုင်(မြိုင်)**



# ငှက်ပျောတော-ကျောင်းကုန်း(အခမဲ့)စစ်တောင်းမြစ်ကူးတံတားကြောင့် ဒေသခံများသွားလာရေးအဆင်ပြေ

**ရေတာရှည် ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့အရှေ့ဘက် ကျောင်းကုန်းကျေးရွာနှင့် တစ်ဖက်ကမ်းရှိ ငှက်ပျောတော ကျေးရွာကို ဆက်သွယ်ထားသော အခမဲ့ စစ်တောင်းမြစ်ကူးတံတားကြောင့် နေ့စဉ်ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသရှိ ကျေးရွာများဖြစ်သော ငှက်ပျောတော၊ ကြာအင်းကုန်း၊ ငွေးခုံ၊ ကိုးတန်း၊ ထန်းပင်ကုန်း၊ ဒေါင်းအင်းကုန်း၊ ဆောင်အိုင်၊ ဆည်တော်၊ ငွေးသဲ၊ တပ်စိုး အစရှိသည့်ကျေးရွာများမှဒေသခံများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် ယခုလမ်းကြောင်းကိုသာ အားထားသွားလာလျက်ရှိကြကြောင်း သိရသည်။

“ကျေးလက်ဦးစီးဌာနက ငွေးသဲ၊ ဆည်တော်-ငှက်ပျောတောလမ်းပိုင်းကို ကွင်းဆင်းတိုင်းတာသွားပါပြီ။ အဲဒီလမ်းအူကြောင်းဖော်ပြီးသွားရင် ကျန်တဲ့ကျေးရွာတွေကလည်း ကိုယ့်အားကိုယ်ကိုးလမ်းတွေ ပြုပြင်ကြမှာပါ။ ဒေသတစ်ခုရဲ့ လိုအပ်ချက်တွေအရ အမြဲတမ်းသွားလာနိုင်မယ့် တံတားကြီး ဆောက်လုပ်ဖို့လည်း စိုးလျှပ်စစ်ကုမ္ပဏီက ကျပ်သိန်း ၁၀၀၀ လှူဒါန်းမတည်ထားပါတယ်။ ကျန်တဲ့ လုပ်ငန်းတွေဖြစ်တဲ့ မြေတိုင်းတာခြင်း တွေကို အင်ဂျင်နီယာတွေ ကွင်းဆင်းတိုင်းတာပြီးပါပြီ။ သက်ဆိုင်ရာအဆင့်ဆင့်ကိုလည်း တင်ပြထားပြီးဖြစ်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့ အားလုံးက မျှော်လင့်နေတာပါ”ဟု အခမဲ့တံတားဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝက ပြောသည်။

မိုးရာသီကာလ ရောက်တိုင်း စစ်တောင်းမြစ်အရှေ့ဘက်၊ အနောက်ဘက်ကူးလူးသွားလာကြရာ၌ မြစ်ကူးတံတားများမရှိ၍ ကူးတို့လှေများဖြင့် သွားလာကြရကာ ငွေကြေးကုန်ကျခြင်းအပြင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရပြီး ရာသီမရွေးသွားလာနိုင်သော တံတားကြီးတည်ဆောက်ပြီးစီးပါက ဒေသတွင်းခရီးသွားလာမှု အဆင်ပြေကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရေစီးရေလာကောင်းမွန်စေရေးကျိုက္ကော်ချောင်းအားတူးဖော်

**သုဝဏ္ဏဝတီ ဧပြီ ၂၈**

နှစ်စဉ်ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသော မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ကျိုက္ကော်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျိုက္ကော်ရပ်ကွက်ပြည်တော်သာပိုင်းအနီး ရန်ကုန်-မော်လမြိုင် မီးရထားသံလမ်းတံတားအောက်ခြေအနီး၌ ဧပြီ ၂၅ ရက်က ချောင်းအတွင်း ပိတ်ဆို့နေသောအမှိုက်များကြောင့် တိမ်ကောနေသောချောင်းအား ပြည်သူများက စက်ယန္တရားအကူအညီဖြင့်တူးဖော်ဆောင်ရွက်ကြသည်။

“နှစ်တိုင်းရေကြီးရတာက ချောင်းလည်းကျဉ်းလာတယ်။ စွန့်ပစ်အမှိုက်တွေကြောင့် ရေစီးရေလာပိတ်ဆို့ပြီး ရေဆင်းမကောင်းတော့ဘူး။ ချောင်းတိမ်ကောလာပြီး ရေစီးရေလာမကောင်းတော့လို့ ရပ်ကွက်ကလူတွေစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေတာပါ။ ယာဉ်ပိုင်ရှင်က အခကြေးငွေမယူဘဲ ကူညီပေးပါတယ် ” ဟု အောက်ကျင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ယခုတူးဖော်နေသည့်နေရာသည် သုဝဏ္ဏဝတီမြို့၏ အဓိကရေထွက်ပေါက်နေရာဖြစ်ပြီး ရေစီးအား၊ ရေဆင်းအားကောင်းစေရန် တူးဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည် ။

မိုးရာသီရောက်လျှင် မိုးများသည့်အချိန်တိုင်း ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်နှင့် မြို့ပေါ်ရပ်ကွက်များ၌ နှစ်စဉ်ရေလွှမ်းမိုးမှု ဖြစ်ပွားသည့်အတွက် သက်ဆိုင်ရာမှ ကျိုက္ကော်ချောင်းအား ပြန်လည်တူးဖော်ပေးရန် သုဝဏ္ဏဝတီမြို့ရှိပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းပညာပေး ဟောပြော

**ပန်းတောင်း ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောက်ဖူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၂၆ ရက်က ဉသျှစ်ပင်မြို့ ရဲတပ်ဖွဲ့မှယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ စခန်းမှူးရဲအုပ် ဝင်းစန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကျော်စိုးက မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ကျေးရွာနေပြည်သူများအား ပြောကြားခဲ့ပြီး ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**(ဝ၆၁)**

# ရေရရှိရေးနှင့်သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ရန်ပုံငွေခွဲဝေသုံးစွဲမှု ညှိနှိုင်းဆွေးနွေး

**သံဖြူဇရပ် ဧပြီ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း နှစ်စဉ်နွေရာသီ၌ ရပ်ကွက်/ကျေးရွာအချို့တွင် သောက်သုံးရေအခက်အခဲနှင့် ပြည်သူများ ကြုံတွေ့နေရခြင်းကြောင့် သောက်သုံးရေရရှိရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေကို သံဖြူဇရပ်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိသည့် ရပ်ကွက်/ကျေးရွာများသို့ ခွဲဝေချထားပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်ရေပေးဝေရေးကော်မတီကိုဖွဲ့စည်းပြီး ရေဖြန့်ဝေပေးရန် တင်ပြထားသည့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဧပြီ ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ညှိနှိုင်းဆွေးနွေးရာ မြို့နယ်ရေပေးဝေရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ကော်မတီဝင်များမှ ရေရရှိရေးဆောင်ရွက်မည့် လုပ်ငန်းရပ်များအလိုက် ရန်ပုံငွေခွဲဝေချထားခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



**တောင်သာမြို့နယ် ကြာပို့ကျေးရွာ ကျေးရွာအလှူရှင်များ၏ လှူဒါန်းမှုဖြင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အလင်းသစ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၇ ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်**

လင်းလက်ကြယ်(တောင်သာ)

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် လူငယ်ပရဟိတအဖွဲ့က ဦးစီး၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၆ ရက်က ပျဉ်းမနားမြို့ ရွာကောက် အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရပ်မိရပ်ဖ ဦးတင့်လွင်နှင့် ပျဉ်းမနားလူငယ်ကွန်ရက်မှ ဥက္ကဋ္ဌ ဦးသိန်းသန်းဦးတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်း၊ ကျောက်မဲခရိုင် ဥက္ကဋ္ဌ ဦးတင်မောင်သိန်းက မူးယစ်ဆေးဝါးသုံးစွဲ ခြင်း၏ ဆိုးကျိုးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားရာ ဒေသခံ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# ဖရုံကာကျွန်းသို့ တစ်ခေါက်ရောက်ခဲ့သည်

**လေးဝတီထွန်းစောခိုင်**

**ဓာတ်ပုံ-ဖရုံကာသား**

ဖရုံကာကျွန်း...။ ရှေးအခေါ် ဘရုဂဇ္ဇကကျွန်း...။ ကျွန်တော် ရောက်ချင်သော၊ အာသီသပြင်းပြနေသော နေရာတစ်ခု...။ ခုတော့ သွားရောက်ရန် ခရီးကကြုံလာသည်။ ရန်ကုန်မြို့မှ အလည်ရောက်လာသော ယောက်ဖတော်တစ်ဦးကို လိုက်ပို့ဖြစ်ခဲ့သည်။ သြော်...ဤကျွန်း၊ ဤနေရာ၊ ဤဒေသများနှင့် ဝေးကွာခဲ့သည်မှာ နှစ်များစွာကြာခဲ့ပေပြီကော။ သွားချင်သော အဓိကဆန္ဒနှစ်ခုက အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ-ဖဒူကားလမ်းကို ပြန်လည်လျှောက်ချင်ခြင်း၊ ဇာတိချက်ကြွေ မွေးရပ်မြေကို လွမ်းသော၊ တမ်းတသော ဆန္ဒပြင်းပြနေခြင်းများကြောင့်ပင်။ ခုတော့ ဆန္ဒပြည့်ခဲ့ပြီ။

**ရောက်ချင်ဇောက ပြင်းပြနေ**

စာရေးသူတို့ ရခိုင်တွင် ခရီးသွားရသည်ကလည်း အချိန်ကို အလေးမထားခြင်းကြောင့် အချိန်ကို တန်ဖိုးထားသူတို့အဖို့ စိတ်ကသိကအောက်ဖြစ်ကြရသည်။ ခုလည်း ၂ နာရီထွက်မည်ဆို၍ အချိန်မီဆင်းလာခဲ့သည်။ အချိန်ကတစ်နာရီကျော် ခန့်စောင့်ရသည်။ သံဃာတော်များလည်းပါသည်။ သီးခြားထိုင်ရန် နေရာမရှိ၊ ခေါင်မိုးပေါ်တွင် ထီးဆောင်းကာနေရသည်။ သံဃာတော်များအတွက် နေရာသီးခြားလုပ်ထားလျှင် ပိုကောင်းမည်ထင်ပါသည်။ အချိန်ကြာလာ၍လည်းကောင်း၊ ပွဲနင်းမရောက်သေး၍လည်းကောင်း စက်လှေမထွက်နိုင်သဖြင့် ခရီးသည်များ ပွစိပွစိပြောလာကြသည်။

ဧပြီ ၁၃ ရက် ညနေ ၃ နာရီ ၈ မိနစ် ပြည်နယ်မြို့တော် စစ်တွေမှ အလယ်ဖရုံကာကျွန်းသို့ နေ့ချင်းပြန်ကူးတို့စက်လှေဖြင့် ခရီးထွက်ခွာလာကြသည်။ နေ့ချင်းပြန်စက်လှေဟုဆိုရခြင်းက ဤကျွန်းများမှ စက်လှေများ၊ အခြားနယ်မှ စက်လှေများသည် ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်ကာ နံနက်ပိုင်းတွင် လာကြပြီး ညနေပိုင်းတွင် မိမိတို့ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြ၍ ဖြစ်သည်။ ကျွန်တော်တို့ စီးလာသော စက်လှေသည် စစ်တွေမြို့မြို့မဈေးကြီး ဆိပ်ကမ်းမှနေ၍ အရှေ့မြောက်ယွန်းယွန်းဆီသို့ ခုတ်မောင်းနေသည်။ စက်လှေက အသွားမြန်သည်။ သို့သော် မိမိစိတ်အစဉ်ဝယ် အသွားနှေးနေသလားဟု ထင်မိသည်။ ရောက်ချင်ဇောက ပြင်းပြနေသောကြောင့်ဖြစ်ခြင်း။ စိတ်ကလတ်ဆတ်နုရွနေသည်။ ရုပ်က ပြုံးရွှင်နေ၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အရွယ်ဖြစ်သွားပြီလားဟု မိမိကိုယ်မိမိပြန်တွေးသုံးသပ်မိသည်။

**ကစ္ဆပနဒီမြစ်ဝ**

တန်ခူးလပြည့်ကျော်တစ်ရက်ဒီရေပြင်းသော (ရခိုင်အခေါ် ဖြားကြီးသော) ရက်ဖြစ်၍ ကစ္ဆပနဒီမြစ်တွင်းတွင် လှိုင်းကြက်ခွပ်များ ဖြစ်နေသည်။ ဤလိုရက်များသည် လေထန်ပါက ဤမြစ်တွင် လှိုင်းကြီးတတ်သောအချိန်ဖြစ်သည်။ ခုလိုအပူချိန်ပြင်းသော ကာလမျိုးတွင် တစ်ခါတစ်ရံ လေပြင်းများ၊ လေဆင်နှာမောင်းများ(ရခိုင်အခေါ် 'တွာလုံး')ကျရောက်တတ်သဖြင့် ဤမြစ်ထဲတွင် ယခင်က အသက်ဆုံးရှုံးကြသည်လည်း ရှိခဲ့ဖူးသည်။ ခုတော့ လေပြည်သွေးနေ၍ တော်သေးသည်။ ကျွန်တော်တို့ ဖြတ်ကူးနေသော နေရာမှာ ကစ္ဆပနဒီမြစ်ဝဖြစ်ပြီး ဘင်္ဂလားပင်လယ်နှင့် ထိစပ်နေသောနေရာဖြစ်သည်။ စက်လှေပေါ်တွင် လိုက်ပါလာသူများမှာ မိမိနှင့် သိသူများရှိသလို၊ မသိသူများလည်း တွေ့ရသည်။ သိသူများက ဝမ်းပန်းတသာ နှုတ်ဆက်ကြသည်။ မြစ်လယ်သို့ ရောက်လေပြီ။ မြစ်အလှ၊ ကျွန်းအလှ၊ သဘာဝအလှများကိုခံစားလို၍ ညီငယ်မြို့နယ်ကျန်းမာရေးမှူးနှင့်အတူ စက်လှေကုန်းပတ်မှ ခေါင်မိုးပေါ်သို့ တက်လိုက်ကြသည်။ ရန်ကုန်သားယောက်ဖကား ကြောက်ပုံပေါ်နေသည်။ စက်လှေကုန်းပတ်တွင် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေ၏။ ရှေ့ဘက်၊ နောက်ဘက်၊ ယာဘက်၊ ဝဲဘက် သဘာဝအလှများကို တဝကြီးကြည့်မိ၏။ ပင်လယ်လေကို အားပါးတရ ရှူလိုက်သည်။ အသင့်ယူလာသည့် ကင်မရာဖြင့် လိုချင်သော ရှုခင်းများကို ဓာတ်ပုံရိုက်ယူသည်။ သို့သော် သဘာဝရှုခင်းများကား လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်က ရှုခင်းများလောက် မသာယာတော့ပြီကိုကား မျက်စိက အဆုံးအဖြတ်ပေးနေသည်။

**အဝေးမှ ဖူးမြော်ခဲ့**

ကုလားတန်မြစ်နှင့် ကျွဲကူးမြစ်ဆုံသို့ ရောက်လာသည်။ လှိုင်းထန်လာ၍ စက်လှေအနည်းငယ် လူးလိမ့်လာသည်။ တွေ့ပါပြီ မြစ်လယ်ထဲ၌ တောင်ညီနောင်နှစ်ခု။ ရဖြီးချပ်တောင်နှင့် ပွဲကြည့်တောင်ဖြစ်ပြီး သမိုင်းရာဇဝင်ကြီးလှသည်။ ရခိုင်ဝေသာလီခေတ်တွင် ဘုရင့်ရေတပ်မတော်၌ ရေတပ်သားများရွေးချယ်ရာ လှေသဘင်ပွဲကို ပွဲကြည့်တောင်မှ မင်းနှင့်မိဖုရားတို့ကြည့်ကြပြီး ရဖြီးချပ်တောင်တွင် ဆုချီးမြှင့်မည့်ရွှေရဖြီး(မြန်မာလိုရွှေဘီး)ကိုချိတ်ဆွဲထားကြောင်း၊ အင်္ဂလိပ်ခေတ်က တိုင်းပြည်လွတ်လပ်ရေးအတွက် တော်လှန်တိုက်ပွဲဝင်ခဲ့သော မင်းသားကြီးရွှေဗန်း၏ အရိုးပြာကို ပွဲကြည့်တောင်တွင် မြှုပ်နှံထားခဲ့ကြောင်း သိရသည်။ တောင်နှစ်လုံးက ရှေးအတိတ်သမိုင်းကို ပြောပြနေသည်။ လက်ဝဲဘက်ကမ်း၌ သမိုင်းတွင် တောင်ညိုဂူဘုရားနှင့် တောင်းဖူးဘုရားကို လှမ်းမြင်ရပြီး အဝေးမှဖူးမြော်ခဲ့၏။

**စိန်ခေါ်မှုများပင်**

ကျွဲကူးမြစ်တွင်းသို့ ဝင်လာပြီ။ မြစ်ဝဲယာမြင်ကွင်းများက ရခိုင်ပြည်နယ်အတွက် စိန်ခေါ်မှုများပင်ဖြစ်နေသည်။ မြင်တွေ့ရသော ပုစွန်ကန်များကြောင့် ဖြစ်သည်။ ဤမြေ၊ ဤရေများနှင့် ရခိုင်ဒေသ မြို့နယ်ဒေသအသီးသီးမှ ပုစွန်ကန်များသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်က ရွှေမြေဖြစ်ခဲ့သည်။ ပုစွန်တစ်ခေတ်ရွှေဖြစ်ကာလဟု ခေါ်ကြသည်။ ဘင်္ဂလားပင်လယ်အော်မှ သဘာဝအတိုင်း ဝင်လာသော ပုစွန်ကျားများက ရခိုင်ဒေသကို တော်တော်အကျိုးပြုခဲ့သည်။ ဘင်္ဂလားပင်လယ်မှ လိမ့်ဝင်လာသော ဒေါ်လာများဟု တင်စားကာ ရေးဖွဲ့ခဲ့ကြသည်များကိုလည်း ဖတ်ခဲ့ဖူးသည်။ ကျွဲကူးမြစ်ဝဲယာမှ ပုစွန်ကန်များကြောင့် ပေါက်တောသားတို့ ရွှေသူဌေးဖြစ်ခဲ့ရသည်။ စစ်တွေမြို့မှ စီးပွားရေးအချက်အချာနေရာများကို ဝယ်ယူနိုင်ခဲ့ကြသည်သာမက အချို့ဆို ရန်ကုန်၊ မန္တလေးမြို့ကြီးများထိ စီးပွားရေး ရင်းနှီးမြှုပ်နှံနိုင်ခဲ့ကြသည်။

ခုတော့ ဒီရေတောများပြုန်းတီး၊ ပုစွန်ကန်များ ပျက်စီးကာ စီးပွားရေးအကျ ဘက်သို့ ဆွဲခေါ်ခြင်းခံနေရသည်များကို သိရ၍ စိတ်မကောင်း ဖြစ်မိသည်။ လူတို့စည်းကမ်းမဲ့စွာ ဒီရေတောများကို ဖျက်ဆီးကြ၍ ဂေဟစနစ်များ ပျက်စီးလာခြင်း၊ ပင်လယ် ပြင်၌ သား၊ ငါး၊ ပုစွန်များ ရှားပါးလာခြင်းများကြောင့် ပုစွန်သားပေါက်များ အဝင်နည်းလာခြင်း၊ ခေတ်နောက်ကျသောမွေးမြူရေး စနစ်များကို အသုံးပြုနေကြခြင်း၊ လုပ်သားရှားပါးကာ လုပ်အားခမြင့်မားခြင်း၊ ခေတ်မီနည်းစနစ်များ မရရှိကြခြင်းစသည့် အကြောင်းများကြောင့် ပုစွန်မွေးမြူသူတို့ တွက်ခြေမကိုက် ဖြစ်နေရကြောင်း သိရှိရသည်။ ပုစွန်တစ်ခေတ် ပြန်လည် နိုးထလာအောင် လုပ်သင့်သည်။ မကြာသောကာလတွင် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးစီမံကိန်းက သက်ဝင်လှုပ်ရှား လာတော့မည်ဖြစ်ရာ ဤမြေ၊ ဤရေတို့ကို အကျိုးရှိရှိ အသုံးပြုနိုင်ပါက ဒေသဖွံ့ဖြိုး တိုးတက်လာနိုင်သည်ကို မျှော်တွေးကြည့်မိသည်။

**ပုံရိပ်တစ်ခုကို ပြန်မြင်**

ရောက်ပါပြီ... အလယ်ဖရုံကာကျွန်း၏ အဓိက အချက်အချာနေရာ မြင့်ဂါသစ်ဆိပ်ကမ်းသို့။ အချိန်က ညနေ ၄ နာရီ ၃၂မိနစ်။ ဤနေရာသည် မြင့်ဂါ-ဖဒူကားလမ်း၏ အစနေရာပင်။ ဆိပ်ကမ်းတွင်ကားများ၊ ဆိုင်ကယ်များကို တွေ့ရသည်။ တံတားတွင် လူများက များပြားပေစွ။ လူအုပ်ထဲ ကျွန်တော်တို့ကို



မြင့်ဂါသစ်ဆိပ်ကမ်းအဝင်အလှ တွေ့ရစဉ်

လာကြိုသည့် ဆွေမျိုးများကို မြင်နေသည်။ ရှေးကတိမ်မြုပ်ပြီး ပျက်စီးနေသော လမ်းကို ဒီမိုကရေစီ အစိုးရလက်ထက်တွင် လုပ်ပေးခဲ့၍ ဒေသခံတို့အတွက် အကျိုးဖြစ်နေသည်ကို မြင်ရ၍ ပီတိဖြစ်မိသည်။ စိတ်ထဲတွင် ထင်းခနဲ ပုံရိပ်တစ်ခုကို ပြန်မြင်လာသည်။ ဤလမ်းယခုလိုမျိုး မဖြစ်မည်အချိန်က ဤကျွန်းဇာတိဖွား ဆရာအာရကန္ဒြရသ ရေးသားခဲ့သော "မြင့်ဂါ-ဖဒူလမ်းပြန်လည်နိုးထရေး" ဆောင်းပါးကို ရခိုင်ပြည်နယ် သတင်းဂျာနယ်တွင် ဖတ်ဖူးပြီးဖြစ်ရာ ဤလမ်းက ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အကျိုးပြုမည့်ပုံများကို ပြည့်ပြည့်စုံစုံ တင်ပြထားသည်များကို ပြန်မြင်လာမိသည်။ ယခု ကျွန်တော်စက်လှေပေါ်မှမြင်တွေ့ရသည့် ပုံရိပ်များကား ယခင်ကထက် ကွာခြားနေသည်။ ခပ်လှမ်းလှမ်းတွင် တယ်လီဖုန်းတာဝါတိုင်များ၊ စီးပွားဖြစ်မွေးမြူထားသော ကြက်ခြံများကို တွေ့ရသည်။ ယခင်က ထိုနေရာများမှာ ချုံနွယ်များ ထူပြောကာ နွားများလွှတ်ကျောင်းသောနေရာများပင်၊ ခရီးသည်များ သူ့ထက်ငါ အလုအယက်တက်ကြသည်၊ အတက်အဆင်း လိုအပ်ချက်များရှိနေသည်တော့ အမှန်။ ခရီးသည်များအားလုံး စုံခါနီးမှ ကုန်းထက်သို့တက်လိုက်သည်။ အားလုံးက လမ်းလျှောက်လိုစိတ်ရှိ၍ လျှောက်လိုက်၏။

**ဆုတောင်းမိသည်**

မိနစ်အနည်းငယ်လမ်းလျှောက်လိုက်ရာ လမ်း၏ဝဲဘက်ကွင်းပြင်တွင် စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခု၊ ရေတိုင်ကီတစ်ခု၊ နှစ်ခန်းတွဲ အိမ်သာတစ်လုံးကိုမြင်ရသည်။အဆောက်အအုံ မရှိသေး၊ ဆိုင်းဘုတ်မှာ မြင့်ဂါကျေးလက်ကျန်းမာရေးဌာနဟု ရေးထားသည်။ ၂၀၁၃ ခုနှစ် မတ်လခွင့်ပြုချက်ရထားသည်ဟု သိရသော်လည်း ယနေ့ထိတိုင်အဆောက်အအုံ မရှိသေး၊ ဒေသလိုအပ်ချက် ကွက်လပ်တစ်ခုဖြစ်နေသည်က အမှန်ပင်ဖြစ်သည်။ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ခန်းများဆောက်ပေးနိုင်ပါက ဤဒေသ၏ ကျန်းမာရေးသာမက နယ်အသီးသီးမှ စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးသို့ ညွှန်းပို့ရသော လူနာများအတွက် ခရီးတစ်ခေါက်နားပြီး အသက်အန္တရာယ်များကို စောင့်ရှောက်ပေးနိုင်သောနေရာပင်ဖြစ်သည်။ အဆောက်အအုံ မြန်မြန်ရောက်ပါစေဟု ရင်ထဲက ဆုတောင်းမိသည်။

**သကြၤန်သံချပ်သံများ**

ပြောရင်းဆိုရင်း၊ လမ်းလျှောက်ရင်း မွေးရပ်မြေသို့ ရောက်သွားသည်။ သကြၤန်အကြိုရက်နှင့် တိုက်ဆိုင်နေ၍ ငယ်ပေါင်းများကို အများအားဖြင့် တွေ့ဖြစ်သည်။ အချို့ကရပ်ဝေးမြေခြားမှာ၊ အချို့ကားဆုံးသွားကြလေပြီ။ တွေးတောကြည့်တော့ အောင့်သက်သက် ဖြစ်မိသည်။ ခဏကြာ အသံချဲ့စက်မှရခိုင်သကြၤန်သံချပ်သံများကို ကြားရသည်။ ဘုရားရေသပ္ပာယ်ရန် ပြင်ဆင်နေကြပြီ။ လွယ်အိတ်ကိုလွယ်၊ ဘုန်းတော်ကြီးကျောင်းဝတွင်ရေဖလားကိုယ်စီနှင့် ကလေးငယ်တစ်သိုက်ကို တွေ့ရသည်။ ဘုရားရေသပ္ပာယ်ရာမှအပြန် ရေပက်ရန်(ရခိုင်လိုရေလောင်းရန်) စောင့်နေကြသည်။ စာရေးသူတို့ ငယ်ငယ်ကလည်း ဤသို့ဤပုံပင်။ ဓာတ်ပုံရိုက်တော့ ကလေးတွေပျော်ကြသည်ကို မြင်၍ပီတိဖြစ်မိသည်။ ညနေစာအဖြစ် မိသားစုအားလုံး ရယ်ရယ်မောမော ဝိုင်းဖွဲ့စားကြသည်။ ကျွေးတာကအစုံ၊ အထူးသဖြင့် ပင်လယ်စာများ (Sea Foods)၊ ရခိုင်ကြက်သားဟင်းကာလသားချက်က ခံတွင်းအတွေ့ဆုံးဖြစ်သည်။ မိသားစုများ စုံစုံလင်လင် ဖြစ်နေ၍ တစ်နှစ်တာတွင် အကောင်းဆုံး ထမင်းဝိုင်းဟု ခံယူမိသည်။ အဖေနှင့်ဘိုးဘွားများကို သတိရမိသည်။

**ဆိုလာမီးများ တပ်ဆင်ပေးထား**

ညမှောင်လာသော်လည်း အိမ်တိုင်းလင်းထိန်နေသည်။ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးတော့မဟုတ်။ အစိုးရက ဆိုလာမီးများ တပ်ဆင်ပေးထား၍ ဖြစ်သည်။ မီးထိန်ထိန်နှင့်မို့ အိမ်တိုင်းကိုမြင်ရသည်မှာ စိတ်ချမ်းမြေ့စရာဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်က ဖယောင်းတိုင်၊ ရေနံဆီမီးခွက်များကို သုံးရသောခေတ်မှ တစ်ခေတ်တော့ပြောင်းလာခဲ့လေပြီ။ လျှပ်စစ်မီးသွယ်ပေးနိုင်ပါက ပို၍တိုးတက်လာလိမ့်မည်။ မကြာမီ ပေါက်တောမြို့ ၂၄နာရီ မီးလင်းတော့မည်ဟု သိရှိခဲ့ရသည်။ ပေါက်တောမြို့နှင့် ဤနေရာသည်နီးနီးလေးမို့ မျှားမကြာမီ ၂၄နာရီ မီးလင်းနိုင်ရန် အခွင့်အရေးရှိကြောင်း၊ အစိုးရ၏ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းစနစ်အကြောင်း တို့ကို ကြုံတုန်းပြောပြဖြစ်ခဲ့သည်။ ငယ်ပေါင်းများရောက်လာကြပြီး ငယ်တုန်းက ပုံရိပ်များကိုပြောကြ၊ အချင်းချင်း နောက်ပြောင်ကြနှင့် စကားဝိုင်းများ စိုပြည်ဖြစ်ခဲ့သည်။

နောက်တစ်နေ့ နံနက် ဆိုင်ကယ်တစ်ယောက်တစ်စီးဖြင့် မြင့်ဂါ-ဖဒူလမ်းကို လှေ့လာဖြစ်ခဲ့သည်။ ၁၅မိနစ်ခန့်အကြာခဏနားပြီး ဗုဒ္ဓဓာတ်တော်အစစ်ဖြစ်သော ရင်အုံတော်စေတီမြတ်ကို တောင်ပေါ်ထိတက်ကာ ဖူးမြော်ဖြစ်ခဲ့သည်။ မြင့်ဂါ-ဖဒူကားလမ်းကို ၁၉၉၅ ခု မတ်လ ၇ရက်နေ့တွင် မြေသားလမ်းအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီး ထိုစဉ်က ၁၁မိုင် ၄ဖာလုံ ၂သံကြိုးခန့်သာရှိကြောင်း ပြုစုထားသော မှတ်တမ်းအရ သိထားပြီးဖြစ်သည်။

ထိုစဉ်က ဖဒူရွာထိသာရှိခဲ့သော်လည်း ခုတော့ထန်းတင်ရွာအထိ ဖောက်လုပ်ထား၍ ၂၁မိုင်ရှိကြောင်း၊ နှစ်ပေါင်း ၂၀နီးပါး တိမ်မြုပ်နေခဲ့ပြီး ယခင်ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ပြန်လည်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ ကျောက်ခင်းလမ်းအဆင့်ဖြစ်၍ သွားရသည်က အဆင်မချောလှပေ။ သို့သော် ယခင်က အချိန်များစွာ ကွာသောခရီးကို အချိန်တိုအတွင်းရောက်နိုင်သည်ကတော့ လက်တွေ့ပင်။

ဤလမ်းအတွက် ငွေကျပ်သန်းပေါင်းများစွာ အသုံးပြုခဲ့သည်ကိုတော့ ယခင်ရခိုင်ပြည်နယ်အစိုးရထုတ် သတင်းမှတ်တမ်းများတွင် တွေ့ဖူးသည်။ သို့သော် စံချိန်စံညွှန်းမမီသည်တော့အမှန်။ ဒေသခံများက တဖွဖွပြောနေကြသည်။ အချို့တံတားများ ပေါက်ပြဲနေသည်။ လက်ကိုင်တန်းများ ကျိုးနေသည်။ မိုင်တိုင် အမှတ်အသားများ ပြိုလဲနေသည်။ လိုအပ်ချက်များက ထောက်ပြနေကြ၏။လမ်းအစမှအဆုံးထိ သွားဖြစ်ခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

# မြစ်သာရေအားလျှပ်စစ်စက်ရုံမှ ကလေးနှင့်ဟားခါးဒေသများ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်



**ဂန့်ဂေါ ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် တည်ဆောက်ထားရှိသည့် မြစ်သာရေလှောင်တမံရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်မည်ဆိုပါက ဂန့်ဂေါဒေသနှင့်အနီးဝန်းကျင်ဒေသများဖြစ်ကြသော ချင်းပြည်နယ် ဟားခါးဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုလိုအပ်ချက်ကို ပြည့်မီဖူလုံကျော်လွန်သည်အထိ ထုတ်လုပ်ပို့လွှတ်ပေးနိုင်ကြောင်း သိရသည်။

မြစ်သာရေလှောင်တမံရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် စုစုပေါင်း ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်စွမ်းရှိ၍ ဂန့်ဂေါဒေသ၏ လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲမှုလိုအပ်ချက် ၂ ဒသမ ၈ မဂ္ဂါဝပ်၊ ကလေးဒေသ ၄ ဒသမ ၈ မဂ္ဂါဝပ်နှင့် ဟားခါးဒေသ ၅ ဒသမ ၂ မဂ္ဂါဝပ်၊ အဆိုပါဒေသသုံးခုတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုလိုအပ်ချက် စုစုပေါင်းမှာ ၁၂ ဒသမ ၈ မဂ္ဂါဝပ်မျှသာဖြစ်ရာ ကျန်ရှိသော လျှပ်စစ်ဓာတ်အား ၂၇ ဒသမ ၂ မဂ္ဂါဝပ်ကို လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိသော အခြားဒေသများသို့ ခွဲဝေပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြစ်သာရေလှောင်တမံလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်ပို့လွှတ်လျက်ရှိရာ ဧပြီ ၂၂ ရက်အထိ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၂၁၂၉၈ ဒသမ ၂၀ မဂ္ဂါဝပ်နာရီကို ဂန့်ဂေါ-ကလေး၊ ဂန့်ဂေါ-ဟားခါး၊ ဂန့်ဂေါ-ပေါက်ဓာတ်အားလိုင်းများမှတစ်ဆင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိသော နေရာဒေသအသီးသီးသို့ ပို့လွှတ်ထားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မြစ်သာရေလှောင်တမံလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားမှ နိုင်ငံတော်အတွက်ရရှိသောဝင်ငွေမှာ လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ပျမ်းမျှ ၄၀ ကျပ်ဖြင့်တွက်ချက်ပါက ဝင်ငွေစုစုပေါင်း ငွေကျပ်သိန်း ၈၅၀၀ ကျော်ခန့်ရရှိပြီးဖြစ်ကြောင်း သိရသည်။

မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါးပြီးစီးအောင်မြင်ပြီဖြစ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## တောင်ငူအကျဉ်းထောင်သို့ Mobile Library စနစ်ဖြင့်စာအုပ်များငှားရမ်းပေး

**တောင်ငူ ဧပြီ ၂၈**

တောင်ငူတွင် စာပေဝါသနာရှင်များ စုပေါင်းပြီး Mobile Library ကို တစ်ပတ်လျှင်တစ်ရက် လူများစုဝေးရာနေရာများဖြစ်သည့် ကားဂိတ်၊ ဘူတာရုံ၊ ဆေးရုံ၊ အပန်းဖြေနေရာများ၊ အခြားနေရာများသို့သွားရောက်၍ အခမဲ့ငှားရမ်းပေးကြသည်။

အဆိုပါ Mobile Libraryကို အသက်ဝင်အောင် လှုပ်ရှားနေသည့် တောင်ငူကွန်ပျူတာတက္ကသိုလ်မှ ဆရာအောင်အောင်ဖြိုးက "ကျွန်တော်တို့ ဒီ Mobile Library ကို လှုပ်ရှားတာ ငါးကြိမ်မြောက်ရှိပြီ။ ယနေ့ခေတ်က Onlineကြောင့် Library ကိုလူအများ မရောက်ရှိတော့ဘူး။ စာဖတ်သူအားနည်းလာတယ်လို့ ကျွန်တော်မြင်တယ်။ အသိပညာပြန့်ပွားအောင် စာအဖတ်ဖြစ်နိုင်ဆုံးနေရာလို့ထင်တဲ့ အကျဉ်းထောင်နဲ့ ရဲစခန်းအချုပ်ခန်းတို့ကို ဦးစားပေးရွေးချယ်ငှားရမ်းပေးခဲ့တယ်။ နောက်ပိုင်း သင်တန်းကျောင်း၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဝတ်ပြုကျောင်းတွေကိုလည်း ချိတ်ဆက်ငှားရမ်းပေးသွားနိုင်ဖို့ စီစဉ်နေပါတယ်။ စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်နိုင်ခြင်းဟာ အကျဉ်းထောင်တစ်ခု ပိတ်သိမ်းနိုင်ခြင်းနဲ့တူတယ်လို့ ကျွန်တော် မြင်ပါတယ်" ဟု ပြောသည်။

တောင်ငူမြို့တွင် စာကြည့်တိုက်များကို ရပ်ကွက်များနှင့် ကျေးရွာများတွင် ဖွင့်လှစ်ထားရှိသော်လည်း အသက်ဝင်သည့်စာကြည့်တိုက်များ နည်းပါးလာကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားခဲ့ပြီး စာအုပ်မျိုးစုံလှူဒါန်းလိုပါကဖုန်း ၀၉-၇၉၅၇၇၅၃၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရန်ဒေသခံများလိုလား

**သာစည် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း တောင်ပေါ်ကျေးရွာတစ်ခု ဖြစ်သည့် လယ်ပြင်ကျေးရွာ၌ အခြေခံပညာမူလွန်ကျောင်းသာရှိသဖြင့်မူလွန်ကျောင်း ပြီးမြောက်ခဲ့သည့် ကျောင်းသားကျောင်းသူများအနေဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မရှိသောကြောင့် ပညာဆုံးခန်းတိုင်သင်ကြားနိုင်ရန် အခက်အခဲကြုံတွေ့နေကြရ ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသည်အိမ်ခြေ ၂၉၀၊ လူဦးရေ ၁၅၀၀ ရှိသောရွာဖြစ်ပြီးဘူတာရုံနှင့် ရဲကင်းစခန်းတို့ရှိသည့်အပြင်သာစည်- ရွှေညောင်မီးရထားလမ်းသည် အဆိုပါ ကျေးရွာမှဖြတ်သန်းဖောက်လုပ်ထားသဖြင့် ခရီးသည်အဝင်အထွက်များသောရွာ ဖြစ်သည်။

ဒေသခံတို့၏ သားသမီးများမှာ ကျေးရွာရှိ မူလတန်းလွန်ကျောင်းမှ သတ္တမတန်းအဆင့်အထိသာ ပညာသင်ကြားနိုင်ခဲ့ကြပြီး ဆက်လက်၍ ပညာဆုံးခန်း တိုင်သင်ယူလိုသော်လည်း အခြားဒေသရှိ အထက်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားနိုင်ရန် ကုန်ကျစရိတ်ငွေကျပ် ၁၀ သိန်းခန့်ရှိသဖြင့် ငွေကြေးမတတ်နိုင်ကြသည့်အဆုံး သတ္တမတန်းအဆင့်ဖြင့်သာလျှင် ပညာရေးဆုံးခန်းတိုင်ခဲ့ကြသည်ဟု သိရသည်။

ထို့ကြောင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျေးရွာရှိလက်ရှိ မူလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဆင့်သို့ တိုးမြှင့်ပေးရန်ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## လှိုင်သာယာမြစ်ကူးတံတားပေါ်တွင် ကွမ်းတံတွေးထွေးခြင်းနှင့် အမှိုက်များ မပစ်ရန်မေတ္တာရပ်ခံထား

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် အင်းစိန်မြို့နယ်အားဆက်သွယ်ထားသည့် လှိုင်မြစ်ကူးတံတားဖြစ်သော အောင်ဇေယျကြိုးတံတားနှင့် ရွှေပြည်သာတံတားပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ပြည်သူများနှင့် ယာဉ်များပေါ်မှ ကွမ်းတံတွေးမထွေးရန်၊ စွန့်ပစ်အမှိုက်များတံတားပေါ်မပစ်ရန် ဧပြီလဆန်းပိုင်းမှစ၍ မေတ္တာရပ်ခံအသိပေးနှိုးဆော်ထားကြောင်း သိရသည်။

"ကျွန်တော်တို့လည်းကားမောင်းတော့ကွမ်းကြိုက်တတ်တယ်။ ကွမ်းတံတွေးကို ရေသန့်ဘူးခွံထဲကိုထည့်တယ်။ အပြင်ကိုမထွေးဘူး။ ကားလမ်းပေါ်နဲ့ လမ်းပေါ်သွားတဲ့သူတွေ ထိခိုက်မိမှာစိုးတယ်။ ရန်ကုန်မြို့ရဲ့ အဓိကကားလမ်းအလယ်ကြောတွေမှာ ကွမ်းတံတွေးတွေ ပျံ့ကျဲနေတာဟာ ယာဉ်မောင်းနဲ့ခရီးသည်တွေနေ့စဉ်စွန့်ပစ်ထားလို့ပဲ။ ကိုယ်စီကိုယ်စီအသိလေးတွေနဲ့ စည်းကမ်းပိုင်းကိုလိုက်နာစောင့်ထိန်းမယ်ဆိုရင် ကားလမ်းပေါ်မှာ ကွမ်းတံတွေးနဲ့အမှိုက်ကင်းစင်သွားမှာပါ"ဟု လှိုင်သာယာမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့သွားလာရာတွင် တံခါးပေါက်ဖြစ်သောလှိုင်သာယာမြို့နယ်အားဆက်သွယ်ထားသည့် လှိုင်မြစ်ကူးတံတားကြီးလေးစင်းတွင် နေ့စဉ်ခရီးသွားယာဉ်များနှင့် စက်မှုဇုန်မှယာဉ်များဖြတ်သန်းသွားလာလျက်ရှိရာ တံတားအစွန်နှစ်ဖက်လူလျှောက်လမ်းနှင့်ကားလမ်းအလယ်မျဉ်းကြောတို့တွင် ဖြတ်သန်းသွားလာကြသည့်ယာဉ်များပေါ်မှ ကွမ်းတံတွေးများ ထွေးကြသည့်အတွက် ထိုသို့မလုပ်ဆောင်ကြရန်၊ အမှိုက်များလည်း မစွန့်ပစ်ကြရန်လမ်းတံတားမှ တာဝန်ရှိသူတို့က မေတ္တာရပ်ခံထားသည့်အတွက်




ဧပြီလတတိယပတ်တွင် အောင်ဇေယျကြိုးတံတားနှင့် ရွှေပြည်သာတံတားတို့ပေါ် ၌ ကွမ်းတံတွေးထွေးခြင်းများ လျော့နည်းသွားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## သုံးခွမြို့နယ် လက်ပန်ကျေးရွာ၌ သက်ကြီးပူဇော်ပွဲကျင်းပ

**သုံးခွ ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာတွင် ထေရဝါဒမဂ္ဂဓမ္မဉယျာနအဖွဲ့နှင့် ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၅ ရက်က ရေစင်အနီး၌ကျင်းပရာ ပထမဦးစွာသံဃာတော်များထံမှသီလခံယူ၍ ပရိတ်တရားတော်များ နာကြားကြောင်း သိရသည်။

ထို့နောက် အသက် ၈၀ နှင့်အထက် အဘိုးအဘွား၊ အသက် ၁၀၁ နှစ်ရှိ ဒေါ်ခိုအပါအဝင် ၃၃ ဦးနှင့် သံဃာတော်နှစ်ပါးတို့အား ဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းကာ ဂါရဝပြုပူဇော်ကန်တော့ကြကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

*စာမျက်နှာ ၁၆ မှအဆက်*

**အနာဂတ်အခွင့်အလမ်းများ**

မြင်ရသော မြင်ကွင်းက ယခင်ထက်များစွာ ကွာခြားလေပြီ။ စိမ်းစိုညို့မှောင်နေသော တောင်တန်းများ တောင်ကတုံး ဖြစ်နေသည်။ သို့သော်အချို့နေရာများတွင် ဥယျာဉ်ခြံများကြောင့် စိမ်းစိုနေ၏။ ကျွန်းပင်များ စိုက်ပျိုးထားသည်ကိုလည်း တချို့နေရာများတွင် တွေ့ရသည်။ တစ်မျှော်တစ်ခေါ်လယ်ကွင်းများက စပါးတစ်သီးပြီးလျှင် အလဟဿဖြစ်နေသည်။ ဤကျွန်းသည် မြေသြဇာကောင်းသည်။ အရှည်အားဖြင့် ၂၇ မိုင်ခန့်ရှည်ပြီး မြောက်ဘက်အကျယ်ဆုံးနေရာတွင် ခြောက်မိုင်ခန့်ကျယ်သော လွင်ပြင်များရှိသည်။ တောင်ကြောတောင်တန်းများရှိပြီး ဆည်တမံများတည်ဆောက်နိုင်သောနေရာများလည်းရှိသည်။ ဆည်ရေများ ရရှိပါက ဤကျွန်းမှမြေများ တစ်သီးစားမှနှစ်သီး၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်ပြီး ဒေသအလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ စစ်တွေမြို့နှင့် မလှမ်းမကမ်းတွင်ရှိရာ ထွက်ရှိလာသောသီးနှံများကို စစ်တွေဆိပ်ကမ်းမှ တစ်ဆင့် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးအတိုင်း ပို့ကုန်အဖြစ် တင်ပို့နိုင်ကြောင်း အနာဂတ်အခွင့်အလမ်းများက ထောက်ပြနေ၏။ လမ်းဆုံးအထိသွားလိုက်ရာ ထန်းတင် ပင်လယ်ကမ်းခြေသည်လည်း ဒုတိယငပလီဟု တင်စားလောက်အောင် ဆွဲဆောင်အားကောင်းလှသည်။ လမ်းပန်းဆက်သွယ်ရေးကြောင့် ပုန်းလျှိုးကွယ်လျှိုးဖြစ်နေခဲ့ရသောကမ်းခြေအလှသည် ခုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းစပြုလာပြီဖြစ်၍ လူသိသူသိဖြစ်လာပြီ။ အပန်းဖြေနေရာများ ဖန်တီးကာလုပ်ကိုင်နိုင်ပါက နိုင်ငံခြားဝင်ငွေများ ရရှိလာနိုင်သည်။ ကမ်းခြေတွင် နာရီဝက်ခန့်နားပြီး အပြန်ခရီးစခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာ**

စစ်တွေသို့မပြန်မီ ဒေသအနှံ့ လှည့်လည်ကြည့်ဖြစ်ခဲ့သည်။ ငယ်ငယ်တုန်းက ပညာသင်ကြားခဲ့သော ကျောင်းတော်ကြီးကား အထကဖြစ်နေပေပြီ။ သဘာဝဘေးဒဏ်သင့်အဖြစ် ဂျပန်အစိုးရ၏ အကူအညီဖြင့် ဆောက်လုပ်နေသော နှစ်ထပ်အာရ်စီကျောင်းဆောင်နှစ်ခု၊ ဝန်ထမ်းနေအိမ်နှစ်လုံးကိုလည်း ဆောက်လုပ်နေကြောင်း မြင်တွေ့ခဲ့ရသည်။ မီဒီယာမှတစ်ဆင့် အပျက်အစီးများကို အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ခဲ့၍ ခုလိုထောက်ပံ့မှုမျိုးရခဲ့ကြောင်း ပြောပြကြသည်။ ဒေသခံတစ်ဦးပိုင်ကော်မတီတစ်ခု တာဝန်ယူဆောက်လုပ်နေ၍ စေတနာမှန်ပါကများစွာ အကျိုးရှိပေလိမ့်မည်။ အချို့နေရာများတွင် ကျေးရွာချင်းဆက်လမ်းများကို ကိုယ့်အားကိုယ်ကိုးဖောက်လုပ်နေကြရာ အစိုးရအနေဖြင့် မြင့်ဂါ-ဖဒူလမ်းနှင့် ချိတ်ဆက်ပေးနိုင်ပါက ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

ညနေပိုင်းတွင် စက်လှေစီးကာ အိမ်ပြန်ခရီးစခဲ့သည်။ ကျွဲကူးမြစ်ကြောင်းတစ်လျှောက် သဘာဝရှုခင်းများနှင့် လေနုရှရှများက စိတ်ကိုလန်းဆန်းစေ၏။ ထိုမှသည် ကစ္ဆပနဒီမြစ်ကို ဖြတ်သန်းကာလာကြရာ ဒီရေအကျနှင့် လေထန်နေသည်မို့ လှိုင်းကထန်နေသည်။ စိတ်အစဉ်သည် ဟိုမှသည်သို့ ပြေးလွှားနေ၏။ အတွေးများသည်ကား ဖရုံကာကျွန်းဆီသို့ သမင်လည်ပြန်ကြည့်လျက်ပင်။ ။

# ဆေးခြောက်ပင်နှင့် ဘိန်းစာပင်များကို စုပေါင်းမီးရှို့ဖျက်ဆီး

**တနသ်ာရီ မေ ၂၈**
တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့နယ် ကျွဲထိန်းကုန်းကျေးရွာအနီးရှိ ဆေးခြောက်ပင်နှင့် ဘိန်းစာပင်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ မေ ၂၆ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



ကျွဲထိန်းကုန်းကျေးရွာမြောက်ဘက်ရှိ ငါးပြေမအင်းအနီးမှ အကျယ် ၀ ဒသမ ၅ ဧကခန့်ရှိ မြေကွက်လပ်နေရာတွင် အလေ့ကျပေါက်ရောက်နေသော အမြင့် ငါးပေ၊ ပင်စည်လုံးပတ် တစ်လက်မပတ်လည်ခန့်ရှိ အပင်သက်တမ်း ငါးလသားခန့်အရွယ် ဆေးခြောက်ပင် ၈၀ နှင့် အပင်အမြင့် ၁၀ ပေ၊ ပင်စည်လုံးပတ် ငါးလက်မခန့်ရှိ သက်တမ်းသုံးနှစ်သားခန့်အရွယ် ဘိန်းစာပင် ၁၀၀ ခန့်ကို အမြစ်မှစ၍ခုတ်ထွင်ကာ မီးရှို့ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။

ဆေးခြောက်ပင်နှင့် ဘိန်းစာပင်များ မီးရှို့ဖျက်ဆီးခြင်းကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း ဦးစီးသည့် ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် တနသ်ာရီမြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်အောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၅၆၁) ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူး မြတ်သူနှင့်တပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှမ်းမိုးအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သကျက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းကိုနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မီးရှို့ဖျက်ဆီးခဲ့သော ဆေးခြောက်ပင် ၈၀ မှ အရွက်စိုအလေးချိန် ၃၅ ဒသမ ၂၇ ကီလိုဂရမ်ခန့် ထွက်ရှိနိုင်မည်ဖြစ်၍ ဒေသပေါက်ဈေး ကျပ်နှစ်သိန်းနှုန်းဖြင့် တွက်ချက်ပါက တန်ဖိုး ကျပ်သိန်း ၇၀ ကျော်ခန့်နှင့် ဘိန်းစာပင် ၁၀၀ မှ အရွက်စိုအလေးချိန် ၅၈ ဒသမ ၇၈ ကီလိုဂရမ်ကို တစ်ကီလိုဂရမ်လျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် တန်ဖိုး ကျပ် ၁၄ သိန်းကျော် စုစုပေါင်းတန်ဖိုး ကျပ် ၈၄ သိန်းကျော်ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကားမှန်များ ထုခွဲဖျက်ဆီးခံရခြင်းအတွက် ဒေသခံများ စိုးရိမ်နေ

**ဖျာပုံ မေ ၂၈**
ယခုရက်ပိုင်းအတွင်း မြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်သည့် ဖျာပုံမြို့ပေါ်ရှိ အထင်ကရ လမ်းမကြီးများဘေးတွင်ရပ်ထားသော ကားအချို့၏မှန်များ ဖျက်ဆီးခံရခြင်းနှင့်ပတ်သက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်ရေးကို ဒေသခံများက လိုလားလျက်ရှိပြီး နောင်တွင် ယခုကဲ့သို့ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် ညက ဖျာပုံမြို့၏ အဓိကလမ်းမကြီးများဖြစ်သော ပထမလမ်း၊ ဒုတိယလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့ရှိ လူနေအိမ်များ၏ရှေ့တွင် ညအိပ်ရပ်နားထားသော ကားများအနက် ကားငါးစီးခန့်၏ မှန်များကို တစ်ညအတွင်း ဖျက်ဆီးခံထားရခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံ ဦးဇော်လတ်က "အခုဖြစ်စဉ်က စဉ်းစားစရာပါ။ တစ်နေရာတည်းမှာ ဖြစ်တာမဟုတ်ဘဲ တစ်နေရာစီရပ်ထားတဲ့ကားတွေကို တစ်ညတည်းမှာ ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ပါတယ်။ မူးလို့၊ ရူးနေလို့ ဖျက်ဆီးတာဆိုရင် မျက်စိအောက်က မြင်မြင်ရာ ထုသွားမှာပေါ့။ အခုက တစ်နေရာစီရပ်ထားတဲ့ ကားတွေကို တမင် အကျိုးပျက်စီးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လိုက်ဖျက်ဆီးနေသလို မြင်ပါတယ်။ ဒေသခံတစ်ဦးအနေနဲ့ပြောရရင် ဒီဖြစ်စဉ် ဘာကြောင့် ဖြစ်သွားလဲဆိုတာ ရှင်းရှင်းလင်းလင်း သိချင်တယ်။ နောင်ထပ်ဖြစ်လာမှာကိုလည်း အထူးစိုးရိမ်နေပါတယ်"ဟု ပြောသည်။

ယာဉ်ဖျက်ဆီးခံရသည့် ယာဉ်ပိုင်ရှင်တစ်ဦးကလည်း "ညအချိန်မတော် ဖြစ်သွားတာဆိုတော့ ကျွန်တော်တို့လည်း ဘယ်သိပ့်မလဲ၊ ရန်ငြိုးရန်စရှိလို့ လုပ်တယ် ဆိုလည်း တစ်စီးလောက်ဖြစ်မှာ။ အခုဟာက ငါးစီးလောက်ဆိုတော့ တော်တော်ဆန်းနေတယ်။ နောက်ဖျက်ဆီးခံရတဲ့ကားတွေ ရပ်ထားတဲ့နေရာတွေက တကယ့်မြို့လယ်ကောင်၊ ဘဏ်တွေလည်းရှိတယ်၊ ဆိုင်ခန်းတွေ မျိုးစုံရှိတယ်၊ လူအစည်ကားဆုံးနေရာတွေမှာ ဖြစ်သွားတဲ့အတွက် တော်တော်စိုးရိမ်နေပါတယ်"ဟု ပြောသည်။

မြို့ခံတစ်ဦးကလည်း "မူးလို့ပဲထုထု၊ ရူးလို့ပဲထုထု၊ တမင်ကြံရွယ်ချက်ကြောင့် ဖျက်ဆီးတာပဲဖြစ်ဖြစ် အားလုံးသတိရှိကြဖို့ လိုပါပြီ။ အခုဆိုရင် ညနေစောင်းလာတာနဲ့ မြို့လယ်ကောင် ပထမလမ်း၊ ဒုတိယလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နေအိမ်တွေရှေ့မှာရပ်ထားတဲ့ ကားအချို့မရှိတော့ပါဘူး၊ စိုးရိမ်စိတ်တွေနဲ့ လုံခြုံမယ့်နေရာတွေ ရှာကြံပြီး သိမ်းနေကြတယ်၊ ကားပါကင်ကလည်း အိမ်တိုင်းမှာမရှိတော့ တော်တော်ဒုက္ခရောက်နေရတယ်"ဟု ပြောသည်။

အဆိုပါ ကားမှန်များထုခွဲဖျက်ဆီးခံရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှု ကျူးလွန်သူ သို့မဟုတ် ကျူးလွန်သူများကို သိရှိနိုင်ရေးအတွက် စုံစမ်းဖော်ထုတ်နေဆဲဖြစ်ကြောင်း ဖျာပုံမြို့မရဲစခန်းမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရေရှားပါးသည့်ကျေးရွာများသို့ ရွှေ့လျားရေသန့်စက်ဖြင့် သောက်ရေများဖြန့်ဝေပေး



**သနပ်ပင် မေ ၂၈**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများသို့ သောက်ရေများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးလျက်ရှိရာ ရွှေ့လျားရေသန့်စင်စက်များဖြင့်လည်း သောက်ရေသန့်များ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သနပ်ပင်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်နေသည့် ကသစ်ဝိုင်ကျေးရွာ၌ ရေရရှိရေးအတွက် ယာယီရေလှောင်ကန်များ ဆောက်လုပ်၍ ရွှေ့လျားရေသန့်စက်ဖြင့် ရေများသန့်စင်ပေးခြင်းကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ မေ ၂၄ ရက်နှင့် ၂၅ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကာ နီးစပ်ရာကျေးရွာများသို့လည်း ရေသယ်ယာဉ်များဖြင့် သောက်ရေများ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကျေးရွာမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၆ ရက်က ကျင်းပခဲ့သည်။ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အမှာစကားပြောကြားပြီး လေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်ငါးသိန်း၊ အန္တေးထည် ၃၅ ထည်၊ ကျောင်းစိမ်းဘောင်းဘီ ၂၂ ထည်ကို ထောက်ပံ့ပေးအပ်ကာ မိုးညှင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း အလှူငွေကျပ် ၅၇၃၅၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၃ မျိုး၊ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ထောက်ပံ့ပစ္စည်းပုံးများကို လေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အတူ ချမ်းမြေ့ဦးဆောက်လုပ်ရေးကုမ္ပဏီကလည်း အလှူငွေ ကျပ်နှစ်သိန်းနှင့် နန့်ကောင်းသစ္စာဆောက်လုပ်ရေးကုမ္ပဏီကလည်း အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပြင်ပယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၁၈/၂၀၁၇)မှ သင်တန်းသားသင်တန်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၂၆ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် အမှတ်(၆၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု မိတ္ထီလာမှ ဒုရဲမှူးမြင့်စိုးက ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အထူးလိုက်နာရန်၊ ယာဉ်မောင်းနေစဉ် အရက်စသည့် မူးယစ်ဆေးဝါးများကို သုံးစွဲမောင်းနှင်ခြင်းမပြုရန်နှင့် စည်းကမ်းမလိုက်နာသူများအား ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း စသည်တို့ကို ဟောပြောသည်။ ဟောပြောပွဲသို့ သင်တန်းသား သင်တန်းသူ ၁၆၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

### ရေရှားပါးသည့်ရပ်ကွက်နှစ်ခုတွင် စိုးလျှပ်စစ်ဖောင်ဒေးရှင်းက စက်ရေတွင်းများ တူးဖော်လှူဒါန်း

ပျဉ်းမနားမြို့ရှိ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက မြို့ပေါ်ရှိ ရေရှားပါးသောရပ်ကွက်နှစ်ခုတွင် စက်ရေတွင်း တူးဖော်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ရွာကောက်ရပ်ကွက်၊ ယန္တရားနယ်မြေတွင် အများသုံး လေးလက်မစက်ရေတွင်းတစ်တွင်းနှင့် ၁၅ ပေအမြင့် ရေစင်၊ ရေလှောင်ကန်တစ်ကန်တို့ကို လှူဒါန်းရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးတို့က စက်ရေတွင်းတူးဖော်မည့်နေရာကို ပန္နက်ရိုက်ပေးခဲ့သည်။ ရွာကောက်ရပ်ကွက် စက်ရေတွင်း တူးဖော်ပြီးပါက ပန်းခင်း(၂)နယ်မြေအတွက်လည်း စက်ရေတွင်းနှင့် ရေစင်၊ ရေလှောင်ကန်များကို တူးဖော်တည်ဆောက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ကန်ကြီးထောင့်မြို့နယ်လျှပ်စစ်ရုံး ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ကန်ကြီးထောင့် မေ ၂၈**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို မီးသတ်ဦးစီးဌာန အစီအစဉ်ဖြင့် မေ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြရာတွင် ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံများနှင့် မီးသတ်ဆေးဖျန်းပုံများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများအား အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြကာ ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြော

**တိုက်ကြီး မေ ၂၈**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဒဂုံဆိပ်ကမ်းစက်ရုံ(၂) အထည်စက်ရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့ကကြီးမှူး၍ မေ ၂၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း ဦးဆောင်ပြီး တိုက်ကြီးမြို့မ ရဲစခန်းမှူး ဒုရဲမှူးသိန်းအေးနှင့် ရဲတပ်ဖွဲ့ဝင်များက အထည်ချုပ်စက်ရုံ ဝန်ထမ်း ၆၀၀ ကျော်အား သက်ငယ်မုဒိမ်းမှုဖြစ်ပွားလေ့ရှိသည့် အချက်အလက်များ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားသည့် ဖြစ်စဉ်များ၊ မှုခင်းလျော့နည်းကျဆင်းသွားသည့် အခြေအနေများအကြောင်း စသည်တို့ကို ဟောပြောခဲ့ပြီး သက်ငယ်မုဒိမ်းမှုများ ပပျောက်သွားစေရေးအတွက် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ချင်းမှသည် ပြည်သူတစ်ရပ်လုံး သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များနှင့် လက်တွဲချိတ်ဆက် ဆောင်ရွက်သွားကြရန်လိုကြောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# စိန်ခေါ်မှုပြင်းထန်မယ့် မန်ယူ၊ လိုင်ယွန်ကိုကျော်ဖြတ်ရမယ့် အိုင်းယက်တို့ရဲ့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့

*ပရိသတ်တွေ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ ယူရိုပါလိဂ်အကြို ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကို မေ ၃ ရက်နဲ့ ၄ ရက်မှာ ကစားတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီကုန်ဆုံးချိန်မှာ ပြည်တွင်းလိဂ်ပွဲစဉ်တွေကို အကြိတ်အနယ်နွှဲနေရတဲ့အသင်းတွေဖြစ်တာမို့ အခုပွဲမှာလည်း အားကုန်သုံးရဦးမယ့်ပွဲစဉ်ဖြစ်နေပါတယ်။ ဒီပွဲစဉ်မှာ မန်ယူက ဆဲလ်တာဗီဂိုကွင်းမှာ သွားရောက်ကစားရမှာဖြစ်သလို လိုင်ယွန်က အိုင်းယက်ကွင်းမှာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ပရိသတ်တွေအတွက်ကတော့ ရင်ခုန်သံမြန်စေမယ့် ပွဲစဉ်တွေအဖြစ် ရှုစားကြရမှာ ဖြစ်ပါတယ်။*




**ဆဲလ်တာဗီဂိုနှင့် မန်ယူ**

ဒီနှစ် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ ရေပန်းအစားဆုံးဖြစ်နေတဲ့ မန်ယူတို့က အခုပွဲအဝေးကွင်းမှာ စတင်ကစားရပေမယ့် ခြေကုန်ဖွင့် ကစားပါလိမ့်မယ်။ အားထားရတဲ့ တိုက်စစ်မှူး မိုဗစ်ဒဏ်ရာရရှိသွားလို့ မပါဝင်နိုင်တော့ပေမယ့် ဒီပွဲမှာ လူငယ်ကစားသမားတွေနဲ့ မန်ယူတို့ ပွဲထွက်လာပါလိမ့်မယ်။ မန်ယူမှာ လူငယ်တွေကို ပွဲထုတ်ဖို့ နည်းပြမော်ရင်ဟို အလေးထားလာတာမို့ အခုပွဲမှာ လက်တွေ့အကောင်အထည်ဖော်ပါလိမ့်မယ်။ မန်ယူအသင်းရဲ့လက်ရှိခြေစွမ်းက ရလဒ်ကောင်းတွေကို ဖော်ထုတ်နိုင်နေပြီး တိုက်စစ်ရော၊ ခံစစ်ပါ ဟန်ချက်ညီနေပါတယ်။ မန်ယူတိုက်စစ်ဟာ ဂိုးသွင်းနိုင်ရေး ခက်ခဲနေရဆဲဖြစ်ပေမယ့် စိတ်ဓာတ်နဲ့ အားထုတ်မှုအပိုင်းက မြင့်တက်နေတာမို့ ဒီပွဲမှာ ရေကုန်ရေခန်းကစားပါလိမ့်မယ်။ မန်ယူရဲ့ အခုတလော နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ဘဲ အန်ဒါလက်ချ်အသင်းကိုပဲ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ရလဒ်ကောင်းကို ရအောင်ဆောင်ကျဉ်းနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ အမှားနည်းလာပြီး ပြိုင်ဘက်တိုက်စစ်ကို အခွင့်အရေးမရအောင်လည်း ဟန့်တားထိန်းချုပ်လာနိုင်တဲ့ မန်ယူခံစစ်ကလည်း ကောင်းမွန်တဲ့ အနေအထားရောက်နေပါတယ်။ နောက်ဆုံးငါးပွဲမှာ နှစ်ဂိုးသာ ပေးထားရတာမို့ လက်ရှိအနေအထားအရ မန်ယူတို့ အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။ ဆဲလ်တာဗီဂိုတို့ကတော့ လောလောဆယ်မှာ ဘက်တစ်နဲ့ ဂျန့်အသင်းတွေကို ဆက်တိုက်အနိုင်မကစားနိုင်ခဲ့တာမို့ ကစားသမားစုဖွဲ့မှုကို ပြန်လည်တည်ဆောက်ရမယ့် အခြေအနေပါပဲ။ ဒါပေမယ့် ဆဲလ်တာဗီဂိုရဲ့ အားသာချက်က အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အနိုင်ကစားနိုင်တာဖြစ်လို့ မန်ယူတို့ အလေးထားကစားမှ ရပါလိမ့်မယ်။ အိမ်ကွင်းမှာ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်တဲ့ စွမ်းရည်ရှိတဲ့ ဆဲလ်တာဗီဂိုကို မန်ယူတို့ အနိမ့်ဆုံး သရေပွဲကစားပြီး ရလဒ်ကောင်းကို ဖော်ထုတ်ပါလိမ့်မယ်။

**အိုင်းယက်နှင့် လိုင်ယွန်**

အခုတလော နှစ်သင်းစလုံး ခြေယိုင်နေပြီး ရှုံးပွဲတွေ ဆက်တိုက်ဖြစ်နေကြပါတယ်။ အင်ဒိုဗင်နဲ့ ရှော်လ်ကေးကို ဆက်တိုက်ရှုံးပွဲကြုံထားတဲ့ အိုင်းယက်ရဲ့ ခြေစွမ်းက အဝေးကွင်းစွမ်းဆောင်မှု အရည်အသွေးကို ပြသနေပါတယ်။ လိုင်ယွန်တို့ကလည်း မိုနာကိုနဲ့ ဘက်ဆီးတက်အသင်းတွေကို ဆက်တိုက်ရှုံးပွဲ ကြုံထားတာမို့ အခုပွဲမှာတော့ အကောင်းဆုံးစုဖွဲ့မှုနဲ့အတူ အိုင်းယက်ကွင်းကို ချီတက်လာပါလိမ့်မယ်။ အိုင်းယက်တိုက်စစ်မှူးတွေဟာ အိမ်ကွင်းမှာဆိုရင် ဂိုးသွင်းစွမ်းရည်မြင့်မားကြပြီး ဂိုးများများလည်း သွင်းယူနိုင်ကြပါတယ်။ ဒါ့အပြင် အိမ်ကွင်းမှာဆိုရင်အိုင်းယက်တို့က ပြိုင်ဘက်အသင်းတွေကို အခက်တွေ့အောင် ကစားပြီး နိုင်ပွဲရအောင် ကြိုးစားနိုင်ကြတာမို့ လိုင်ယွန်တို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ လိုင်ယွန်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပွဲတိုင်းပေးဂိုးများနေတာက အိုင်းယက်တိုက်စစ်မှူးတွေအတွက် အခွင့်အရေးပေးသလို ဖြစ်သွားနိုင်ပါတယ်။ မတည်မငြိမ်ဖြစ်နေတဲ့ လိုင်ယွန်ခြေစွမ်းကြောင့် အိုင်းယက်တို့ရဲ့ စွမ်းဆောင်မှုက အောင်မြင်မှုကို သယ်ဆောင်ပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**



## လက်စတာကိုနိုင်ပြီး စတုတ္ထနေရာအတွက် မျှော်လင့်ချက်ရှိလာတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းဟာ လက်စတာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး စတုတ္ထနေရာရဖို့ မျှော်လင့်ချက်အားကောင်းလာခဲ့ပါတယ်။ ဒီပွဲမှာ ရောဘတ်ဟုသ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး အာဆင်နယ်တို့ အနိုင်ရခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ဒီပွဲအပြီး မန်ယူနောက်မှ သုံးမှတ်၊ စတုတ္ထနေရာမှာရှိနေတဲ့ မန်စီးတီးနောက်မှ လေးမှတ်ကွာပြီးနောက်မှ လိုက်နေပါတယ်။ မန်ချက်စတာ နှစ်သင်းဆုံတွေ့ခဲ့ရင် အမှတ်ကျဆင်းသွားမှာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အကြိမ် ၂၀ ဆက်တိုက် ချန်ပီယံလိဂ်ဝင်ခွင့်နေရာဖြစ်တဲ့ စတုတ္ထနေရာရလိမ့်မယ်လို့ နည်းပြ ဝင်းဂါးက အခိုင်အမာပြောဆိုနေပါတယ်။ အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားမှာလည်း ချယ်လ်ဆီးနဲ့ ဗိုလ်လုပွဲကစားရမယ့်အသင်းဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အာဆင်နယ်အသင်းဟာ စတုတ္ထနေရာရောက်ဖို့ အလားအလာကောင်းနေတဲ့အသင်း ဖြစ်ပါတယ်။





## ခုနစ်နှစ်အကြာမှာ ဘာစီလိုနာအတွက် ပထမဆုံးဂိုးသွင်းတဲ့ မာရှေယာနို

လီဗာပူးကစားသမားဟောင်း မာရှေယာနိုဟာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီး ခုနစ်နှစ်အကြာမှာ ပထမဆုံး ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘာစီလိုနာက အိုဆာဆူနာအသင်းကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲမှာ မာရှေယာနိုက ဘာစီလိုနာအတွက် ပထမဆုံးဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဒီပွဲမှာ မက်ဆီကလည်း နှစ်ဂိုးသွင်းပေးတဲ့အတွက် ဘာစီလိုနာဟာ စပိန်လာလီဂါမှာ ရီးရဲမက်ဒရစ်နဲ့အတူ အမှတ်တူ ဦးဆောင်နေဆဲဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က ဒီပို့တီဗိုကို ခြောက်ဂိုး-နှစ်ဂိုးနဲ့အနိုင်ရခဲ့တဲ့အတွက် ပွဲစဉ် (၃၄)အပြီးမှာ ဘာစီလိုနာနဲ့ အမှတ်တူ ဦးဆောင်နိုင်ခဲ့ပါတယ်။ မက်ဆီဟာ ဘာစီလိုနာအတွက် ဂိုးပေါင်း ၅၀၁ ဂိုးသွင်းယူထားပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ဒီနှစ်ရာသီမှာ ပြိုင်ပွဲအားလုံးအတွက် ၄၉ ဂိုး သွင်းထားသူဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## တန်းဆင်းရဖို့ သေချာသလောက်ရှိနေတဲ့ ဆန်းဒါးလန်း




တန်းဆင်းဇုန်အတွင်း ရောက်နေတဲ့ ဆန်းဒါးလန်းအသင်းဟာ ဒီနှစ်ရာသီမှာ တန်းဆင်းရဖို့ သေချာသလောက်ဖြစ်နေပါပြီ။ တန်းဆင်းဇုန်အတွင်းရုန်းကန်နေရတဲ့ ပြိုင်ဘက်မစ်ဒယ်ဘရော့ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးတဲ့နောက် တန်းဆင်းဖို့ နီးလာပါတယ်။ ဆန်းဒါးလန်းအသင်းဟာ လာမယ့် စနေနေ့မှာတော့ ဘုန်းမောက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အနိုင်ကစားနိုင်ခြင်းမရှိဘူးဆိုရင်တော့ တန်းဆင်းရဖို့ သေချာသွားပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ တန်းဆင်းဇုန်အတွင်းမှာ နေရမှု ၂၃၆ ရက်ရှိသွားပြီလို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ ၂၇ ပွဲမှာ ရမှတ် နှစ်မှတ်ပဲ ရခဲ့တယ်လို့ ဆိုပါတယ်။ ပွဲစဉ် ၃၄ အပြီး ၂၁ မှတ်နဲ့ အောက်ဆုံးမှာ ရှိနေပါတယ်။ လက်ကျန်ပွဲ ငါးပွဲသာ ကစားဖို့ကျန်ပါတော့တယ်။ ပွဲတိုင်း အနိုင်ကစားမယ်ဆိုရင်တောင် ရမှတ် ၁၅ မှတ် ထပ်ရနိုင်ပေမယ့် မလွယ်ပါဘူး။ တန်းဆင်းလွတ်ဖို့ အနည်းဆုံး ၁၂ မှတ်လိုမှာ ဖြစ်ပါတယ်။

# စလင်းမြို့ ကုသိနာရာမရွှေပြည်အေးဘုရားပွဲ စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**စလင်း မေ ၂၈**
မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ကုသိနာရာမ ရွှေပြည်အေးဘုရားပွဲတော်ကြီး အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက်က ဘုရားအာရုံခံတန်ဆောင်း၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးကုမာရနှင့် ဩဝါဒါစရိယဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး ဆရာတော်က ဩဝါဒမိန့်ကြားကာ ဘုရားဂေါပကဥက္ကဋ္ဌ ဦးအေးဟန်ချိုက ယခုနှစ် ဘုရားပွဲတော်ကို မေ ၁၀ ရက်မှ ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ကာ ဆိုင်ခန်းပေါင်း ၄၀၀ ကျော် ဆောက်လုပ်ထားကြောင်း၊ ဘုရားပွဲတော်ရက်အတွင်း ပဋ္ဌာန်းပွဲများပြုလုပ်၍ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်နှင့်အတူ သံဃာတော်များအား ဆွမ်းသပိတ်လောင်းလှူမည်ဖြစ်ကြောင်း စသည်တို့ကို ဆွေးနွေးကာ တာဝန်ရှိသူများကလည်း ပွဲတော်စည်ကားသိုက်မြိုက်ရေး၊ မှုခင်းဖြစ်ပွားမှုမရှိစေရေး၊ မီးဘေးလုံခြုံရေး၊ သန့်ရှင်းရေး စသည့်အစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆပ်ကပ်ပွဲ၊ နွားလှည်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဇာတ်ကြီးများထည့်သွင်းကပြရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ကုသိနာရာမ ရွှေပြည်အေးဘုရားကြီးသည် နှစ်ပေါင်း ၁၇၅ နှစ်ရှိပြီဖြစ်သော ရှေးဟောင်းဘုရားကြီးဖြစ်ပြီး စာရေးဆရာကြီးသိပ္ပံမောင်ဝက အညာဘုရားပွဲအမည်ဖြင့် ခေတ်စမ်းဝတ္ထုရေးခဲ့ဖူးကြောင်း သိရသည်။ ရွှေပြည်အေးဘုရားပွဲတော်သည်လည်း မြန်မာနိုင်ငံ၏ ထင်ရှားသော ဘုရားပွဲတော် ၁၂ ပွဲတွင် တစ်ပွဲအပါအဝင်ဖြစ်ပြီး နှစ်စဉ် မန်းရွှေစက်တော်ဘုရားပွဲအပြီးတွင် ကျင်းပလေ့ရှိသဖြင့် ရွှေစက်တော်ဘုရားပွဲမှဈေးသည်အများစုအနေဖြင့် စလင်း ရွှေပြည်အေးဘုရားပွဲသို့ ဆက်လက်ကူးပြောင်းကာ ရောင်းချလေ့ရှိကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

# သင်္ကြန်အကြိုကာလ ဖမ်းဆီးထားသည့်ယာဉ်များ၏ ယာဉ်မောင်းများအား ယာဉ်စည်းကမ်းအသိပညာပေး

**ဘားအံ မေ ၂၈**
ကရင်ပြည်နယ် ဘားအံမြို့၌ သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖမ်းဆီးထားခဲ့သော စည်းကမ်းပျက်ယာဉ်များ၏ ယာဉ်မောင်းများအား ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ မေ ၂၄ ရက်က ခေါ်ယူတွေ့ဆုံကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးခြင်း၊ ယာဉ်မောင်းသူများ သိရှိလိုက်နာရမည့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအကြောင်း ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကရင်ပြည်နယ် အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ အမှတ်(၇၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးအောင်မြင့်က ယာဉ်စည်းကမ်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောပြီး နောက်နောင်တွင် ယခုကဲ့သို့ မော်တော်ယာဉ်များ ဖမ်းဆီးထိန်းသိမ်း အရေးယူခြင်း မခံရစေရန်အတွက် ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြစေလိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ယာဉ်ဥပဒေများကို ဖောက်ဖျက်မိပါက ကြီးလေးသည့် ပြစ်ဒဏ်များဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို စီးနင်းမောင်းနှင်အသုံးပြုခြင်းများ စီစစ်တွေ့ရှိခဲ့လျှင်လည်း သွင်းကုန်ထုတ်ကုန် ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး မော်တော်ယာဉ်ကို သိမ်းဆည်းခံရမည့်အပြင် ယာဉ်နှင့်စပ်ဆိုင်သူပါ ထောင်ကျမည်ဖြစ်၍ မှတ်ပုံတင်မဲ့ယာဉ်များ စီးနင်းမောင်းနှင်အသုံးမပြုကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်္ကြန်အကြိုကာလတွင် ဖမ်းဆီးထိန်းသိမ်းထားသည့် မော်တော်ယာဉ်များအနက် ယာဉ်နှင့်ပတ်သက်သည့်အထောက်အထား အစုံအလင် တင်ပြနိုင်သည့် ယာဉ်ပိုင်ရှင်များအား ပြန်လည်အပ်နှံပေးခဲ့ရာ မေ ၂၄ ရက်တွင် ယာဉ် ၁၈ စီးကို မူလယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများထံ ပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း သိရသည်။ ဖမ်းဆီးထားခဲ့သော ကျန်ရှိမော်တော်ယာဉ်များကိုလည်း ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားများဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ထားသည်။
**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရေပြတ်လပ်သည့် ရပ်ကွက်နှင့် ကျေးရွာများသို့ သောက်ရေသန့်များလိုက်လံလှူဒါန်း



**ကော့သောင်း မေ ၂၈**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲကြုံတွေ့ရလျက်ရှိသည့် ကျေးရွာနှင့် ရပ်ကွက်များမှ ပြည်သူများအတွက် သောက်သုံးရေများကို ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များက မေ ၂၆ ရက်တွင် လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ကော့သောင်းခရိုင်အတွင်း အပူချိန် မြင့်တက်လာခြင်းကြောင့် ကျေးရွာတချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်စပြုလာပြီး သောက်သုံးရေအခက်တွေ့လျက်ရှိကာ ခမောက်ကြီးမြို့ပေါ် အမှတ်(၁)၊ (၃)နှင့် (၄)ရပ်ကွက်များတွင်လည်း သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဦးနေထွန်း ဦးဆောင်သည့် ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များက ၂၀ လီတာဝင် သောက်ရေသန့်ဘူးကြီး ၁၅၆ ဘူးနှင့် တစ်လီတာဝင် သောက်ရေသန့်ဘူးသေး ဒါဇင် ၂၀ တို့ကို ရပ်ကွက်နှင့် ကျေးရွာများသို့ လိုက်လံဝေငှ လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# ရှေ့မှစီးနေသော ဆိုင်ကယ်ကို နောက်ယာဉ်ကဝင်တိုက်မိ၍ ဆိုင်ကယ်စီးသူသေဆုံး

**ဆားလင်းကြီး မေ ၂၈**
ဆားလင်းကြီးမြို့နယ် ဖောင်းကတာ(တ)ကျေးရွာ တောင်ဘက်အဝင်၌ မေ ၂၆ရက်က ရှေ့မှစီးနေသော ဆိုင်ကယ်အား နောက်ယာဉ်ကဝင်တိုက်မိ၍ ဆိုင်ကယ်စီးနင်းသူ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားလင်းကြီး-ညောင်ကြီးသွား ကားလမ်းအတိုင်း ညောင်ပင်ကြီးဘက်မှ ဆားလင်းကြီးဘက်သို့ ယာဉ်မောင်း ကိုမြင့်ဇော်(၃၄နှစ်)ခွန်သာကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူ မောင်းနှင်လာသော MDY-7M/---- မော်တော်ယာဉ်သည် ရှေ့မှ မဟန်နီဝင်း (၂၃နှစ်) သတ္တဗေဒကျောင်းသူ ဖောင်း ကတာကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူ မောင်းနှင်လာသော ၁၉/ယ---- ဆိုင်ကယ်အား နောက်မှအရှိန်ဖြင့် ဝင်တိုက်မိရာ ဆိုင်ကယ်စီးနင်းသူ မဟန်နီဝင်းမှာ နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုပေါ့ဆစွာ မောင်းနှင်သူ ကိုမြင့်ဇော်အား ဆားလင်းကြီး မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ဦးငယ်(ဆားလင်းကြီး)**

# တောင်ကုတ်-သံတွဲ ကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

**တောင်ကုတ် မေ ၂၈**
တောင်ကုတ်-သံတွဲကားလမ်း တောင်ကုတ်မြို့နယ် မုတ်ကျေးရွာအနီး၌ မေ ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကုတ်မှ သံတွဲဘက်သို့ ယာဉ်မောင်းဦးသန်းရွှေ မောင်းနှင်လာသော တေပါကား (မြေသယ်ယာဉ်)နှင့်သံတွဲမှ တောင်ကုတ်ဘက်သို့ သန်းစိုးမောင်းနှင်လာသော ဆိုင်ကယ်တို့တိုက်မိရာ ဆိုင်ကယ်မောင်းနှင်လာသူ သန်းစိုးမှာ ဒဏ်ရာရရှိပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ဦးထွန်းထွန်းနိုင် (၂၃ နှစ်)မှာ ဒဏ်ရာဖြင့်နေရာတွင် သေဆုံးခဲ့သည်။ ဆိုင်ကယ်မောင်းနှင်လာသူ သန်းစိုးအား တောင်ကုတ်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးသန်းရွှေအား တောက်ကုတ်မြို့မ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### လင်မယားချင်းရန်ဖြစ်ရာမှ ဇနီးဖြစ်သူက ဓားဖြင့်ခုတ်၍ ခင်ပွန်းဖြစ်သူသေဆုံး

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ် (၁) ရွာသစ်ရပ်တွင် လင်မယားချင်းရန်ဖြစ်ရာမှ ဇနီးဖြစ်သူက ဓားဖြင့်ခုတ်၍ ခင်ပွန်းဖြစ်သူဒဏ်ရာရရှိပြီး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးအောင်သည် မေ ၂၇ ရက်က အမှတ်(၁)ရပ်နေ မထွေးငယ်(ခ)မငယ်နှင့် ၎င်း၏ ခင်ပွန်း ထွန်းခင်မင်း(ခ) ဘိုခိုင် (၃၆နှစ်) တို့စကားများ ရန်ဖြစ်ရာမှ မထွေးငယ်က ခင်ပွန်းဖြစ်သူအား ဓားဖြင့်ခုတ်မှုဖြစ်ပွားကြောင်း မြို့မရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်။

ထို့နောက် ဦးမိုးအောင်သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုရာ ထွန်းခင်မင်း (ခ)ဘိုခိုင်သည် ၎င်း၏နေအိမ်နောက်ခန်းတွင် ဒဏ်ရာ (စိုးရိမ်ရ) ရရှိထားပြီး လဲကျနေသည်ကို တွေ့ရှိရသည်။ အရိုးအသွားပါ နှစ်ပေ တစ်လက်မ၊ ပြက်နှစ်လက်မရှိ ဓားမကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ထွန်းခင်မင်း (ခ) ဘိုခိုင်သည် ရွှေကူပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မထွေးငယ်(ခ) မငယ်အား မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ဆီမီးခုံ-နန်းရီ**

### တရားမဝင် ကျွန်းသစ် ၁၉ လုံးပိုင်ရှင်မဲ့ဖမ်းမိ

ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံရဲကင်းစခန်းအပိုင်နယ်မြေအတွင်း နယ်မြေခံ တပ်ရင်းမှူး ဗိုလ်မှူးလှမင်းထွေး ဦးစီးသည့် တပ်မတော်သားများ မေ ၂၅ ရက်က နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဘူးတောင်ကျေးရွာအနီး တောအတွင်း ၌ တရားမဝင် ကျွန်းသစ်လုံး ဆိုက်စုံ ၁၉ လုံး (အလေးချိန် ၆ ဒသမ ၅၀၆ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကာ အဆိုပါ ကျွန်းသစ်များကို ဗိုလ်မှူးလှမင်းထွေး က မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးပြေလင်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။
**ဦးရဲ(ကသာ)**

### ကားအတွင်းမှပိုက်ဆံအိတ်နှိုက်ယူထွက်ပြေးသူအား ဖမ်းဆီးအရေးယူ

ကျောက်ဆည်မြို့တွင် မေ ၂၆ ရက် နံနက်ပိုင်းက အိမ်စီးလိုက်ထရပ် ကားတစ်စီးအတွင်းမှ ပိုက်ဆံအိတ်တစ်လုံး နှိုက်ယူထွက်ပြေးသွားသူအား ဝိုင်းဝန်းဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ ကျောက်ဆည်မြို့နယ် ညွှန်ပင်ကျေးရွာနေ ဦးသန့်ဇင်သည် ကျောက်ဆည်မြို့ စိန်လက်ဖက်ရည်ဆိုင်ရှေ့တွင် ကားရပ်နားပြီး လက်ဖက်ရည်ဝင်သောက်နေစဉ် အမျိုးသားတစ်ဦးက ကားအတွင်းမှ သုံးခေါက်ချိုးပိုက်ဆံအိတ်တစ်လုံးနှင့် မိန်းမကိုင်လက်ကိုင်အိတ်တစ်လုံးကို နှိုက်ယူထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာ လှည့်ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အနီးရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးခဲ့၍ ပိုက်ဆံအိတ်လုယူထွက်ပြေးသူ သန်းထွန်းအား ဖမ်းဆီးရမိကာ ကျောက်ဆည်မြို့မရဲစခန်း၌ အရေးယူထားကြောင်း သိရသည်။
**သက်မောင်(ကျောက်ဆည်)**

### အင်းတော်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စက်တောကုန်းကျေးရွာ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ မေ ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ စက်တောကုန်းကျေးရွာ ဥသျှစ်ကုန်းကွင်းနေ ဇင်ဦးဆိုသူ၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ မဲဇာကျေးရွာရဲကင်းစခန်းမှူး ရဲအုပ်စိုးလှိုင်နှင့် တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဇင်ဦးနှင့်အတူ သိန်းထိုက်ဆိုသူအား တွေ့ရှိရပြီး ၎င်းတို့ထံမှ ဘိန်းဖြူ အဖြူမှုန့် ၃ ဒသမ ၈ ဂရမ်နှင့် စိတ်ကြွရူးသွပ် ဆေးပြား ၅၄၅ ပြား၊ မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသော ငွေစက္ကူရောရော ကျပ် ၂၃၄၀၀၀ ကို ရှာဖွေတွေ့ရှိရသဖြင့် ဇင်ဦးနှင့် သိန်းထိုက်တို့အား မဲဇာရဲကင်းစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

### တရားမဝင်သယ်ဆောင်လာသော တမလန်းဓားရွှေတုံးများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျွဲတဲကျေးရွာအနီး၌ တမလန်းသစ်ဓားရွှေတုံးများ တရားမဝင်သယ်ဆောင်လာသည့် ကားတစ်စီးကို မေ ၂၆ ရက်က ဖမ်းမိ ခဲ့ကြောင်း သိရသည်။ ကျွန်းလှမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်သင်နှင့် သစ်တောဝန်ထမ်းများ၊ သဖန်းဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရစောင့်ဆိုင်းနေစဉ် ယာဉ်မောင်း ကျော်ဇင် မောင်းနှင်လာသည့် ဟီးနိုးကားကို စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသည့် တမလန်းသစ် ဓားရွှေတုံးငါးတုံး(အလေးချိန် ၀ ဒသမ ၉၆၀၆ တန်)ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ဇင်အား သဖန်းဆိပ်နယ်မြေရဲစခန်း၌ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကျေးလက်ဒေသများတွင် နည်းပညာတတ်ကျွမ်းမှု မြင့်မားလာစေရေးအတွက် နွေရာသီ ဒစ်ဂျစ်တယ်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၈**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများကို ကျေးလက်ဒေသများတွင် တယ်လီနော မြန်မာက ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်နိုင်ရန် စမ်းသပ်ပြင်ဆင်မှုအဖြစ် သီတင်းတစ်ပတ်ကြာ ဆရာဖြစ်သင်တန်းတစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ယင်းဆရာဖြစ်သင်တန်းကို တယ်လီနောမြန်မာက ၎င်းနှင့် လုပ်ငန်းလက်တွဲလုပ်ကိုင်လျက်ရှိသည့် MIDO အဖွဲ့နှင့် ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလင်းအိမ်အိုင်စီတီနည်းပညာဖွံ့ဖြိုးရေးစင်တာ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ ပထမအကြိမ် ဆရာဖြစ်သင်တန်းသို့ တက္ကသိုလ်ပြီးဆုံးပြီးခါစ လူငယ်အများစုပါဝင်သည့် ကယားပြည်နယ်မှ လူငယ် ၁၀ ဦး တက်ရောက်လျက်ရှိပြီး ဒစ်ဂျစ်တယ်နည်းပညာများကို နားလည်တတ်ကျွမ်းမှု ပိုမိုမြင့်မားလာစေရန် သင်တန်းတစ်လျှောက် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆရာဖြစ်သင်တန်းသူ သင်တန်းသားများသည် ကွန်ပျူတာနှင့် စမတ်ဖုန်း အခြေခံကျွမ်းကျင်မှု၊ လူမှုကွန်ရက်မိတ်ဆက်နှင့် ဘေးကင်းသော အင်တာနက်အသုံးပြုမှု စသည်တို့ကိုပါ သင်တန်းတွင် လေ့လာသင်ယူကြရမည်ဖြစ်ကာ သင်တန်းသူ သင်တန်းသားများ၏ အနာဂတ် အလုပ်အကိုင်အခွင့်အလမ်း အထောက်အကူဖြစ်စေရန်အတွက်လည်း အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေသည့်နည်းစနစ်များနှင့် အလုပ်လျှောက်လွှာရေးသားနည်းများကိုပါ လမ်းညွှန်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းသူ သင်တန်းသားများသည် သင်တန်းပြီးဆုံးပါက အောင်မြင်ပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ရရှိကြမည်ဖြစ်ပြီး ကယားပြည်နယ်တွင် မေလအတွင်း ရှေ့ပြေးစမ်းသပ်ဖွင့်လှစ်မည့် ပထမဆုံးအကြိမ် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်း၌ ပါဝင်သင်ကြားပေးကြမည်ဖြစ်သည်။

ဖွင့်လှစ်လျက်ရှိသည့် ဆရာဖြစ်သင်တန်းအတွက် လူငယ်ဆရာများ ခေါ်ယူမှုကို ပြီးခဲ့သည့် မတ်လအစောပိုင်းကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး လူငယ်များ၏ ဒစ်ဂျစ်တယ်နည်းပညာ သိနားလည်မှုနှင့် ပြန်လည်၍ စာသင်ကြားပေးနိုင်မှုအပေါ် မူတည်ရွေးချယ်ထားခြင်း ဖြစ်ကြောင်း၊ သီတင်းတစ်ပတ်ကြာ ဆရာဖြစ်သင်တန်းကို ပြီးမြောက်ပြီးပါက အခြေခံ ကျောင်းသား ကျောင်းသူများအတွက် တစ်လကြာဖွင့်လှစ်ပေးမည့် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းတွင် ပါဝင်သင်ကြားပေးရမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကနေပြီးတော့ ကျောင်းပြီးစလူငယ်တွေ၊ ဒေသခံတွေကို သူတို့ရဲ့အရည်အသွေးတွေ တိုးတက်အောင်နဲ့ လက်တွေ့အတွေ့အကြုံတွေပါ ရရှိစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အခုလို ကျောင်းပိတ်ရက်ကာလမှာ ကျောင်းသူကျောင်းသားတွေကို အခြေခံ ဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင် ကောင်းမွန်စွာအသုံးချတတ်အောင် ကူညီသင်ကြားပေးခြင်းဟာ နောင်တစ်ချိန်မှာ ကိုယ့်ရပ်ရွာတိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ဒစ်ဂျစ်တယ်နည်းပညာ သိနားလည်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်တာဟာ အခြားဒေသတွေရဲ့ ဖွံ့ဖြိုးမှုကို အမီလိုက်နိုင်ဖို့ အထောက်အကူပြုတယ်လို့ တယ်လီနောအနေနဲ့ အခိုင်အမာယုံကြည်ထားပါတယ်"ဟု တယ်လီနောမြန်မာမှ တာဝန်ရှိသူ ဦးမင်းသူက ပြောကြားသည်။




တယ်လီနောမြန်မာအနေဖြင့် မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ်နည်းပညာများ နားလည်တတ်ကျွမ်းမှု မြင့်မားလာရန်အတွက် တယ်လီနော၏ အလင်းအိမ်စင်တာများမှတစ်ဆင့်လည်း တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ကာ အလင်းအိမ်စင်တာများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုနှင့် နေပြည်တော်တို့တွင် လူမှုအကျိုးပြုဆောင်ရွက်လျက်ရှိသည်။ အလင်းအိမ်စင်တာများကို ဒေသခံ လုပ်ငန်းရှင်များက ဦးစီးဆောင်ရွက်ပြီး ပြည်သူများအတွက် အကျိုးရှိစေမည့် အလင်းအိမ်စင်တာများ မည်သို့မည်ပုံ လည်ပတ်အောင် ဆောင်ရွက်နိုင်မည်ကို ဒေသခံလုပ်ငန်းရှင်များအား တယ်လီနောနှင့် MIDO တို့က လေ့ကျင့်သင်ကြားပေးကာ ၂၀၁၈ ခုနှစ် မကုန်မီတွင် အလင်းအိမ်စင်တာပေါင်း ၂၀၀ အထိ ဖွင့်လှစ်သွားနိုင်ရန် တယ်လီနောမှ ရည်မှန်းထားကြောင်း သိရသည်။

**သူရဖြိုး**


---

## ဗြိတိသျှကောင်စီနှင့် University of Sheffield တို့ ပူးပေါင်းစီစဉ်ထားသည့် အွန်လိုင်းသင်တန်း ဖွင့်မည်

**ရန်ကုန် ဧပြီ ၂၈**

လုပ်ငန်းခွင်များသို့ စတင်ဝင်ရောက်မည့်သူများအနေဖြင့် လုပ်ငန်းခွင်တွင် ထူးချွန်အောင်မြင်အောင် လုပ်ဆောင်သင့်သည့်အချက်များကို သိရှိစေရန် ရည်ရွယ်၍ How to Succeed in the Global Workplace အခမဲ့ အွန်လိုင်းသင်တန်းကို ဗြိတိသျှကောင်စီနှင့် University of Sheffield တို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်လုပ်ကိုင်သည့် ရက်သတ္တပတ်များအတွင်း မိမိ၏လုပ်ငန်းခွင်ဘဝကို အပြုသဘောဆောင်သည့် ခြေလှမ်းများဖြင့် လျှောက်လှမ်းနိုင်ရန် လုပ်ဆောင်ဖွယ်ရာများကို ဆောင်းပါးများ၊ ဗီဒီယိုများ၊ interactive mat erial များ၊ ဆွေးနွေးဖလှယ်မှုများ၊ လေ့ကျင့်ခန်းများနှင့် ဉာဏ်စမ်းများ စသည့် အစီအစဉ်များဖြင့် သင်ကြားပေးသွားမည်ဖြစ်ကာ လက်တွေ့အသုံးချနိုင်မည့် လမ်းညွှန်ချက်များစွာ ပါဝင်မည်ဖြစ်သောကြောင့် လုပ်ငန်းခွင်တွင်ပြန်လည်အသုံးချရန် များစွာသင့်တော်သည့် အကြံဉာဏ်များလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ How to Succeed in the Global Workplace အခမဲ့အွန်လိုင်းသင်တန်းသို့ အင်္ဂလိပ်ဘာသာ in-termediate level ရှိပြီး အင်တာနက်ကွန်နက်ရှင်ရှိသည့်နေရာမှ မည်သူမဆို အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကာ သင်တန်းတွင် သင်ကြားပို့ချမည့်အချက်များကို မိုဘိုင်းဖုန်းများဖြင့်လည်း လွယ်ကူစွာလက်ခံရယူ၍ သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://www.futurelearn.com/courses/global-workplace တွင် ဝင်ရောက် စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## အူရီဒူး 4G ဟန်းဆက်ကို အထူးအစီအစဉ်များဖြင့် ရောင်းချ

**ရန်ကုန် ဧပြီ ၂၈**

အူရီဒူးမြန်မာနှင့် New China Great Wall ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းထုတ်လုပ်ထားသည့် ဈေးနှုန်းသက်သာပြီး 4G အင်တာနက်ကို ထောက်ပံ့ပေးနိုင်သော အူရီဒူး Smart 12 4G Lux Star ဟန်းဆက်ကို ပရိုမိုးရှင်းအစီအစဉ်များနှင့်အတူ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူး Smart 12 4G Lux Star ဟန်းဆက်၏ တန်ဖိုးမှာ ၁၁၉၉၉၉ ကျပ်ဖြစ်ပြီး မျက်နှာပြင်အကျယ်မှာ ၅ ဒသမ ၅ လက်မရှိကာ အန်းဒရွိုက်ဗားရှင်း ၅ ဒသမ ၁ ကို အသုံးပြုထားသည်။ Quad-core CPU, RAM 1GB နှင့် အင်တာနယ်မင်မိုရီ 8GB ပါဝင်ပြီး ကင်မရာပိုင်းတွင် ၁၃ မဂ္ဂါပစ်ဇယ် နောက်ကင်မရာနှင့် ၈မဂ္ဂါပစ်ဇယ် ရှေ့ကင်မရာတို့ ပါဝင်သည်။ ဘက်ထရီပိုင်းတွင် 2500mAh ဘက်ထရီကို အသုံးပြုထားသည်။ အဆိုပါဟန်းဆက်ကို ဝယ်ယူသူများအနေဖြင့် အူရီဒူးဆင်းကတ် လက်ဆောင်နှင့်အတူ တစ်လတစ်ခါ ကျပ် ၅၀၀၀ ငွေဖြည့်သွင်းခြင်းဖြင့် လစဉ်ဘောနပ်စ် ကျပ်တစ်သောင်းကို ၁၂ လတိတိ လက်ဆောင်ရရှိမည့်အပြင် nonstick cooking set သုံးမျိုးပါ တစ်စုံကိုလည်း ပရိုမိုးရှင်းကာလအတွင်း ထပ်မံလက်ဆောင်ရရှိမည်ဖြစ်ကြောင်း သိရသည်။ 4G ကွန်ရက်ကို အတွေ့အကြုံ ရယူအသုံးပြုလိုသူများအနေဖြင့် အဆိုပါ Smart 12 4G Lux Star ဟန်းဆက်ဖြင့် မြန်ဆန်သော အင်တာနက်သုံးစွဲမှု အတွေ့အကြုံကို ရရှိစေမည်ဖြစ်ကြောင်း၊ အူရီဒူး Smart 12 4G Lux Star ဟန်းဆက် ပရိုမိုးရှင်းကို ဧပြီ ၂၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အူရီဒူးအမှတ်တံဆိပ် အရောင်းဆိုင်များနှင့် အဆိုပါပရိုမိုးရှင်း ကြော်ငြာကပ်ထားသော ဟန်းဆက်အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ပရိုမိုးရှင်းကာလကို လက်ဆောင်ပစ္စည်းများ လက်ကျန်ရှိသည်အထိသာ သတ်မှတ်ထားကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

---

New Product

# ဈေးကွက်ထဲမရောက်မီ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ Xiaomi ရဲ့စမတ်ဖုန်းမော်ဒယ်သစ် Mi6

Xiaomi ရဲ့နောက်ဆုံးထွက် စမတ်ဖုန်းသစ်ဖြစ်တဲ့ Mi6 ကို ဧပြီ ၁၉ ရက်က နိုင်ငံတကာမှာ စတင်ပြသခဲ့ပြီးနောက် ပြည်တွင်းဈေးကွက်ကို ဘယ်အချိန်ရောက်မယ်ဆိုတာ မသိရသေးပေမယ့် မြင့်မားတဲ့နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေ ပါဝင်တာကြောင့် ပြည်တွင်းက Xiaomi ဖုန်းအသုံးပြုနေသူများအပါအဝင် ဖုန်းသုံးစွဲသူများက ကြိုတင်စိတ်ဝင်စားနေပါတယ်။

Xiaomi Mi6 ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၁၅ လက်မရှိလို့ အရွယ်အစားအနေနဲ့ အလတ်စားလောက်ဖြစ်ပါတယ်။ Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်းအထူးကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် 7.1.1(Nougat)ကို အသုံးပြုထားပြီး UI က MiUI 8 ဖြစ်ပါတယ်။ Octa-core CPU နဲ့ RAM 6GB ပါဝင်ပြီး အင်တာနယ်မင်မိုရီက 64GB နဲ့ 128GB လို့ နှစ်မျိုးထွက်ပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးစရာ အပေါက်မပါဝင်လို့ ဖုန်းမင်မိုရီကိုပဲ အသုံးပြုရမှာဖြစ်ပါတယ်။ နက်ဝပ်အနေနဲ့တော့ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး အင်တာနက်အတွက် 3G နဲ့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

ထူးခြားချက်တွေအနေနဲ့ ဓာတ်ပုံ၊ ဗီဒီယိုတွေကို အထူးကောင်းမွန်အောင် အဆင့်မြှင့်တင်ထားတဲ့ လုပ်ဆောင်ချက်တွေပါဝင်တဲ့ ၁၂ မဂ္ဂါပစ်ဇယ် Dual ကင်မရာ၊ ဘေးဘောင်တွေကို စတီးလ်နဲ့ပြုလုပ်ထားခြင်း၊ ရှေ့ဘက် Home ခလုတ်နေရာမှာ ထည့်ထားတဲ့ Finger Print Sensor၊ နားကြပ်ပေါက်သီးသန့်မပါတော့ဘဲ နားကြပ်သုံးမယ်ဆိုရင် USB ပေါက်ကနေ အသုံးပြုရခြင်း စတဲ့ အချက်တွေ ပါဝင်ပါတယ်။ ကိုယ်ထည်ပိုင်းမှာလည်း 3D Curved Glass နဲ့ Ceramic လို့ ပုံစံနှစ်မျိုးခွဲထုတ်ထားပါတယ်။ ဘက်ထရီပိုင်းမှာတော့ Li-Po 3350 mAh ဘက်ထရီပါဝင်ပြီး အလျင်အမြန်အားပြည့်စေတဲ့ Quick Charge 3.0 နည်းပညာ အသုံးပြုထားပါတယ်။

Xiaomi Mi6 ကို နိုင်ငံတကာဈေးကွက်မှာ ဧပြီ ၂၈ ရက်မှာ စတင်ရောင်းချမယ်လို့ ကြေညာထားပြီး မြန်မာနိုင်ငံထဲကို ရောက်လာနိုင်မယ့်ရက်နဲ့ ဈေးနှုန်းအတိအကျကိုတော့ မသိရသေးပါဘူး။

**သူရဖြိုး**



# မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပေး



**ကျောက်ပန်းတောင်း မေ ၂၈**
မေ ၅ ရက်တွင်ကျရောက်မည့် (၇၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ကျောက်ပန်းတောင်းမြို့ ကားလမ်းမကြီးများဘေးရှိသစ်ပင်များမှ လမ်းနှင့်မလွတ်သောသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို မေ ၂၄ ရက်နှင့် ၂၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများ ဘေးဝဲယာရှိ သစ်ပင်များမှ သစ်ကိုင်းများမှာ လမ်းပေါ်သို့ ကျော်လွန်ရောက်ရှိနေသည်များရှိသလို ရာသီဥတုဒဏ်ကြောင့် သစ်ကိုင်းကျိုးပဲ့ကျမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည့်အတွက် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံစွာ သွားလာနိုင်စေရန် ရည်ရွယ်၍ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ကားလမ်းဘေး သစ်ပင်များမှ သစ်ကိုင်းခြောက်များကို ခုတ်ထွင်ရှင်းလင်း ဖယ်ရှားပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က မေလ ၅ ရက်နေ့မှာ ကျရောက်မယ့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်တာပါ။ ရာသီဥတုအခြေအနေကလည်း လေ၊ မိုး ဆင်တတ်တဲ့အချိန် ဖြစ်နေတော့ ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံမှုရှိအောင် လိုအပ်မယ်ထင်တဲ့ နေရာတွေကို ရှာဖွေခုတ်ထွင် ရှင်းလင်းပေးတာပါ။ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်လေးရပ်ထဲက စတုတ္ထမြောက်ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ရဲကျော်စွာအောင်ကျော်ဝင်းက ပြောသည်။

အဆိုပါ သစ်ပင်၊ သစ်ကိုင်းခြောက်များ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး အပါအဝင် သန္ဓေမီးတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ စုစုပေါင်းအင်အား ၅၀ ဦးဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ကျောက်ပန်းတောင်း-ပုပ္ပားလမ်း၊ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းနှင့် ကျောက်ပန်းတောင်း-ချောက် လမ်းပိုင်းများတွင် လမ်းဘေးဝဲယာရှိ သစ်ပင်များမှ အန္တရာယ်ရှိသော သစ်ကိုင်းခြောက်များကို နှစ်ရက်ကြာ ခုတ်ထွင်ရှင်းလင်း ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။
**နေအောင်(ပြန်/ဆက်)**



## ရထားနှင့်ပတ်သက်သည့် မတော်တဆမှုများနှင့် မှုခင်းများ မဖြစ်ပွားစေရေး ပညာပေးဟောပြော

**လက်ပံတန်း မေ ၂၈**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်း ရန်ကုန်-ပြည် ရထားလမ်း သံလမ်းနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာအုပ်စုများတွင် ရထားနှင့်ထိခိုက်မိသော မတော်တဆမှုများနှင့် ရထားခဲပေါက်ခြင်းစသည့် မှုခင်းများ မဖြစ်ပွားစေရေးအတွက် ကွင်းဆင်းအသိပညာပေး ဟောပြောမှုများကို ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှ တပ်ဖွဲ့ဝင်များက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ မေ ၂၅ ရက်တွင် တာဆုံးကျေးရွာအုပ်စု ခြသေ့်ကုန်းကျေးရွာ၌ ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် အမှတ်(၁၉)ရထားရဲတပ်ခွဲ လက်ပံတန်းမှ တပ်ခွဲမှူး ဒုရဲမှူးဖိုးဆယ် ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား ရထားနှင့် လူ/တိရစ္ဆာန်များ ကြိတ်မိ တိုက်မိသည့် မတော်တဆ ဖြစ်စဉ်များအကြောင်းနှင့် သတိပြုဖွယ်ရာများကိုလည်းကောင်း၊ ရထားခဲပေါက်ခြင်းနှင့် သံလမ်းပေါ် ပစ္စည်းများတင်ခြင်း စသည့်မှုခင်းများ လျော့နည်းကျဆင်းရေးအတွက်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**သန့်ဇော်**



**စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေညောင်တော်ကျေးရွာတွင် ရေရှားပါးလာ၍ ဒေသခံပြည်သူများ သောက်ရေအခက်အခဲ မဖြစ်စေရေးအတွက် ကျပ်လေးသောင်းတန်ဖိုးရှိ သောက်ရေသန့်ဘူးကြီး ၁၀၀ ဘူးကို ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက မေ ၂၅ ရက်က ကျေးရွာအရောက် သွားရောက်လှူဒါန်းစဉ်။**
**နန်းမြင့်(ဝက်လက်)**

## ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံ မွန်ဘာသာစာအုပ် မိတ်ဆက်

**ရေး မေ ၂၈**
မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာရှိ ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံ အကြောင်းများကို မွန်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်မိတ်ဆက်ပွဲကို မေ ၂၅ ရက်က အံဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါစာအုပ်ကို အံဒင်ကျေးရွာ လူငယ်အဖွဲ့က ထုတ်ဝေခြင်းဖြစ်ပြီး မွန်ဘာသာဖြင့်စာအုပ်ကို မေ ၂၅ ရက်မှစ၍ စာအုပ်ရေ ၁၀၀၀ ဖြန့်ချိခြင်းဖြစ်ကြောင်း၊ ထိုစာအုပ်ကို အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် အုပ်ရေ ၁၀၀၀ စီကိုလည်း ၂၀၁၆ ခုနှစ် မတ်လအတွင်းက ပြည်တွင်း၌ ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ကာ ထိုင်းဘာသာဖြင့်စာအုပ်ကိုလည်း ထိုင်းနိုင်ငံ၌ ဖြန့်ချိထားပြီးဖြစ်ကြောင်း သိရသည်။

ဘာသာလေးခုဖြင့် ဖြန့်ချိထားသည့် ထိုစာအုပ်ထဲတွင် ဒေသန္တရစီးပွားရေး၊ ကျေးရွာသမိုင်း၊ ဒီရေတောမျိုးစိတ်များနှင့် ကျေးရွာ၏ ရိုးရာယဉ်ကျေးမှုများ စသည့်အကြောင်းအရာများ ပါရှိကြောင်း သိရသည်။



ဖာလိန်ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော ကွမ်းသီးစိုက်ပျိုးရေး၊ လယ်ယာလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများအကြောင်းနှင့် ဒေသ၏ သဘာဝသယံဇာတများ၊ တန်ဖိုးများကို သိရှိစေရန်အတွက်လည်းကောင်း၊ ရိုးရာဓလေ့ထုံးတမ်း ယဉ်ကျေးမှုသမိုင်းကြောင်းများ ပေါ်လွင်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ရည်ရွယ်၍လည်းကောင်း စာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ကြောင်း အံဒင်ကျေးရွာလူငယ်အဖွဲ့မှ မိနီမာဦးက ပြောသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲတွင် ဒေသခံပြည်သူများ၊ မွန်သံဃာတော်များ၊ မွန်ပြည်နယ်အခြေစိုက် သတင်းဌာနများမှ သတင်းထောက်များနှင့် ထိုင်းနိုင်ငံသတင်းဌာနမှ သတင်းထောက်များပါ တက်ရောက်ခဲ့ကြပြီး စာအုပ်နှင့်ပတ်သက်၍လည်းကောင်း၊ ဖာလိန်ဒေသနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုသည်များကို မေးမြန်းကြကာ စာအုပ်ထုတ်ဝေသူများက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။
**နေမျိုးထွန်း(ရေး)**

## ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**မိုင်းဖြတ် မေ ၂၈**
မိုင်းဖြတ်မြို့နယ် နမ့်နန်းကျေးရွာအုပ်စု နမ့်နန်းကျေးရွာ၌ ဂျာမနီ စီးပွားရေးကော်ပိုရေးရှင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် GIZ အဖွဲ့နှင့် မာလ်တေဆာ အပြည်ပြည်ဆိုင်ရာ လူမှုကူညီရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ တည်ဆောက်ပြီးစီးခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၂၅ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကျိုင်းတုံ)မှ ဒေါက်တာဇော်လင်း၊ ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) ကျိုင်းတုံရုံးမှ အာဟာရနည်းပညာကျွမ်းကျင် ဦးကျော်သူလတ်နှင့် မာလ်တေဆာ အပြည်ပြည်ဆိုင်ရာ လူမှုကူညီထောက်ပံ့ရေးအဖွဲ့(မြန်မာ) ရန်ကုန်မြို့မှ ဌာနေညှိနှိုင်းရေးမှူး ဦးမင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မာ လ်တေဆာ အပြည်ပြည်ဆိုင်ရာ လူမှုကူညီထောက်ပံ့ရေးအဖွဲ့ တာဝန်ရှိသူက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ အမှတ်တရပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ယခုဖွင့်လှစ်သော နမ့်နန်း(အာခါ)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသည် အလျား ၄၁ ပေ၊ အနံ ပေ ၃၀ ရှိပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံသည် အလျား ပေ ၃၀ နှင့် အနံ ၂၅ ပေရှိကာ အာရ်စီကွန်ကရစ် တစ်ထပ် အဆောက်အအုံများဖြစ်ကာ GIZ အဖွဲ့နှင့် မာလ်တေဆာ အပြည်ပြည်ဆိုင်ရာ လူမှုကူညီရေးအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

GIZ အဖွဲ့နှင့် မာလ်တေဆာ အပြည်ပြည်ဆိုင်ရာ လူမှုကူညီရေးအသင်းတို့အနေဖြင့် မိုင်းဖြတ်မြို့နယ်အတွင်း အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအပြင် နမ့်ယွန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို ဆောက်လုပ်ပေးထားသဖြင့် ဒေသခံပြည်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။
**သန်းထွန်းအေး(မိုင်းဖြတ်)**




SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 10 April 2017 To 10 April 2018
MPT
လစဉ် ၃,ဂဂဂ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1GB (၆) လ ရယူပါ။
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

# ဂုဏ်ယူဝမ်းမြောက်ခြင်း






၂၀၁၇ ခုနှစ်အတွက် International Star for Leadership in Quality Award လက်ခံရရှိခဲ့သော Jasmine Palace Hotel, Yangon, Myanmar အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Silver Sky Myanmar Co., Ltd
M.Y ASSOCIATES CO., LTD.
GOLDEN GREEN ENERGY COMPANY LIMITED
BRIGHT TIME
STRONG SOURCE Holding Co., Ltd.

| | | | |
|---|---|---|---|
| U Thaw Oo Lwin (Chairman) | - Royal Golden Power Co., Ltd. | U Min Aung (Vice Chairman) | - Bright Time Trading Co., Ltd. |
| U Mg Mg | - Cherryland Co., Ltd. | U Zaw Win Oo (MD) | - Bright Time Trading Co., Ltd. |
| U Ni Aung Khaing Myint (MD) | - Silver Sky Myanmar Co., Ltd. | U Khine Oo (CEO) | - Golden Green Energy Co., Ltd. |
| U Htin Aung Kyaw | - Golden Cougar Co., Ltd. | U Hla Htun Oo (MD) | - Shwe Ni Oo Construction & Engineering Co., Ltd. |
| U Aung Hla Han (MD) | - Myanmar Sports Management Group Co., Ltd. | U Kyaw Khin (MD) | - Deco-Land Co., Ltd. |
| U Min Lwin (MD) | - Faith Family Co., Ltd. | U Nyi Nyi Soe (MD) | - Mya Sanndaku Trading Co., Ltd. |
| U Shwe Thwin (MD) | - Thetmyatnoe Int'l Co., Ltd. | U Ye Htut (CEO) | - Gold Cement Co., Ltd. |
| U Aung Thwin Kyaw (MD) | - MSL Trading Co., Ltd. | | - Y.H.O Co., Ltd. |
| U Maung Maung Aung (MD) | - Viking Maring Products | | - M.Y Associates Co., Ltd. |
| U Soe Hlaing Oo | - ရွှေ – အာဟာရ | U Sai Tun Myint (Director) | - ASPIDN Construction & Trading Co., Ltd. |
| U Soe Naing (MD) | - Strong Source Holding Co., Ltd. | U Soe Ngwe (Director) | - Oceanfront Traders Co., Ltd. |
| U Kyi Win (MD) | - Zaw Myo Htet Co., Ltd. | U Khin Maung Tint | - Permanent Secretary (Retired). Ministry of Industry |
| U Tin Aung (Director) | - Zaw Myo Htet Co., Ltd. | သားကြီး(ခ) ကျော်ခင်လတ် (CEO) | - Sein Ma Ma Trading Co., Ltd. |
| U Win Thaw (MD) | - Myanmar Leading Engineering & Construction Co.,Ltd | B.B.G Golfer Group | |

**ဆုံသစ္စာ**
ခရီးစဉ်/ဝေးလံသွားလာမည့်ခရီးသည်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph : 0973174066
095504667

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**
ယာဉ်အမှတ် ၁၃ယ/၇၇၄၈၈ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၁၀/ကမရ(နိုင်) ၁၂၅၁၂၈ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့




Since 1996
**ပုလဲ**
(သူငယ်တန်းမှ ၁၀တန်း)
**ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**
မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ်
အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ
(၈)တန်းအစိုးရစစ်အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉)တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀)တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၈၈၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂





# Open your own Gakken Classroom Learning Centre




**We are looking for people who are passionate about education**

*Please contact us if you are:*
- keen to contribute your local community
- looking for a good education for your child
- owning enough space to run your learning centre
- interested in Maths instruction

Gakken Classroom's instructors have flexibility to fit your work around family.

**The largest market share in the Japanese after-school learning industry where children learn primary maths**

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.

**Orientation**

Date : 30th (Sun) April and 7th (Sun) May 2017
Time : 11:00 AM sharp (2hours)
Place : #406, 4th Floor, Hledan Centre
Phone : 01-2307803/ 09-4444 55803/ 09-979682785
Fee : Free

Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.

Fundamental Academic Abilities & Logical Thinking Skills
Gakken
Maths/Science

Find us on Facebook >> Gakken Classroom Myanmar



The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊
အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

Back @ MCC

FOOD & HOTEL 2017
Myanmar

**7- 9 JUNE 2017**

**Myanmar Convention Centre (MCC)**
**Yangon** (10.00 -18.00 Hrs.)

Including: MCAC 2017, MNBC 2017




Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

Supported by: ... MFPEA, FoSTA ... Endorsed by: ... Organised by: UBM



FAME

အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ ပတ်သက်လို့
ဗဟုသုတရရှိစေဖို့ လာလည်လို့ရပါပြီ...

# FAME Organic Pharming Project

ဧည့်သည်များအတွက် လေ့လာပြသခြင်းအစီအစဉ်
**2 Hours Guided Tour Programme**

နေ့စဉ် – နံနက် (၉:၀၀) နာရီတွင် တစ်ကြိမ်
– နေ့လည် (၁:၀၀) နာရီတွင် တစ်ကြိမ် ] တစ်နေ့လျှင်နှစ်ကြိမ်

ပိတ်ရက်မရှိ

၂၀၁၇ခုနှစ်၊ မေလ (၁) ရက်နေ့မှ စတင်ကာ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူမည်သူမဆို လာရောက်လေ့လာနိုင်ပါကြောင်း နွေးထွေးလှိုက်လှဲစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၇၀၆)၊ ကျွဲနွားထောက်ကျေးရွာ၊ အနီးစခန်းဘုတာလမ်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
**Ph : 09-793 877 207**, www.famepharma.com, FAME Pharmaceuticals

# မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မိမိတို့နိုင်ငံအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို Geo-stationary ပတ်လမ်း Indian Ocean Region (IOR) 60 Degree East တည်နေရာတွင်ရှိသည့် Intelsat V ဂြိုဟ်တုကိုအသုံးပြုပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးနှင့် TV receiving တို့အတွက် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က စတင်အသုံးပြု

*စာမျက်နှာ ၅ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# မြန်မာလူငယ်အသင်းများနှင့် အင်တာမီလန် လူငယ်အသင်းတို့ ခြေစမ်းပွဲကစားရန် စီစဉ်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် မေ ၂၈**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာလူငယ်အသင်းများသည် အီတလီကလပ် အင်တာမီလန်လူငယ်အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အင်တာမီလန်အသင်း တာဝန်ရှိသူများသည် ယင်းခြေစမ်းပွဲများအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာမီသတင်းထုတ်ပြန်နိုင်ဖွယ် ရှိနေသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းတို့အား ရွေးချယ်ထားပြီး ဩဂုတ်လတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နှစ်ဖက်ညှိနှိုင်းမှုများအရ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားဖြစ်ရန် သေချာသလောက်ရှိနေပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် အင်တာမီလန် လူငယ်



မြန်မာ ယူ-၂၂ အသင်းတိုက်စစ်မှူး အောင်သူ

အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာ ယူ-၁၈ အသင်းမှာလည်း အာဆီယံ ယူ-၁၈ ပြိုင်ပွဲမယှဉ်ပြိုင်မီ တစ်လအလိုတွင်

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻

**ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ**

စာ » ၆



# ဧရာဝတီမြစ်အထက်ပိုင်း မြင့်တက်ခဲ့သောမြစ်ရေများ လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်

**နေပြည်တော် မေ ၂၈**

ဧရာဝတီမြစ်ရေသည် မေ ၂၅ ရက်မှ ၂၇ ရက်အတွင်း မြစ်ကြီးနားမြို့၌ ၁၀ ပေခန့် မြင့်တက်ခဲ့ပြီး၊ မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ လေးပေခန့် ပြန်လည်ကျဆင်းခဲ့သည်။ အဆိုပါ မြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် မေ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်အတွင်း ခုနစ်ပေခွဲမှ ကိုးပေခန့်၊ တစ်ရက်အတွင်း သပိတ်ကျင်းမြို့တွင် သုံးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့်စီ အသီးသီးမြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း ရွှေကူမြို့တွင် နှစ်ပေခန့်၊ နောက်တစ်ရက်မှ ငါးရက်အတွင်း ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ခြောက်ပေခန့်၊ နောက်နှစ်ရက်မှ ၁၀ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေမြင့်တက်လာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

